# အာဏာရှင်စနစ်မှ

# ဒီမိုကရေစီစနစ်သို့

ကိုဝမ်း–မြန်မာပြန်ဆိုသည်

FROM DICTATORSHIP

TO DEMOCRACY

BY GENE SHARP



## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၉ ဧပြီလ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၇၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ချယ်ရီမေ
ကွန်ပျူတာ - ချယ်ရီမေ
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးတင်ရွှေအောင်(၀၁၃၃၇)
သုံးလောကစာပေ၊ အမှတ်(၂၁)အေ၊
မြင့်မိုရ်လမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊
အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းဦး(မြ-၀၀၄၅၉)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကိုဝမ်း-မြန်မာပြန်ဆိုသည်။ ၃၉၈.၂
အာဘာဘွင်နေစ်မှ ဒီနိုကာနေရှီစနစ်သို့ / ကိုဝမ်း။
ရန်ကုန်၊
သုံးလောကစာပေ၊ ပထမအကြိမ်၊ ၂၀၁၉။
၁၄၄-စာ၊ ၁၂ x ၁၈ စင်တီ

# FROM DICTATORSHIP TO DEMOCRACY

BY GENE SHARP

# အာဏာရှင်စနစ်မှ

# ဒီမိုကရေစီစနစ်သို့

ထိုဝမ်း – မြန်မာပြန်ဆိုသည်

# မာတိကာ


၁။ အခန်း(၁)

အာဏာရှင်စနစ်ကို လက်တွေ့ကျကျရင်ဆိုင်ခြင်း ၁၁

- ဆက်လက်ဖြစ်ပွားနေသော ပြဿနာတစ်ရပ်
- အကြမ်းဖက်သော လွတ်မြောက်ရေးလုပ်ရပ်ကရော
- အာဏာသိမ်းမှု ရွေးကောက်ပွဲ နိုင်ငံခြားမှ ကယ်တင်ရှင်
- ခက်ခဲသော အမှန်တရားကို ရင်ဆိုင်ခြင်း

၂။ အခန်း(၂)

တွေ့ဆုံဆွေးနွေးရေး၏အန္တရာယ်များ ၂၀

- ရလဒ်ကောင်းနှင့် အကန့်အသတ်ရှိသော ဆွေးနွေးမှု
- တွေ့ဆုံဆွေးနွေးမှု၌ လက်နက်ချတာလား
- အာဏာနှင့် တရားစီရင်ရေးများကို ဆွေးနွေးခြင်း
- သဘောတူညီချက် ရယူနိုင်သော အာဏာရှင်များ
- ဘယ်လိုငြိမ်းချမ်းရေးမျိုးလဲ
- မျှော်လင့်ချက်အတွက် အကြောင်းပြချက်များ

၃။ အခန်း(၃)
အထာကို ဘယ်တော့ရမှာလဲ ၄၃
- ပျောက်သခင်ပုံပြင်
- နိုင်ငံရေးစွမ်းအား၏ အခြေခံလိုအပ်ချက်
- ဒီမိုကရေစီအင်အားစု၏ယိုချက်များ

၄။ အခန်း(၄)
အထာရှင်စနစ်တွင် အားနည်းချက်ရှိသည် ၅၆
- အာခီလီ၏ဖနောင့် (Achilles'heel)ပုံပြင်
- အထာရှင်၏အားနည်းချက်များ
- အထာရှင်၏ အားနည်းချက်ကို တိုက်ခိုက်ခြင်း

၅။ အခန်း(၅)
အထာကို လေ့ကျင့်ပျိုးထောင်ခြင်း ၆၃
- အကြမ်းမဖက်သော တော်လှန်ရေးလုပ်ငန်းများ
- အကြမ်းမဖက်သော ဉာဏ်နက်နှင့် စည်းကမ်း
- ပွင့်လင်းမြင်သာမှု လျှို့ဝှက်မှုနှင့် အဆင့်မြှင့်ခြင်း
- စွမ်းအားဆက်ဆံရေးအလှည့်ကျပြုလုပ်ခြင်း
- ပြောင်းလဲခြင်းယန္တရားဆိုင်ရာ မူ ၄ ချက်
- အတိုက်အခံ နိုင်ငံရေးအင်အားစုအတွင်း ဒီမိုကရေစီစနစ်ကျင့်သုံးရေး
- အမျိုးအမည်များစွာပါဝင်သောအကြမ်းမဖက်သည့်တိုက်ပွဲဝင်မှု

၆။ အခန်း(၆)
မဟာဗျူဟာစီမံကိန်းအတွက် လိုအပ်ချက် ၇၈
- လက်တွေ့စီမံကိန်း
- စီမံကိန်းစနစ်၏အောက်အခြေ
- မဟာဗျူဟာစီမံကိန်း၏အရေးပါသော ၄-ချက်

၇။ အခန်း(၇)
မဟာဗျူဟာကို စီမံကိန်းချဆောင်ရွက်ခြင်း ၉၂
- ရွေးချယ်ခြင်းအဓိပ္ပာယ်
- ဒီမိုကရေစီအတွက် စီမံကိန်းချခြင်း
- ပြည်ပအထောက်အပံ့
- ကြီးမားသောမဟာဗျူဟာကို ပုံစံချခြင်း
- လှုပ်ရှားမှုမဟာဗျူဟာကို စီမံခြင်း
- မပူးပေါင်းသောအယူအဆကို ပျံ့နှံ့စေခြင်း
- ဖိနှိပ်မှုနှင့် တန်ပြန်ဆောင်ရွက်ခြင်း
- မဟာဗျူဟာစီမံကိန်းကိုစောင့်ထိန်းခြင်း

၈။ အခန်း(၈)
နိုင်ငံရေးတိုက်ပွဲဝင်မှုကို အကောင်အထည်ဖော်ခြင်း ၁၁၄
- ရွေးချယ်ထားသော တော်လှန်မှု
- အထင်ကရစိန်ခေါ်မှု

- တာဝန်များကို ဖြန့်ကျက်ခြင်း
- အာဏာရှင်၏တန်ခိုးကြောင်းကို ရည်ရွယ်ပစ်မှတ်ထားခြင်း
- မဟာဗျူဟာကို အလှည့်ကျ အကောင်အထည်ဖော်ခြင်း

၉။ အခန်း(၉)
အာဏာရှင်စနစ်အား အလုံးစုံဖျက်သိမ်းပစ်ခြင်း ၁၂၄
- လွတ်လပ်မှုအရှိန်အဟုန်မြှင့်တင်ခြင်း
- အာဏာရှင်စနစ်ကို ချေမှုန်းပစ်ခြင်း
- အောင်ပွဲတာဝန်ကို ကိုင်တွယ်ခြင်း

၁၀။ အခန်း(၁၀)
ခိုင်မြဲသောဒီမိုကရေစီအတွက်အခြေခံအုတ်မြစ် ၁၃၅
- အာဏာရှင်စနစ်သစ်ခြိမ်းခြောက်မှု
- အာဏာသိမ်းခြင်းကို ပိတ်ဆို့ဟန့်တားခြင်း
- ဖွဲ့စည်းပုံကြမ်းရေးဆွဲရေး
- ဒီမိုကရေစီနည်းကျ ကာကွယ်ရေးစနစ်
- ချီးမွမ်းထိုက်သောတာဝန်ထမ်းဆောင်မှု

# မှုရင်းစာရေးသူ၏အမှာ

လွန်ခဲ့သော နှစ်များစွာ ကျွန်တော်တွေးတောနေမိခဲ့သည်မှာ အာဏာရှင်စနစ်ကို ဘယ်လိုကာကွယ်နိုင်မလဲ၊ ဖျက်ဆီးပစ်နိုင်မလဲ ဟူ၍ပဲဖြစ်သည်။ ဒါကလည်း လူသားတွေကို အာဏာရှင်အစိုးရတွေက အနိုင်ကျင့် လွှမ်းမိုးတာ ဖျက်ဆီးပစ်သင့်ဆိုသော ယုံကြည်ချက်ကြောင့်ပဲဖြစ်သည်။ လွန်ခဲ့သောနှစ်အနည်းငယ်အတွင်း၌ နာဇီအာဏာရှင်အောက် နေခဲ့ရသူတွေ နာဇီအာဏာရှင်ကို ခုခံခဲ့သူတွေနှင့် တွေ့ခဲ့ရသည်။ ထို့ပြင် ကွန်မြူနစ်စနစ်ဆိုး၏ အကြောင်းကိုလည်း စာအုပ်ထဲက မဟုတ်ဘဲ လူတွေကို တွေ့ဆုံရပြီး သိရှိခဲ့သည်။ ဒါတွေကို သိရှိခဲ့ပြီးသကာလ ယင်းဆိုးမင်းညစ်ရန်က ကာကွယ်ရေးသည် ဖြစ်နိုင်ကြောင်း သိရှိလာခဲ့သည်။ လူအပြောက်အများ အသတ်မခံရဘဲနှင့် အာဏာရှင်စနစ်ရန်က ကာကွယ်၍ ရနိုင်ကြောင်း၊ အာဏာရှင်စနစ်ကို ဖြိုလှဲ၍ ရနိုင်ပြီး ဖြိုလဲသွားသော အာဏာရှင်၏ ပြာပုံထဲကနေ အာဏာရှင်အသစ်တစ်ရပ် ပေါ်မလာရေး ကာကွယ်နိုင်ကြောင်း တွေ့ရှိခဲ့သည်။ လူတွေ၏ အသက်တွေ ဆုံးရှုံးမှု

နည်းပါးနိုင်သရွေ့ နည်းပါးစွာ အာဏာရှင်စနစ်ကို ဖြိုလှဲရနိုင်သည့် နည်းများကို တွေးတောစဉ်းစားခဲ့သည်။

ယခု ကျမ်းစာအုပ်သည် ကျွန်တော့်အတွေးများ၏ ရလဒ်ဖြစ်သည်။ ပြည့်စုံခြင်းမရှိသေးဆိုခြင်းကို သိရှိပါသည်။ သို့သော် အာဏာရှင်စနစ်အောက်က လွတ်မြောက်ရေး ကြိုးပမ်းမှုများအတွက် လမ်းညွှန်သော အထောက်အပံ့မှု ဖြစ်ပါလိမ့်မည်။ အာဏာရှင်ကို တိုက်ရာ၌ လူ့အသက်များစွာ ရင်းနှီးရသည်။ တော်လှန်ရေးခေါင်းဆောင်များအနေနှင့် မဟာဗျူဟာများ၊ ရေးဆွဲချမှတ်ခြင်းဖြင့် အရင်းအနှီးပြုရသည့် လူ့အသက်အရေအတွက်က နည်းပါးသွားဖို့ရာရှိပါသည်။ ဤယုံကြည်ချက် ဆန်းစစ်ချက်အရ အာဏာရှင်စနစ်ကို ဖြိုလှဲ၍ရသည်ဆိုသောအချက်ကို မလွတ်မြောက်သေးသော ပြည်သူများ တွေ့ရှိပြီး အသုံးဝင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

***Gene sharp***

6-Oct; 1993
Boston; MassaChusetts
U.S.A

❖ ❖ ❖ ❖ ❖

# ဘာသာပြန်ဆိုသူ၏အမှာ

ကျွန်တော်တို့ မြန်မာနိုင်ငံသည် ၁၉၆၂-ခုနှစ်၊ မတ်လ (၂)ရက်နေ့ကစ၍ အာဏာရှင်စနစ်အောက်သို့ ရောက်ရှိခဲ့ရာ ယနေ့ ၂၀၁၈ တိုင် အလုံးစုံလွတ်မြောက်ခြင်း မရှိသေးပါ။ ကျွန်တော်၏ အသက် ၁၆-နှစ်သားမှစ၍ အာဏာရှင်စနစ်အောက်သို့ အခြားသော မြန်မာနိုင်ငံသားများနှင့်အတူ ရောက်ရှိခဲ့ရာ ယနေ့ ကျွန်တော့် အသက် ၇၃-နှစ်ထဲသို့ ရောက်နေပါပြီ။ တိုင်းပြည်မှာလည်း ရစရာမရှိအောင် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ပြိုကျပျက်စီးလို့ သွားခဲ့ပါပြီ။ ယင်းပျက်စီးမှုတွေသည် အလုံးစုံသော ဒီမိုကရေစီအောင်ပွဲ ရခဲ့သည့်တိုင် နောက်ထပ် နှစ် ၃၀ ခန့် အချိန်ယူ၍ ပြင်ရဦးမည် ဖြစ်ပါသည်။

ယခုအခါ မူရင်းစာရေးသူ ***Gene Sharp*** ၏ ***From Dictatorship to Democracy*** စာအုပ်ကို ဘာသာပြန်ဆို၍

တပ်မြှပ်ပါသည်။ ဘာသာပြန်ဆိုရာတွင် တစ်ကြောင်းချင်း ပြန်ဆို ခြင်းမဟုတ်ဘဲ မြန်မာမှု ပြုပြီး ပြန်ဆိုခြင်းသာ ဖြစ်ပါသည်။ ဘာသာပြန် ဆိုရင်းနှင့် ဤစာအုပ်ပါအချက်များသည် မြန်မာနိုင်ငံ ဒီမိုကရေစီ တော်လှန်ရေးနှင့် အတော်လေးတူနေခြင်းကို တွေ့လာရပါသည်။ သည်တော့လည်း ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံး ခဲ့ရသူများ၊ ရွှေဝါရောင်သံဃာ့အရေးအခင်းတွင် ကျဆုံးခဲ့ရသူများ။ ထောင်များ၊ အကျဉ်းစခန်းများထဲတွင် နှိပ်စက်ညှဉ်းပန်းခံရပြီး ကျဆုံးခဲ့သော ဒီမိုကရေစီသူရဲကောင်းများကို အောက်မေ့ဖို့ရာ ဖြစ်လာပါသည်။ ဤစာအုပ်ဖြစ်လာရခြင်းကိုက မြန်မာ့ဒီမိုကရေစီ အရေးတော်ပုံနှင့် ဆက်စပ်လို့နေသည်။ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူတစ်ဦးဖြစ်သော ဦးတင်မောင်ဝင်း၏ မေတ္တာရပ်ခံချက်အရ ရေးဖြစ်ခြင်းပါတဲ့ ယင်းစာအုပ် တစ်နေရာ၌ ဖော်ပြထားခြင်းကိုလည်း တွေ့ရှိရပါသည်။

အာဏာရှင်စနစ်ဟူသည် လူ့အခွင့်အရေး၊ လွတ်လပ်ခွင့်တို့ကို သူ့နိုင်ငံ ပြည်သူအပေါ် ဖိတ်ချုပ်ထားပြီး အနိုင်ကျင့်သောစနစ် ဖြစ်သည်။ ဒီမိုကရေစီစနစ်ဟူသည် တရားမျှတမှုကို မြတ်နိုးသော လူ့ယဉ်ကျေးအဖွဲ့အစည်း၏ စရိုက်လက္ခဏာဖြစ်သည်။ ယနေ့အခါ ဤနိုင်ငံတွင် လူထုခေါင်းဆောင်နှင့် အဝိန်အယ်လ်ဒီပါတီက ဦးဆောင်

ပြီး ယဉ်ကျေးသော မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ် ပြန်လည်ပေါ်ထွန်းလာရေးကို ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ယင်းနိုင်ငံရေး လှုပ်ရှားမှုကြီးတွင် မိမိတို့ စွမ်းဆောင်နိုင်ရေး တစ်ထောင့်တစ်နေရာက ပါဝင်ကြမှသာလျှင် တိုင်းပြည်နှင့်လူမျိုးအပေါ် တာဝန်ကျေပွန်သော နိုင်ငံသားတစ်ဦး ဖြစ်ပေလိမ့်မည်။

**ဘာသာပြန်ဆိုသူ - ကိုဝမ်း**

၁၃၊ ဩဂုတ်လ၊ ၂၀၁၈
ရန်ကုန်မြို့။

## အခန်း(၁)

# အာဏာရှင်စနစ်ကို
# လက်တွေ့ကျကျ ရင်ဆိုင်ခြင်း

မကြာသေးသောနှစ်များအတွင်း၌ ပြည်တွင်း၌ကိုဖြစ်စေ ပြည်ပကိုဖြစ်စေ အခြေစိုက်သော အာဏာရှင်စနစ်တို့သည် ညီးလုံးညီညွတ်သော ပြည်သူတို့၏ တော်လှန်အာခံမှုကြောင့် ပြိုလဲတာက ပြိုလဲ၍ ယိမ်းယိုင်သည်က ယိမ်းယိုင်ဖြစ်ခဲ့ရချေပြီ။ ခိုင်မြဲခိုင်ခန့်သည်၊ မထိုးဖောက်နိုင်ဟု ထင်မြင်ယူဆရသော အာဏာရှင်စနစ်များသည် ညီညွတ်သော ပြည်သူများ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး အာမခံမှုများကြောင့် ရပ်တည်နိုင်စွမ်း မရှိတော့ပေ။

၁။ နိုင်ငံရေးအာခံမှုဟူသည် အကြမ်းမဖက်သော ရုန်းကန်လှုပ်ရှားမှု (ကန့်ကွက်ခြင်း၊ ပူးပေါင်းမှုမပြုခြင်း၊ ဝင်ရောက်စွက်ဖက်ခြင်း)တို့ကို နိုင်ငံရေးဦးတည်ချက်နှင့် တက်ကြွစွာ ဆောင်ရွက်ခြင်းဖြစ်သည်။ အာခံမှုဆိုသည်မှာ အာဏာပိုင်တို့၏ အမိန့်ကို မနာခံခြင်းဖြစ်သည်။ ဤစာတမ်းတွင် နိုင်ငံရေးအာခံမှုဆိုသော ဝေါဟာရကို အကြမ်းမဖက်သော တော်လှန်ရေးနှင့် ရုန်းကန်လှုပ်ရှားမှုများတွင် အလျဉ်းသင့်သလို သုံးစွဲသွားမည် ဖြစ်ပါသည်။

၁၉၈၀-ပြည့်နှစ်မှစ၍ အက်စတိုးနီးယား၊ လက်ဗီးယားနှင့် လစ်သူယေးနီးယား၊ ပိုလန်၊ အရှေ့ဂျာမနီ၊ ချက်ကိုစလိုဗက်ကီးယားနှင့် စလိုဗေးနီးယား၊ မဒါဂါစကာ၊ မာလီ၊ ဘိုလီးဗီးယားနှင့် ဖိလစ်ပိုင် နိုင်ငံများတွင် အကြမ်းမဖက်သော ပြည်သူများ၏ ညီညွတ်ရေးအရ အာဏာရှင်စနစ်များ ပြိုလဲခဲ့ပြီဖြစ်သည်။ အကြမ်းမဖက်သော တော်လှန်ရေးသည် နီပေါ၊ ဇမ်ဘီးယား၊ တောင်ကိုရီးယား၊ ချီလီ၊ အာဂျင်တီးနား၊ ဟေတီ၊ ဘရာဇီး၊ ဥရုဂွေး၊ မာလဝီထိုင်း၊ ဘူဂေးရီးယား၊ ဟန်ဂေရီ၊ နိုင်ဂျီးရီးယားနှင့် ဆိုဗီယက် ယူနီယံ၏ နယ်မြေအများ အပြားတွင် ဒီမိုကရေစီစနစ် ထွန်းကားရေးကို အကြမ်းမဖက်သော တော်လှန်ရေးက တိုးတက်ဖြစ်ပွားခဲ့ပြန်သည်။ ဆိုဗီယက်တွင် ၁၉၉၁-ခုနှစ်၌ အာဏာသိမ်းရန် ကြိုးစားမှုကို ရှုံ့လှုထု၏ အကြမ်းမဖက်သော တော်လှန်ရေးက ပြိုလဲစေခဲ့သည်။ ထို့ပြင် နိုင်ငံရေး အာခံမှုက တရုတ်ပြည်နှင့် မြန်မာပြည်တို့တွင် ထပ်မံဖြစ်ပွားလာခဲ့ပြန်သည်။ ယင်းရက်စက်လှပ်ရှားမှုများကနေ ယင်းအာဏာရှင်များ လုံးဝပြိုလဲသွားစေရန် မစွမ်းဆောင်နိုင်ခဲ့စေကာမူ၊ ယင်းအုပ်ချုပ်သူ အာဏာရှင်တို့သည် ရက်စက်ကြမ်းကြုတ်၍ ဖိနှိပ်သူများဖြစ်ကြောင်းကို ကမ္ဘာအား သိမြင်စေနိုင်ခဲ့သလို တော်လှန်သူ ပြည်သူအားလည်း တန်ဖိုးရှိလှသော အတွေ့အကြုံကို ရရှိစေခဲ့သည်။

အထက်ဖော်ပြပါ နိုင်ငံများ၌ အာဏာရှင်ဝန်စစ်များ ပြိုလဲခဲ့ခြင်းကြောင့် ယင်းနိုင်ငံများရှိ ဆင်းရဲမွဲတေမှု ရာဇဝတ်မှု၊ ဒီမိုကရေစီယန္တရား၏ မထိရောက်မှု၊ သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများကို လုံးဝဖယ်ရှားချောက်ချက်ခြင်း မပြုနိုင်ခဲ့ပါ။ သို့သော် အဓိနိုင်ငံပြည်သူအတွက် ယင်းဆိုးကျိုး ခံစားနေရမှုကနေ လျော့ကျစေခဲ့တာတော့ အမှန်ဖြစ်သည်။ ပြီးတော့ ပြည်သူအတွက် ဒီမိုကရေစီနိုင်ငံရေးလမ်းကြောင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့သလို တစ်ဦးချင်း လွတ်လပ်မှုနှင့် လူ့မှုတာရားမျှတမှုကိုတော့ ဖြစ်စေခဲ့ပေသည်။

## ဆက်လက်ဖြစ်ပွားသော ပြဿနာတစ်ရပ်

ပြီးခဲ့သော ဆယ်စုနှစ်များအတွင်း၌ ကမ္ဘာပေါ်တွင် ပိုမိုကြီးမားကျယ်ပြန့်သော ဒီမိုကရေစီနှင့် လွတ်လပ်ခွင့်ဟူသော လမ်းကြောင်းဆီသို့မှ ဦးတည်၍ နေခဲ့ပါပြီ။ "ဒီရီးဒမ်းဟောက်စ် အဖွဲ့" *(Freedom House)* အဖွဲ့၏ သုတေသနပြုချက်အရ နှစ်စဉ် နိုင်ငံတကာတွင် နိုင်ငံရေးအခွင့်အလမ်းနှင့် ပြည်သူ့လွတ်မြောက်ရေးများက "လွတ်လပ်ရေး" *(Free)* ဟူ၍ သတ်မှတ်နိုင်မှုမှာ လွန်ခဲ့သောနှစ်များစွာအတွင်း သိသိသာသာ ရှိလာသည်ကို တွေ့ရလေသည်။

| | လွတ်လပ်မှု | တစ်စိတ်တစ်ပိုင်းလွတ်လပ်မှု | မလွတ်လပ် |
|---|---|---|---|
| ၁၉၈၃ | ၅၄ | ၄၇ | ၆၄ |
| ၁၉၉၃ | ၇၅ | ၇၃ | ၃၈ |
| ၂၀၀၃ | ၈၉ | ၅၅ | ၄၈ |
| ၂၀၀၉ | ၈၉ | ၆၂ | ၄၂ |

မည်သို့ပင် ဤစာရင်းဇယားအရ အပြုသဘော ဆောင်နေစေကာမူ ပြည်သူအများစုမှာ မင်းဆိုးမင်းညစ်တို့၏အောက်တွင် နေနေရဆဲဖြစ်သည်။ ၂၀၀၈-ခုနှစ်တွင် ကမ္ဘာ့လူဦးရေ ၆ ဒသမ ၆၈ ၏ ၃၄ ရာခိုင်နှုန်းသည် "မလွတ်လပ်သော" စာရင်းအောက်တွင် ရှိနေဆဲလည်းဖြစ်သည်။ ယင်း မလွတ်လပ်သောဟူသော အခြေအနေတွင် နိုင်ငံရေးအခွင့်အလမ်းများကို တင်းကြပ်စွာ ကန့်သတ် ပိတ်ပင်ထားပြီး ပြည်သူ့လွတ်လပ်ခွင့် မရှိသော အခြေအနေမှာဖြစ်သည်။ မလွတ်လပ်ဟု ဖော်ပြသော စာရင်းဇယားပါ ၄၂ နိုင်ငံမှာ မြန်မာပြည်မှာကဲ့သို့ စစ်အာဏာရှင်စနစ်၏အောက်တွင် ရှိနေကြသည်။ ထို့ပြင် အစဉ်အလာအရ ဖိနှိပ်မှုတရင်စနစ်ဖြစ်သော ဆော်ဒီအာရေးဗီးယား၊ ဘူတန်လို နိုင်ငံတွေ၊ နိုင်ငံရေးပါတီ လက်ဝါးကြီးအုပ်မှုရှိသော တရုတ်ပြည်နှင့် မြောက်ကိုရီးယား၊ နိုင်ငံခြားက ဝင်ရောက်သိမ်းပိုက်ရာ တိဘက်နှင့် အနောက်ဆဟာရဒေသဆိုသော

နိုင်ငံများဖြစ်သည်။

နိုင်ငံအများအပြားမှာမူ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေးအရ တဟုန်ထိုး တိုးတက်မှု ရရှိခဲ့ကြသည်။ လွန်ခဲ့သော နှစ်များအတွင်း "လွတ်လပ်သော"တရင်းပါ နိုင်ငံများသည် တိုးတက်ဖွံ့ဖြိုးခဲ့ကြသည်။ နိုင်ငံအတော်များများတွင် အခြေခံပြောင်းလဲမှုများက တဟုန်ထိုး ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ဆန့်ကျင်ဘက်ဦးတည်ရာသို့ ရောက်သွားကာ ပုံစံသစ်အာဏာရှင်စနစ်သို့ ဦးတည်လေသည်လားဟု ဝေ့်းတားစရာ ဖြစ်လာသည်။ စစ်ဘက်ဆိုင်ရာ အဓိုက်အဆက်များ၊ ရည်ရွယ်ချက်ကြီးသော တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ရွေးကောက်ခံပုဂ္ဂိုလ်များ ငါးခွဲကိုင်သော နိုင်ငံရေးပါတီများက သူတို့၏ လိုအင်ဆန္ဒအတွက် နည်းလမ်းရှာကြမည်ဖြစ်သည်။ အာဏာသိမ်းမှုများကလည်း ထုံးစံအတိုင်း ရှိနေနိုင်သည်။ လူအများစု၏ နိုင်ငံရေးအခွင့်အလမ်းနှင့် လူ့အခွင့်အရေးများက ခြိမ်းပယ်ခံနေရဦးမှာဖြစ်သည်။

ကံမကောင်း အကြောင်းမလှစွာဘဲ အတိတ်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေခဲ့သည်။ အာဏာရှင်စနစ်ဖြစ်သည်က နက်ရှိုင်းသည်။ ပြည်တွင်းပြည်ပ အခြေပြုသော အာဏာရှင်စနစ်၏ ဖိနှိပ်မှုများကို နိုင်ငံများစွာက ပြည်သူတို့သည် ဆယ်စုနှစ်များစွာ သို့မဟုတ် ရာစုနှစ်များစွာပင် ခံခဲ့ကြရသည်။ အာဏာပိုင်နှင့် အုပ်ချုပ်သူတို့ကို

အလျှော့ပေးခဲ့ရသည်။ နိုင်ငံတော်၏ ထိန်းချုပ်မှု ပြင်ပရှိ လူမှုရေး နိုင်ငံရေး စီးပွားရေးနှင့် ဘာသာရေး အသင်းအဖွဲ့မကျန် ရည်ရွယ်ချက်နှင့် အားနည်းအောင် လုပ်ခဲ့ရသည်။ အဆင့်ကျစေခဲ့သည်။ ဒီ့အပြင် ယင်းအဖွဲ့အစည်းများတွင် ပါတီနှင့်အစိုးရ၏ ထိန်းချုပ်မှု အောက်ရောက်အောင် လုပ်ခဲ့ရသည်။ လူတွေမှာ ယန္တရားစက်လို ဖြစ်သွားပြီး လွတ်မြောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်၍ မရတော့ပေ။ တစ်ဦးနှင့်တစ်ဦး မယုံကြည်ရဲတော့လောက်အောင် ဖြစ်ရပြီး သူတို့၏ ကိုယ်ပိုင်ပိုင်စိတ်ကူး အကြံအစည်ပင် မဖြစ်တော့လောက်အောင် ဖြစ်ခဲ့သည်။

ရလဒ်ကမူ မလွဲမသွေ ဖြစ်ခဲ့သည်။ ကြိုတင်ပြောနိုင်သည်။ လူတွေမှာ အားနည်းလာပြီး ကိုယ့်ကိုယ်ကို ယုံကြည်ချက် မရှိတော့သလို ခုခံနိုင်စွမ်းလည်း မရှိတော့ပါ။ လူတွေမှာ မိသားစုအတွင်း၊ မိတ်ဆွေများအတွင်းမှာပင် သူတို့၏ အာဏာရှင်စနစ်မုန်းတီးမှုနှင့် လွတ်မြောက်ရေးအတွက် ဖွင့်မပြောရဲလောက်အောင် ကြောက်ရွံ့နေကြသည်။ ပြည်သူ့တော်လှန်ရေးဆိုခြင်းကို အလေးအနက် မစဉ်းစားရဲလောက်အောင် တုန်လှုပ်ချောက်ချားနေကြသည်။ လူတွေသည် ရည်ရွယ်ချက်မဲ့ မျှော်လင့်ချက်မဲ့သော အနာဂါတ်ကိုသာ ခံစားနေကြရသည်။

ယနေ့အာဏာရှင်စနစ်သည် စောစောပိုင်းတုန်းကထက်ပင် ပို၍ ဆိုးရွားနေသည်။ အတိတ်မှာတုန်းက လူတချို့သည် ခုခံရန် ကြိုးစားအားထုတ်ခဲ့သည်။ တိုတောင်းသော လူထုကန့်ကွက်ပွဲ ဆန္ဒပြပွဲတွေ ရှိခဲ့သည်။ စိတ်ဓာတ်တွေက ယာယီသာ တက်ကြွတာ ဖြစ်ကောင်းဖြစ်မည်။ တစ်ချိန်ချိန်မှာ တစ်ဦးချင်းနှင့် လူစုအသေး လေးများက ရဲရင့်မှုရှိခဲ့မည်။ မည်သို့သောစေ့ဆော်မှု ရှိခဲ့စေကာမူ အတိတ်တုန်းက တော်လှန်ရေးလုပ်ရပ်များသည် လူတွေ၏ ကြောက် ရွံ့မှုနှင့် နာခံမှုကို ကျော်လွှားနိုင်အောင် လုံလောက်မှု မရှိခဲ့ပါ။ အာဏာရှင်စနစ်ကို ပြိုလဲရန်အတွက် မရှိမဖြစ် ထားရှိရမည့် လိုအပ်ချက်ကို မပြည့်စုံခဲ့ပါ။ ဝမ်းနည်းဖွယ်ရာ ယင်းလုပ်ရပ်များက အောင်ပွဲ သို့မဟုတ် မျှော်လင့်ချက်အစား ဝေဒနာနှင့် သေခြင်းကိုသာ ရရှိစေခဲ့သည်။

## အကြမ်းဖက်သော လွတ်မြောက်ရေးလုပ်ရပ်ကရော?

မည်ကဲ့သို့သော အခြေအနေမျိုးလဲ။ ဖြစ်နိုင်ချေရှိသမျှက အချိန်နှီးပါပဲ။ ဖွဲ့စည်းပုံအခြေခံဥပဒေ တရားရေး လုပ်ထုံးလုပ်နည်း တွေ တရားစီရင်ရေး အသုံးအဖြတ်တွေ၊ လူထု၏ အထင်အမြင်တွေ စသည်တို့ကို အာဏာရှင်က ဂရုမစိုက်ပါ။ ရက်စက်ကြမ်းကြုတ်

မှုတွေ၊ ညှဉ်းပန်းနှိပ်စက်မှုတွေ၊ ပျောက်သွားတာ၊ အသတ်ခံရတာ သေညတို့နှင့်သာ လူတွေမှာ နိဂုံးချုပ်ခံရသည်။ ဒေါသထွက်နေသော အပိုနှိပ်ခံသားကောင်းတွေက သူတို့တတ်နိုင်သလောက်နှင့် အကြမ်းဖက်သော နည်းစနစ်ရေးနည်းနှင့် ကြမ်းကြုတ်သော အာဏာရှင်ကို တိုက်ခိုက်ရန် ဖုံးကြသည်။ ဤပုဂ္ဂိုလ်တွေသည် ဝေးနားခံတာခြင်းနှင့် အသက်ကို ရင်း၍ ရဲရဲစွာ တိုက်ခိုက်ခဲ့ကြသည်။ သူတို့၏ အားထုတ်ကြိုးပမ်းမှုသည် တစ်ခါတစ်ရံ့ သိသာထင်ရှားခဲ့ပါသည်။ သို့သော် လွတ်မြောက်ရန်အတွက် အောင်မြင်ဖို့ရန် ခဲယဉ်းခဲ့သည်။ လူတွေကို ယခင်ကထက် ကယ်သူမဲ့ နှိပ်စက်ညှဉ်းပန်းခြင်း ခံရစေဖို့ရန်အတွက် လုပ်လိုက်သကဲ့သို့ ဖြစ်သွားသည်။

ဤသို့ အကြမ်းဖက်တော်လှန်သူတို့အပေါ်တွင် ဖိနှိပ်သူ အာဏာရှင်တို့က အမြဲအသာစီး ရနေခဲ့သည်။ အာဏာရှင်တို့မှာ အကြမ်းဖက်တော်လှန်ရေးတို့ နှိပ်ကွပ်ရန် ကိရိယာအစုံအလင် ရှိသည်။ ဒီမိုကရေစီတော်လှန်ရေးသမားတို့၏ တိုက်ခိုက်မှုက ကြာရှည်သည်ဖြစ်စေ၊ တိုတောင်းသည်ဖြစ်စေ စစ်ရေးအခြေအနေက မယှဉ်သာနိုင်ပါ။ အာဏာရှင်မှာက စစ်လက်နက် ကျည်ဆံ သယ်ယူပို့ဆောင်ရေးနှင့် စစ်အင်အား စသည်တို့တွင် အသာစီးရနေကာ ဖြစ်သည်။ ရဲရင့်သည်ဖြစ်စေကာမူ တော်လှန်သူ ဒီမိုကရေစီသမား

များသည် အာဏာရှင်ကို ယှဉ်နိုင်မည် မဟုတ်ပါ။

လက်နက်ကိုင်တော်လှန်ရေးက လက်တွေ့ကျသည်ဟု ဆိုစေကာမူ အချို့က ပြောက်ကျားစစ်ကို လိုလားသည်။ ပြောက်ကျားစစ်က အင်္ဂလိပ်ခံ ပြည်သူတွေအတွက် ထိုက်သင့်သလောက် အကျိုးရှိခဲ့သည်။ ပြောက်ကျားစစ်သည် အပြေတစ်ပုံတစ်ရာကိုတော့ မရစေနိုင်။ ပြောက်ကျားစစ်က အချိန်ကြာမြင့်စေသည်။ အရပ်သားပြည်သူတို့ကို အုပ်ချုပ်သူအစိုးရက နေရာတွေ ရွှေ့ပစ်သည်။ သည်တော့ ပြည်သူမှာ ဒုက္ခရောက်ရပြီး လူ့ဘဝတွေ ဆောက်တည်ရာမရဖြစ်သည်။

အောင်မြင်သော ပြောက်ကျားစစ်ပွဲတွေ ရှိခဲ့စေကာမူ ရေရှည်မကောင်းသော အကျိုးဆက်တွေရှိသည်။ အတိုက်အခိုက်ခံရသော အုပ်ချုပ်သူတို့က တန်ပြန်သောအားဖြင့် ဖိနှိပ်ကြမ်းတမ်းလာခဲ့သည်။ ပြောက်ကျားစစ်က အောင်မြင်မှုကို နောက်ဆုံးတွင် ရခဲ့လျှင်လည်း အစိုးရသစ်သည် ယခင် အစိုးရဟောင်း အာဏာရှင်ထက် ဖိနှိပ်အာဏာရှင်ဆန်လာလေ့ရှိသည်။ တိုက်ပွဲဝင်ကာလအတွင်းတုန်းက အဓိကအခန်းကဏ္ဍက ရှိနေခဲ့သော ဒီမိုကရေစီ လူမှုအဖွဲ့အစည်းတွေကို အားနည်းစေခြင်း သို့မဟုတ် ဖျက်သိမ်းပစ်ခြင်းပြုသည်။

## အာဏာသိမ်းမှု ရွေးကောက်ပွဲ နိုင်ငံခြားမှ ကယ်တင်ရှင်

အာဏာရှင်ကို ဆန့်ကျင်သော စစ်တပ်အာဏာသိမ်းမှုက မနှစ်မြို့ဖွယ်ရာ အုပ်ချုပ်သူကို ဖယ်ရှားရေးတွင် အလွယ်ကူဆုံးနှင့် အမြန်ဆုံးပေါ်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ယင်းနည်းလမ်းမှာ ကြီးစွာသော ပြဿနာတွေရှိသည်။ ပြည်သူ အာဏာကိုချုပ်ကိုင်ထားသော အဖွဲ့ ယင်း၏လက်နက်ကိုင်တပ်ဖွဲ့တို့အကြား အာဏာခွဲဝေမှု မမျှမတ ဖြစ်လာလေ့ရှိသည်။ အစိုးရရာထူးကနေ ဖယ်ရှားခြင်း ခံရသော တစ်ဦးချင်းစီ ပုဂ္ဂိုလ်များနှင့် ယင်းတို့၏ အုပ်စုတွေကလည်း ပြန်လည်၍ နေရာရရန် လုပ်ဆောင်လေ့ရှိသည်။ ဒီမိုကရေစီ ပြုပြင် ပြောင်းလဲရာ၌ ယင်းအုပ်စုက ပို၍ ပျော့ပြောင်းသည်။

နေရာတွင် ခိုင်မြဲပြီဆိုသည်နှင့် အဆိုပါအုပ်စုက ယခင် လူများထက် ပိုမိုကြမ်းကြုတ်ကာ ရည်မှန်းချက်လည်း ပို၍ မြင့်မားလေ့ရှိသည်။ အုပ်စုသစ်သည် သူတို့၏ မျှော်လင့်ချက်တွေ ပြည့်စုံပြီဖို့ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အလေးထားခြင်း မရှိတော့ပါ။ အာဏာရှင်စနစ်က မွေးထုတ်သော ပြဿနာများတွင် ဤကိစ္စသည် လက်ခံနိုင်စရာ အဖြေတစ်ရပ် မဟုတ်ပါ။

သိသာထင်ရှားသော ပြောင်းလဲမှုဖြစ်စေဖို့ရန်အတွက် အာဏာရှင်စနစ်အောက်တွင် ရွေးကောက်ပွဲဖြစ်ရန် အလားအလာ မရှိနိုင်ပါ။

တစ်ချိန်က ဆိုဗီယက်ယူနီယံလက်အောက်ရှိ အရှေ့ဥရောပနိုင်ငံများတွင် ဒီမိုကရေစီ တစ်ပြိုင်နက်လှုပ်ရှားမှုတွေတော့ ရှိခဲ့သည်။ အာဏာရှင်တို့က လက်ရွေးစင်ရွေးထားသော ကိုယ်စားလှယ်အား တစ်ကြိမ်မှာ ထိန်းချုပ်ပြီး လူထုဆန္ဒခံယူပွဲတွေ ပြုလုပ်ခဲ့သည်။ အတိုက်အခံတွေက ရွေးကောက်ပွဲတွင် ဝင်ပြိုင်ရာက မြန်မာပြည် ၁၉၉၀-ပြည့်နှစ်ကလို နိုက်ဂျီးရီးယားတွင် ၁၉၉၃ ခုနှစ်ကလို အနိုင်ရသွားပါကလည်း၊ အနိုင်ရသူတွေကို ခြိမ်းခြောက်မည်။ ဖမ်းဆီးမည်။ သတ်ဖြတ်မည်။ ယင်းရွေးကောက်ပွဲရလဒ်ကို အာဏာရှင်က ပစ်ပယ်မည်။ အာဏာရှင်တို့သည် သူတို့အား ရာဇပလ္လင်ကနေ ဖယ်ရှားမည့် ရွေးကောက်ပွဲမျိုးကို ခွင့်ပြုလိမ့်မည် မဟုတ်ပါ။ ရက်စက်ကြမ်းကြုတ်သော အာဏာရှင်၏အောက်တွင် အဖိနှိပ်ခံနေရသော ပြည်သူများ။ သို့မဟုတ် အဖမ်းမခံရစေဖို့ရန် ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်သူများသည် မိမိတို့၏ အစွမ်းအစနှင့်တော့ မိမိတို့ကိုယ်ကိုလွတ်မြောက်အောင် လုပ်နိုင်လိမ့်မည်ဟု မယုံမကြည် ဖြစ်ကြသည်။ ထိုအခါ အခြားသူများက မိမိတို့ကို ကယ်တင်မှသာ လွတ်မြောက်လိမ့်မည်ဟု မျှော်လင့်လာကြသည်။ ထိုအခါ အဖိနှိပ်ခံပြည်သူတို့သည် ပြည်ပအင်အားစုများအပေါ် ယုံကြည်အားထားလာကြသည်။ အာဏာရှင်များကို ဖြုတ်ချရန် နိုင်ငံတကာ အကူအညီ

များဖြင့်သာ လုပ်နိုင်မည်ဟု ယုံကြည်ကြသည်။ အဖိနှိပ်ခံပြည်သူများက ထိထိရောက်ရောက် အာဏာရှင်ကို မဖယ်ရှားနိုင်ဆိုသော အမြင်သည် တစ်ခါတစ်ရံတွင် ကာလတစ်ခုအတွက်တော့ မှန်သည်။ ဤကဲ့သို့ အာဏာရှင်ကို ရင်ဆိုင်တွန်းလှန်နိုင်စွမ်း မရှိမှုသည် တကယ်တော့ ပြည်သူသည် မိမိတို့၏ အစွမ်းအစကို ယုံကြည်မှု မရှိသောကြောင့်သာဖြစ်သည်။ သူတို့ကိုယ်သူတို့ ကယ်တင်ဖို့ရန် နည်းလမ်းကို မသိလို့သာဖြစ်သည်။ ဒါကြောင့်သာလျှင် ပြည်ပအင်အားစုကို မျှော်ကိုးခြင်းအား နားလည်နိုင်ပါသည်။ ပြင်ပအင်အားစုဆိုသည်က လူထုအမြင်၊ ကုလသမဂ္ဂ၊ ထင်ရှားသော နိုင်ငံတစ်ခု သို့မဟုတ် နိုင်ငံတကာ စီးပွားရေးနှင့် နိုင်ငံရေး အရေးယူဆောင်ရွက်မှုတွေပဲဖြစ်သည်။ ပြောခဲ့တာတွေက ဖြစ်နိုင်ပါသည်။ သို့သော် ပြင်ပကယ်တင်ရှင်ဆိုသည်ကလည်း ပြဿနာတွေရှိသည်။ နိုင်ငံခြားက ကယ်တင်ရှင် မလာခဲ့သော် ပြည်ပနိုင်ငံတစ်ခုက ဝင်ရောက်လာမှု မဖြစ်ခဲ့သော် ဒါတွေကို ယုံကြည်အားထားနေဖို့ရာ မဖြစ်သင့်။

နိုင်ငံခြားအကူအညီကို မျှော်ဖို့ဆိုခြင်းက ဒါတွေဖြစ်လာနိုင်သည်။

နိုင်ငံခြား နိုင်ငံတွေက သည်းခံနေမည် သို့မဟုတ် ထိထိရောက်ရောက် အကူအညီပေးမည်။ ထိုအခါ အာဏာရှင်က သူ၏

နိုင်ငံရေး စီးပွားရေးအကျိုးစီးပွားတွေကို ရေ့တိုးဆောင်ရွက်လိမ့်မည်။

နိုင်ငံခြားနိုင်ငံတွေက သူတို့ ကတိထားသည့် အဖိနှိပ်ခံတွေကို လွတ်မြောက်အောင် ထောက်ပံ့ကူညီမည့်အစား အခြားသော ရည်မှန်းချက်တစ်ခုအတွက် ရောင်းစားတာမျိုး ဖြစ်လာနိုင်သည်။ တချို့နိုင်ငံခြား နိုင်ငံတွေကမူ သူတို့၏ စီးပွားရေးနိုင်ငံရေး ဝင်ရေးကို ယင်းနိုင်ငံအပေါ် ထိန်းချုပ်နိုင်ရန်အတွက် အာဏာရှင်ကို ဆန့်ကျင်တာ ဖြစ်လိမ့်မည်။ နိုင်ငံတကာက ရက်စက်ကြမ်းကြုတ်သော အာဏာရှင်၏ လုပ်ရပ်ကို အာရုံစိုက်လာပြီး ပြည်တွင်းအင်အားစု၏ လှုပ်ရှားမှုတွေက အာဏာရှင်ကို ယိမ်းယိုင်နေစေပြီးမှသာလျှင် နိုင်ငံခြားတိုင်းပြည်တွေက သိသိသာသာ ပါဝင်မှု ပြုလာမည်။

အာဏာရှင်စနစ်များသည် ပြည်တွင်းအာဏာ ဖြန့်ဝေမှုအရသာ ဖြစ်လာရခြင်းဖြစ်သည်။ ပြည်သူနှင့် လူမှုအဖွဲ့အစည်းတို့က အာဏာရှင်ကို ပြဿနာတွေ ဖြစ်စေနိုင်လောက်အောင် မရှိတဲ့ အားအင်ချို့နေခြင်း၊ ချမ်းသာကြွယ်ဝမှုနှင့် အာဏာက လက်တစ်ဆုပ်စာ လူတွေအတွင်းမှာသာ ရှိနေလို့ဖြစ်သည်။ နိုင်ငံတကာရဲ့ ဆောင်ရွက်မှု အားနည်းခြင်းအပေါ်၌ အာဏာရှင်က အမြတ်ထုတ်၍ အကျိုးစီးပွား ရှာနိုင်တာတော့ မှန်သည်။ သို့သော် တကယ်ကမူ ပြည်တွင်း

အင်အားစုတွေ၏ အပေါ်၌ အမှီကမှုတည်၍ အာဏာရှင်က ဆက်လက်တည်မြဲနေခြင်းသာဖြစ်သည်။

အင်အားတောင့်တင်းနိုင်မာသော ပြည်တွင်းအင်အားစုကိုသာ နိုင်ငံတကာက ထောက်ခံအားပေးခြင်း ပြုမည်ဆိုလျှင်မှ နိုင်ငံတကာ ဖိအားပေးမှုက တကယ့်ကို ထိရောက်၍ အသုံးဝင်မည်။ ဥပမာ အားဖြင့် နိုင်ငံတကာက သပိတ်မှောက်မှု စီးပွားရေးအရ ပိတ်ဆို့ အရေးယူမှု၊ သံတမန်အဆက်ဖြတ်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများက နေရာယ်း နိုင်ငံကို ထုတ်ပယ်ပစ်မှု၊ ကုလသမဂ္ဂအဖွဲ့အစည်း အသီးသီး ကနေ ယင်းနိုင်ငံအစိုးရကို ရှုတ်ချမှု စသည့်အရေးယူ ဆောင်ရွက်မှုတွေမျိုးဖြစ်သည်။

## ခက်ခဲသောအမှန်တရားကို ရင်ဆိုင်ခြင်း

နိဂုံးကမူ ခက်ခဲသောနည်းလမ်းတွေဖြစ်သည်။ တစ်စုံတစ်ယောက်က အာဏာရှင်ကို ထိထိရောက်ရောက်နှင့် စရိတ်စက နည်းနည်းနှင့် ဖြုတ်ချလိုပါသော် နည်းလမ်းလေးသွယ်ရှိသည်။

- တစ်စုံတစ်ဦးက အဖိနှိပ်ခံပြည်သူတို့အား ကိုယ်တိုင် ဆုံးဖြတ်နိုင်အောင်၊ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိလာအောင် တော်လှန်ရေးနည်းလမ်းတွေကို ကျွမ်းကျင်အောင် လှုပ်

ပေးရန်။

- အဖိနှိပ်ခံပြည်သူများထဲရှိ သိးခြားအဖွဲ့ခိုကင်းမဲ့သော လူမှုအဖွဲ့အစည်းတွေကို အားပေးအားမြှောက်ပြုရမည်။
- အင်အားတောင့်တင်းသော ပြည်တွင်းတော်လှန်ရေး အင်အားစုတစ်ရပ်ကို ထူထောင်ရမည်။
- လွတ်မြောက်ရေးမဟာဗျူဟာတစ်ရပ်ကို ချမှတ်ရေးဆွဲ၍ ကျွမ်းကျင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

လွတ်မြောက်ရေးတိုက်ပွဲတွင်သည် ကိုယ့်ကိုယ်ကို မှီခိုအားထား မှုနှင့် ပြည်တွင်းတွန်းအားပေးမှုသာဖြစ်သည်။ ၁၉၅၉-၁၉၈၀ တွင် အိုင်းရစ်သပိတ်မှောက်မှုအတွင်း ဝယ်ချားလ်စတီးဝပ်ပင်နဲလ်က အောက်ပါအတိုင်း ပြောခဲ့သည်။

"အစိုးရကို အားကိုးခြင်းသည် အသုံးမကျ။ ခင်ဗျားတို့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခြင်းအပေါ်မှာသာ ခင်ဗျားတို့ မှီခိုအားထား ရမှာဖြစ်တယ်။ အချင်းချင်းအတူတကွ ရပ်တည်ခြင်းဖြင့်သာ ကိုယ့် ကိုယ်ကို ကူညီပါ။ မိမိတို့အထဲက အင်အားနည်းသူတွေကို အားပေး ကူညီပါ။ ကိုယ့်အချင်းချင်းသာ စည်းလုံးညီညွတ်ကြပါ။ ခင်ဗျားတို့ အောင်မြင်မှာ အမှန်ပဲ။ ဒါတွေကို သဘောတူညီချက်ရတဲ့အထိ သဘောတူညီချက် မရမချင်း ကိုင်စွဲထားကြပါ"

နိုင်သာဝေကော့တော့သော ကိုယ်တူငြိယ်ထအင်အားစု၊ ကျယ်ပြန့်သော မဟာဗျူဟာ စည်းကမ်းရှိမှု၊ သတ္တိရှိသောလုပ်ရပ်နှင့် စစ်မှန်သောအင်အားစုတို့ကိုသာ ကိုင်စွဲထားပါ။ အာဏာရှင်စနစ်သည် တဖြည်းဖြည်းနှင့် ယိမ်းယိုင်လာလိမ့်မည်။ အထက်ပါလေးချက်အတိုင်း လုပ်ဖို့ရာတော့လိုမည်။

အထက်ပါ ဆွေးနွေးချက်များအရ အာဏာရှင်လက်အောက်က လွတ်မြောက်ဖို့ရန်မှာ ပြည်သူ၏ အစွမ်းအစနှင့် ကိုယ်တိုင်လွတ်မြောက်ရေး ကြိုးပမ်းရန်သာဖြစ်သည်။ အောင်မြင်သော နိုင်ငံရေးအာခံမှု သို့မဟုတ် နိုင်ငံရေးဖြင့် အဆုံးသတ်စေမည့် အကြမ်းမဖက်သော တိုက်ပွဲဝင်မှုတို့အတွက်ဆိုပါလျှင် ပြည်သူသည် ကိုယ့်အားကိုယ်ကိုးမှုသာ ဖြစ်ပါမည်။ ဤသုံးသပ်ချက်က တကယ်တော့ မပြည့်စုံသေးပါ။ ရှေ့အခန်းများတွင် အသေးစိတ်ရှင်းလင်းဖို့ရာ ရှိသည်။ မည်သို့ပင်ဖြစ်စေ အာဏာရှင်ကို ဖယ်ရှားနိုင်ဖို့ရာ တွေ့ဆုံဆွေးနွေးရေးကို ဦးစွာရှုမြင်ဖို့ လိုပေလိမ့်မည်။

မိတ်ဆွေစာပေ

## အခန်း(၂)

# တွေ့ဆုံဆွေးနွေးရေး၏ အန္တရာယ်များ

အခန်း(၁)တွင် ဖော်ပြခဲ့သည့်အတိုင်း အာဏာရှင်စနစ်ကို ထိပ်တိုက်ရင်ဆိုင်ရာတွင် ပြင်းထန်သော ပြဿနာတွေနှင့် ရင်ဆိုင်ကြုံတွေ့ရလေသောအခါ အချို့ပုဂ္ဂိုလ်များက အာဏာရှင်စနစ်ကို မဆန့်ကျင်သော အမြင်ဆီသို့ ပြောင်းလဲသွားကြသည်။ ဒီမိုကရေစီ ရဖို့ရန် အလားအလာနည်းပါးသည့်အတွက် အမြဲတမ်းဖြစ်နေသော အာဏာရှင်စနစ်နှင့် လိုက်လျောညီထွေဖြစ်ရန် တွေးမြင်လာကြသည်။ အာဏာရှင်စနစ်နှင့် ပြေလည်ရာပြေလည်ကြောင်းဖြစ်ခြင်း၊ ညှိနှိုင်းခြင်း ဆွေးနွေးခြင်းဖြင့် တိုးတက်မှုတစ်စုံတစ်ရာရရှိပြီး ရက်စက်ကြမ်းကြုတ် မှုတွေကို အဆုံးသတ်နိုင်မလားဟု မျှော်လင့်လာကြသည်။ တကယ်တမ်းတွင် စစ်မှန်သော အကျိုးဆက်တွေ မရှိရာက ယင်းသို့ အလျှော့ပေး တွေးခေါ်လာခြင်းပဲဖြစ်သည်။

ရက်စက်ကြမ်းကြုတ်သော အာဏာရှင်စနစ်ကို ပြင်းပြင်း

ထန်ထန် ဆန့်ကျင်တိုက်ခိုက်ခဲ့ခြင်းဖြင့် ချောမွေ့အဆင်ပြေသော ရလဒ်ကို မရရှိပါ။ နိုင်ငံ အကျိုးလမ်းကို ဘာပြုလို့ ဆက်လျှောက်သွားမလဲ။ အာဏာရှင်စနစ် အဆုံးသတ်နိုင်ရေးအတွက် စကားပြောဆို ညှိနှိုင်းနိုင်တဲ့ ဆိုတော့ နည်းလမ်းတွေ မရှိတော့ဘူးလား။ အာဏာရှင် လက်ထဲမှာ ဒီမိုကရေစီသမားတွေက လူသားဆန်စေဖို့၊ သူတို့ရဲ့ အာဏာအလုံးစုံ ချုပ်ကိုင်မှုကို တစ်ထစ်ချင်း လျှော့ချစေဖို့ရာ ညှိနှိုင်းဆောင်မှုရော မပြုနိုင်တော့ဘူးလား။

တစ်ခါတစ်ရံတွင် အမှန်တရားသည် တစ်ဘက်တည်းမှာ ရှိနေတာမဟုတ်ဟု ဆင်ခြေပေးကြသည်။ ဒီမိုကရေစီသမားတွေသည် အာဏာရှင်ကို နားလည်မှု လွဲနေတာများလား။ အာဏာရှင်ကလည်း ရည်ရွယ်ချက်ကောင်းသော်လည်း ခက်ခဲသောအကျိုးဆက်ကို ရစေတာများလား။ နှစ်ဘက်လုံးက တစ်စုံတစ်ရာကို ရစေနိုင်မည့် နှစ်ဘက်လုံးက အနိုင်ရစေမည့် နည်းလမ်းကို အာဏာရှင်အား ကမ်းလှမ်းရင်ကောဟု တချို့က မေးကြတတ်သည်။ တိုက်ပွဲဝင်သည့်အတွက် ဟန့်တားမှုတွေ ဝေဒနာတွေ မလိုအပ်တော့။ တွေ့ဆုံဆွေးနွေးခြင်းနှင့်သာ ပဋိပက္ခကို ငြိမ်းအေးစေမည်ဆိုလျှင် အနာခံပြီး တိုက်ပွဲဝင်ဖို့ရာ မလိုတော့ပါ။ ဤသို့ တွေ့ဆုံဆွေးနွေးရေးကို ကျွမ်းကျင်သူတစ်ဦးတစ်ယောက် သို့မဟုတ် အခြားအစိုးရအဖွဲ့

တစ်ဖွဲ့၏ ကူညီမှုနှင့် ထောက်ရှက်ရှုမှုဖြစ်သည်။ ဤသို့သော အကြမ်း မဖက်သောနည်း၊ စစ်ရေးတိုက်ခိုက်မှုပြုခြင်းထက် ပိုမိုကောင်းမွန်ပြီး ခက်ခဲသော တိုက်ပွဲဝင်ဖို့ရန် မလိုအပ်တော့ပါ။

## ရလဒ်ကောင်းနှင့် အကန့်အသတ်ရှိသော ဆွေးနွေးမှု

တွေ့ဆုံဆွေးနွေးခြင်းက ပဋိပက္ခတွေကို ဖြေရှင်းရာတွင် အမှန်တကယ် အသုံးဝင်သော လက်နက်ကောင်းတစ်ခုဖြစ်သည်။ တွေ့ဆုံဆွေးနွေးခြင်းကို ဥပေက္ခာမပြုသင့်သလို မပစ်ပယ်သင့်ပါ။ သင့်လျော်သော နည်းလမ်းဖြစ်သည်။ တချို့သော အခြေအနေများတွင် အခြေခံကျကျ မဖြေရှင်းနိုင်ပါက ညှိနှိုင်းခြင်းက လက်ခံနိုင်ဖွယ်ရာ ဖြစ်သည်။ ပဋိပက္ခတွေကို ငြိမ်းအေးစေဖို့ရန် တွေ့ဆုံဆွေးနွေး ခြင်းက အရေးကြီးသောအချက်ဖြစ်သည်။ လုပ်ခကြေးငွေ တိုးမြှင့် ရရှိရေးအလုပ်သမားသပိတ်ပွဲတွေမှာ တွေ့ဆုံညှိနှိုင်းခြင်းဖြင့် အဆင်ပြေ ချောမွေ့နိုင်သည့် စံနမူနာတစ်ခုဖြစ်သည်။ သို့သော်လည်း ကြမ်း ကြုတ်သော အာဏာရှင်နှင့် နိုင်ငံရေးလွတ်မြောက်ခွင့် ကြိုးစားသော အဖွဲ့အစည်းတို့အကြား ပဋိပက္ခကို ဖြေရှင်းရာတွင်မူ အလုပ်သမား လုပ်ခပြဿနာ ဖြေရှင်းခြင်းနှင့်တော့ မတူညီနိုင်ပါ။ ဒါကတော့ ဖွန့်တားရမည့်ကိစ္စဖြစ်သည်။ အလျှော့အတင်း လုပ်ရမည့်အရာဖြစ်သည်။

ဘာသာရေးအခြေခံမှုများ၊ လူသားတို့၏ လွတ်မြောက်မှု၊ လူ့အဖွဲ့အစည်း၏ အနာဂါတ်ဖွံ့ဖြိုးတိုးတက်မှု စသည်တို့နှင့် ဝပ်လျှိုး၍မှု တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုသည် နှစ်ဘက်လုံးကျေနပ်စေမည့်အဖြေကို ထုတ်ပေးနိုင်မည် မဟုတ်ပါ။ အချို့သော အခြေခံကိစ္စရပ်များအတွက် မညှိနှိုင်းသင့်ပါ။ ဒီမိုကရေစီသမားတွေထံ အာဏာလွှဲပြောင်းပေးရေးကိစ္စမျိုးကမှု မိမိတို့အတွက် စိတ်ချအောင် လုပ်ရမည့် အခြေခံမှုဖြစ်သည်။ ယင်းသို့ဆို၍ ညှိနှိုင်းဆွေးနွေးမှုနည်းလမ်းကို ဘယ်တော့မှ မသုံးတော့ ပြောခြင်းမဟုတ်ပါ။ တောင့်တင်းခိုင်မာသော အတိုက်အခံ ဒီမိုကရေစီအင်အားစု မရှိဘဲနှင့်ကား အာဏာရှင်ကို ဖယ်ရှားရန်အတွက် တွေ့ဆုံဆွေးနွေးနည်းလမ်းသည် အမှန်အကန်မဟုတ်ကြောင်းကိုသာ ပြောလိုရင်းဖြစ်သည်။ တွေ့ဆုံဆွေးနွေးခြင်းနှင့် အလုံးစုံသောအဖြေကို မရနိုင်၊ အာဏာကို ခိုင်ခိုင်မြဲမြဲ ဆုပ်ကိုင်ထားနိုင်သော အာဏာရှင်သည် အတိုက်အခံ ဒီမိုကရေစီသမားများနှင့် တွေ့ဆုံဆွေးနွေးရန် ငြင်းပယ်လိမ့်မည်။ သို့မဟုတ် တွေ့ဆုံဆွေးနွေးပွဲကို စတင်အဆိုပြုသည်နှင့် ဒီမိုကရေစီ အတိုက်အခံသမားတို့ တမဟုတ်ချင်း ပျောက်ကွယ်သွားပြီး မည်သည့်အသံမှ မကြားရတော့တာမျိုးလည်း ဖြစ်နိုင်သည်။

## တွေ့ဆုံဆွေးနွေး၍ လက်နက်ချတာလား

အာဏာရှင်ကို ဆန့်ကျင်သော တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းတွေသည် ကောင်းမွန်သောလုပ်ရပ်တွေကို စဉ်းစားလာလေ့ရှိသည်။ အထူးသဖြင့် အာဏာရှင်စနစ်ကို နှစ်ပေါင်းများစွာ ဆန့်ကျင်တိုက်ပွဲဝင်လာရာကနေ ငြိမ်းချမ်းရေးကို လိုလားလာကြသည်။ အာဏာရှင်က စစ်ရေးအရ အသာစီးနေချိန်တွင် ဒီမိုကရေစီကို တိုက်ပွဲဝင်သူတို့က တွေ့ဆုံဆွေးနွေးရေးကို စဉ်းစားလာကြသည်။ ဒီမိုကရေစီသမားတို့၏ ဦးတည်ချက်ကို ကယ်တင်နိုင်မည့် အခြားနည်းလမ်းတစ်ခုကို ရှာဖွေရန် စဉ်းစားလာကြသည်။ အကြမ်းဖက်မှုကို တန်ပြန်အကြမ်းဖက်မှုနှင့် တုံ့ပြန်သော သံသရာကို အဆုံးသတ်လိုလာကြသည်။ အာဏာရှင်ကနေ ဒီမိုကရေစီအတိုက်အခံသမားတွေအား တွေ့ဆုံဆွေးနွေးရေးမှတဆင့် ငြိမ်းချမ်းရေးစကားဆိုလာလျှင်မူ မရိုးဖြောင့်မှုဖြစ်သည်။ အာဏာရှင်က သူတို့သဘောနှင့်သူတို့ အကြမ်းဖက်မှုကို ချက်ခြင်းပဲ အဆုံးသတ်သည်မှာ နိုင်ငံသားအချင်းချင်း စစ်ဆင်နေရမှုကို မလိုလားသည့်အတွက်ဖြစ်သည်။ သူတို့သဘောနှင့်သူတို့ စစ်ပွဲကို ရပ်စဲခြင်းက လူသားဂုဏ်သိက္ခာအတွက် မဟုတ်ပါ။ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးမည်၊ နှိပ်စက်မှုတွေ ရပ်ဆိုင်းမည်၊ စစ်ဆင်ရေးကို ရပ်မည်၊ အစိုး

အဖွဲ့ကနေ နောက်ဆုတ်သွားပြီး ပြည်သူကို တောင်းပန်သည်။

အာဏာရှင်က အင်အားတောင့်တင်းမှု ရှိနေစဉ် အတိုက်အခံ စစ်ဆင်မှုကလည်း ရှိနေသည်။ အာဏာရှင်က အတိုက်အခံတို့ကို လက်နက်ချစေပြီး ငြိမ်းချမ်းရေးအတွက် လုပ်ဆောင်လိုသည်။ တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းချက်က မေတ္တာရပ်ခံသည့်အသွင် ရှိသည်။ သို့သော် ဆွေးနွေးခန်းထဲတွင်မူ အန္တရာယ်ရှိသည်။ တကယ်လို့ အတိုက်အခံအင်အားစုကသာနေပြီး အာဏာရှင်အင်အား ရှိနဲ့နေချိန်တွင် အာဏာရှင်သည် သူတို့၏ အာဏာထိန်းချုပ်ပိုင်ခွင့် သို့မဟုတ် ရည်းစိမ်အတွက် ဖြစ်နိုင်သရွေ့ ထိန်းထားနိုင်ဖို့ရန် အတိုက်အခံအင်အားစုအား တွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိသည်။

အာဏာရှင်တို့က တွေ့ဆုံဆွေးနွေးရေး ကမ်းလှမ်းလာလျှင် ဖြစ်လာနိုင်သည့် ထောင်ချောက်ဆင်မှုတွေကို အတိုက်အခံတို့က တွက်ဆထားရမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံရေး လွတ်မြောက်မှုကိစ္စကို အာဏာရှင်က ထည့်သွင်းလာခဲ့လျှင် အတိုက်အခံတွေကို လက်နက်ချစေလို၍ဖြစ်သည်။ တစ်ချိန်တည်းတွင် အာဏာရှင်က အကြမ်းဖက်မှုကို ဆက်လက်လုပ်ဆောင်လိမ့်မည်။ ဤကဲ့သို့သော ပဋိပက္ခမျိုးတွေတွင် အာဏာရှင်၏ ချုပ်ကိုင်ထားမှုတို့ အလုံးစုံ ပျက်စီး၍ ပြည်ပသို့ အာဏာရှင်တို့ ထွက်ပြေးရန်

အခြေအနေဆိုက်သောအခါမှသာ တွေ့ဆုံဆွေးနွေးရေးဖြစ်လေ့ ရှိပါသည်။

## အာဏာနှင့်တရားစီရင်ရေးများကို ဆွေးနွေးခြင်း

ဤကဲ့သို့ နှစ်ဦးနှစ်ဘက် တွေ့ဆုံ၍ ညှိနှိုင်းဆွေးနွေးရာ၌ ကိုယ်စီကိုယ်စီ၏ ခံစားချက်များကို တိုးတက်ပြုပြင်ရန် လိုအပ်သည်။ ညှိနှိုင်းဆွေးနွေးပွဲကို မည်ကဲ့သို့ ကျင်းပမည်ဆိုသော အချက်ကို ရှင်းလင်းစွာ စဉ်းစားသင့်သည်။ ညှိနှိုင်းဆွေးနွေးသည် ဆိုရာ၌ မတူကွဲပြားသော အမြင်များကို နှစ်ဘက် အတူတကွ ကိုင်ပြီး တန်းတူညီမျှ ရေးဖြစ်ရမည်ဟု ဆိုလိုရင်း မဟုတ်ပါ။ နှစ်ဘက်လုံးက သတိရဖို့ရန်မှာ ပဋိပက္ခဖြစ်နေသော အမြင်တွေကို မျှတသော စီရင်ဆုံးဖြတ်ဖို့ မဟုတ်ဘဲ နှစ်ဦးနှစ်ဘက်က အာဏာ ခွဲဝေမျှဖို့ရန် မဟုတ်ဆိုသောအချက်တွေပဲဖြစ်သည်။ ခက်ခဲသော မေးခွန်းများကို စဉ်းစားဖို့ရန် လိုအပ်သည်။ ညှိနှိုင်းရေးအဆုံးတွင် သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် တစ်ဘက်က မလိုက်နိုင်ပါက မူလရည်မှန်းချက်ကို ရဖို့ရန် နှစ်ဦးစလုံးက ဘာလုပ်နိုင်မည်လဲဆိုတာ စဉ်းစားဖို့ရှိသည်။ သဘောတူညီချက်တော့ရပြီ သို့သော် တစ်ဘက်က ယင်းသဘောတူညီချက်ကို ချိုးဖောက်ပြီ

အင်အားဆုံးကာ သူ၏မူလရည်မှန်းချက်ရအောင်လုပ်မည်ဆိုလျှင်ကော ကျန်တစ်ဘက်က ဘာလုပ်မည်လဲ။

မည်သူမှားသည် မည်သူမှန်သည်ဆိုသော ရပ်တည်ချက်များနှင့်ကား၊ ညှိနှိုင်းဆွေးနွေး အဖြေရှာ၍ မရနိုင်ပါ။ ညှိနှိုင်းဆွေးနွေးပွဲတွင် တကယ်တမ်းအဓိကဆွေးနွေးရမှာက နှစ်ဦးနှစ်ဘက်လုံးက လက်ခံနိုင်မည့်အချက်များကိုသာ ဆွေးနွေးကြရန်ဖြစ်သည်။ ဒီမိုကရေစီသမားတွေအတွက် သူတို့ရဲ့ အနိမ့်ဆုံးတောင်းဆိုမှုတောင် မရရင် ဘာလုပ်မလဲ။ အာဏာရှင်ကရော အတိုက်အခံ ဒီမိုကရေစီသမားတွေအား မည်ကဲ့သို့ အလယ်အလတ်သဘောထား ဖြစ်လာအောင် လုပ်နိုင်မလဲ။ ကဲ ... သဘောတူညီချက်က ရပြီဆိုပါစို့၊ နှစ်ဘက်လုံး၏ အာဏာလုပ်ပိုင်ခွင့်ကို ညှိနှိုင်းပြီးသကာလ မည်ကဲ့သို့ တိုက်ပွဲဝင်မှုကို အဆုံးသတ်မလဲ။ သဘောတူညီချက်ရစေဖို့ရန် နှစ်ဘက်လုံးက ဘာတွေကို စွန့်လွှတ်မလဲဆိုခြင်းကို အလေးအနက်ထားရန်လိုသည်။ အောင်မြင်သော ညှိနှိုင်းဆွေးနွေးမှုတွင် သဘောထားကွဲပြားသောအချက်တွေကို ညှိနှိုင်း၍ ရှိသည်။ နှစ်ဦးနှစ်ဘက်လုံးက သူတို့လိုလားမှု၏ အစိတ်အပိုင်းကို ရရှိပြီး မူလဦးတည်ချက်၏ အစိတ်အပိုင်းကို စွန့်လွှတ်ရသည်။

ပြင်းထန်သောအပူအဆရှိသည့် အာဏာရှင်နှင့် ညှိနှိုင်းလျှင်

ဒီမိုကရေစီသမားတွေက ဘာတွေကို စွန့်လွှတ်မလဲ။ အာဏာရှင်၏ မည်ကဲ့သို့သော ရည်မှန်းချက်တွေကို ဒီမိုကရေစီသမားတွေက လက်ခံမလဲ။ အနာဂတ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ဆောက်သည့်အစိုးရ ဖြစ်လာစေရန်အတွက် ဒီမိုကရေစီအင်အားစုက နိုင်ငံရေး စစ်ရေးတွေကို အာဏာရှင်ကို ပေးအပ်မှာလား။ ဒီမိုကရေစီဆိုတာကရော ဘာတဲ့တုန်း။ ဆွေးနွေးညှိနှိုင်းပွဲက ချောမွေ့လို့နေပြီဆိုဦး၊ မည်ကဲ့သို့သော ငြိမ်းချမ်းရေးကို ရရှိမလဲ။ အခြေအနေက ပိုကောင်းလာမှာလား။ ပိုဆိုးသွားမှာလား၊ ဒီမိုကရေစီအင်အားစုက တိုက်ပွဲဆက်ဝင်ရဦးမှာလား။

## သဘောတူညီချက် ရယူနိုင်သောအာဏာရှင်များ

အာဏာရှင်ဆိုသည်မှာ တစ်ဦးနှင့်တစ်ဦး မတူကွဲပြား၊ သဘောထားရှိကြသည်။ အာဏာအတွက် နေရာအတွက် စည်းစိမ်ချမ်းသာအတွက် လူ့အဖွဲ့အစည်းကို ပြုပြင်တည်ဆောက်ဖို့ရန် သဘောထားအမျိုးမျိုးရှိသည်။ သို့သော် တစ်ခုအမှတ်ရဖို့ရာက အာဏာရှင်တိုင်းသည် သူတို့၏ ချုပ်ကိုင်မှုကိုတော့ မစွန့်လွှတ်ဆိုခြင်းပဲ ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးပွဲတွင် အာဏာရှင်က သူ၏ရည်မှန်းချက်ကို ဆုပ်ကိုင်ဖို့ ကြိုးစားမှာဖြစ်သည်။ ညှိနှိုင်းဆွေးနွေးပွဲများတွင်

အာဏာရှင်တို့က ကတိစကားကို ပေးလိမ့်မည်။ ဒါက အတိုက်အခံကို ချုပ်ကိုင်မိစေဖို့ ပေးတာဖြစ်ပြီး အဲဒီကတိစကားကိုပဲ အာဏာရှင်က အရှက်မရှိ ချိုးဖောက်လိမ့်မည်။ ဒီမိုကရေစီတိုက်ပွဲဝင်သူတွေက ဖိနှိပ်မှုတွေ လျော့ပါးစေဖို့ရန် တော်လှန်ရေး အရှိန်လျော့ချခဲ့ရင် စိတ်ပျက်စရာတွေ ဖြစ်လာလိမ့်မည်။ ပြည်တွင်းက ခုခံမှုတွေနှင့် ပြည်ပက ဖိအားပေးမှုတွေ လျော့ကျသွားသည်နှင့် အာဏာရှင်သည် ယခင်ကထက်ပင် ပိုမိုဆိုးရွားလှစွာ ကြမ်းတမ်းရက်စက်သော ဖိအားကို ပြုလာလိမ့်မည်။ ပြည်သူ့တော်လှန်ရေးက အားနည်းပြိုကွဲသည်နှင့် မင်းဆိုးမင်းညစ်သည် သူတို့ဆန္ဒရှိသည့်အတိုင်း၊ ရက်စက်ကြမ်းကြုတ်လိမ့်မည်။

ညှိနှိုင်းဆွေးနွေးရေးမဟုတ်၊ တိုက်ခိုက်တိုက်ပွဲဝင်ခြင်းကသာ အာဏာရှင်များကို ဖယ်ရှားနိုင်မည်ဖြစ်သည်။ ညှိနှိုင်းဆွေးနွေးခြင်းနှင့် အောင်ပွဲကို ရခဲ့သည် မဟုတ်ဘဲ အင်အားတောင့်တင်းသော တော်လှန်ရေးနည်းအား လိမ္မာကျွမ်းကျင်စွာ အသုံးပြုနိုင်သောကြောင့်သာ အောင်ပွဲရခြင်းဖြစ်သည်။ နိုင်ငံရေးအရ အာမခံမှု သို့မဟုတ် အကြမ်းမဖက်သောနည်းသည်သာ လွတ်မြောက်ရေးတိုက်ပွဲဝင်မှုအတွက် အသင့်တော်ဆုံးပဲဖြစ်သည်။

## ဘယ်လိုငြိမ်းချမ်းရေးမျိုးလဲ

အာဏာရှင်နှင့် ဒီမိုကရေစီသမားတွေအကြား ငြိမ်းချမ်းရေး စကားကိုပြောမည်ဆိုလျှင် အလေးအနက်ထား၍ ရှင်းလင်းစွာ စဉ်းစားဖို့ရာ လိုမည်။ အဘယ်ကြောင့်ဆိုသော် အန္တရာယ်တွေ ပါဝင်နေလို့ ဖြစ်သည်။ ငြိမ်းချမ်းရေးစကား ပြောသူတိုင်းသည် လွတ်လပ်ရေးနှင့် တရားမျှတမှု ပါဝင်သော ငြိမ်းချမ်းရေးကို အလိုရှိကြသည် မဟုတ်ပါ။ ရက်စက်ယုတ်မာသော လူများစွာကို ဖိနှိပ်သော အာဏာရှင်မှာ ငြိမ်းချမ်းရေးဆိုတာ မရှိပါ။ ဟစ်တလာလည်း ငြိမ်းချမ်းရေးစကားကို ဆိုခဲ့ဖူးသည်။ သို့သော် သူ့ဆိုလိုတာက နာခံဖို့ ဖြစ်သည်။ အာဏာရှင်ပြောသော ငြိမ်းချမ်းရေးဆိုသည်မှာ ထောင်နှင့် သင်္ချိုင်းထက် ပိုလွယ်ရာမရှိပါ။ တခြားအန္တရာယ်တွေ ရှိသေးသည်။ တွေ့ဆုံဆွေးနွေးပြုသူတို့က ရည်ရွယ်ချက်နှင့် ရှုပ်ထွေးသွားအောင် ပြုတတ်သည်။ တစ်ခါတစ်ရံတွင် တွေ့ဆုံဆွေးနွေးခြင်း၏ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များကိုယ်တိုင်က ရှုပ်ထွေးနေတတ်သည်။ ဒီမိုကရေစီသမားများနှင့် နိုင်ငံတကာက ဆွေးနွေးပွဲ ကျွမ်းကျင်သူတို့ ပါဝင်လာခြင်းက ပြည်တွင်းနှင့် နိုင်ငံတကာ တရားဝင်မှုနှင့် အာဏာရှင်ကို တစ်ချက်တည်း အလဲထိုးရာ ရောက်သေးသည်။ အာဏာရှင်က နိုင်ငံတကာကို ဆုပ်ကိုင်ထားပြီး လူ့အခွင့်အရေး

များကို ချိုးဖောက်ကြမ်းကြုတ် ရက်စက်သည်။ အဲဒီ လူ့အခွင့်အရေး ချိုးဖောက်မှု ရက်စက်ကြမ်းကြုတ်မှုတွေသာ အာဏာရှင်က မပြုခဲ့လျှင် တရားဝင်မှု အနေအထား လိုအပ်သည်ဖြစ်၍ အာဏာရှင်သည် ကာလရှည်ကြာစွာ အကန့်အသတ်မဲ့ အုပ်ချုပ်ဖို့ဆိုခြင်းက မဖြစ်နိုင်ပါပေ။

## မျှော်လင့်ချက်အတွက် အကြောင်းပြချက်များ

ရှေ့တွင် ဖော်ပြခဲ့သလို ဒီမိုကရေစီတိုက်ပွဲဝင်သူတွေအတွက် မျှော်လင့်ချက်ကင်းမဲ့နေစေကာမူ ဆွေးနွေးညှိနှိုင်းပွဲသို့ တက်ရောက်ရန် ဖိအားပေးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ အာဏာကင်းမဲ့မှု ခံစားချက်က ပြောင်းလဲသွားနိုင်သည်။ အာဏာရှင်စနစ်က အမြဲရှိနေမည်မဟုတ်ပါ။ အာဏာရှင်စနစ်အောက်က ပြည်သူတို့သည် အမြဲပင် အင်အားနည်းနေမည် မဟုတ်သလို အာဏာရှင်ဆိုသည်ကလည်း ကာလအကန့်အသတ်မရှိ အင်အားတောင့်တင်းနေမည် မဟုတ်ပါ။ လူတစ်စုက အုပ်ချုပ်သော စနစ်နှင့် မင်းဆိုးမင်းညစ်တို့မည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေထက် သက်တမ်းတိုပါသည်။ ဂရိပညာရှိ အရစ္စတိုတယ်က ဆိုခဲ့သည်။ မင်းဆိုးမင်းညစ်ဟူသည် သက်တမ်း ရှေည်ပါ။ ခေတ်သစ်အာဏာရှင်စနစ်များက ပို၍ ခံနိုင်ရွမ်း

မရှိကြပါ။ သူတို့၏ အားနည်းချက်တွေက ဖုံးဖိထားရာပြီး အာဏာရှင်များ၏ အာဏာက ပို၍ အင်အားနည်းသည်။ မကြာသေးသည့် သမိုင်းတွင် မြင်တွေ့ရသော အာဏာရှင်စနစ်များက ပို၍ ခံနိုင်ရည်စွမ်း မရှိပါ။ ကာလတစ်ခုအတွင်းမှာပဲ သူတို့က ပြိုလဲသွားခဲ့သည်။ ၁၉၈၀ မှ ၁၉၉၀ အတွင်း၌ ပိုလန်၊ အရှေ့ဂျာမဏီ၊ ချက်ကိုစလိုဗေးကီးယား၊ ကွန်မြူနစ်စနစ်များသည် ၁၉၈၉ ခုနှစ်တွင် ရက်သတ္တပတ်အနည်းငယ်အတွင်း ပြိုလဲခဲ့သည်။ အယ်လ်ဆာဗေးဒိုး၊ ဂွါတီမာလာနိုင်ငံများက စစ်အာဏာရှင်စနစ်များမှာ နှစ်ပတ်အတွင်း ပြိုလဲခဲ့သည်။ အီရန်က ရှားဘုရင်ကို ဖြုတ်ချရန် လအနည်းငယ်သာ လိုသည်။ ၁၉၈၆ ခုနှစ်တွင် ဖိလစ်ပိုင်အာဏာရှင်မားကို့စ်အား ပြည်သူ့အာဏာအင်အားစုက လအနည်းငယ်အတွင်း ဖြုတ်ချခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက် ယူနီယံက သဘောထားတင်းမာသူတို့၏ အာဏာသိမ်းရန် ကြံစည်မှုကို နိုင်ငံရေးအာခံသူတို့က ရက်အနည်းငယ်အတွင်း ပိတ်ဆို့ဖယ်ရှားခဲ့သည်။ ထို့နောက် အာဏာရှင်တို့၏ ကာလရှည်ကြာ လွှမ်းမိုးချုပ်ကိုင်ခဲ့ရသော နိုင်ငံအများအပြား လွတ်မြောက်လာခဲ့ကြလေသည်။

ရှေးဟောင်းအယူအဆတစ်ရပ်ဖြစ်သော အကြမ်းမဖက်တော်လှန်ရေးကသာ လျင်မြန်စွာ အောင်ပွဲခံ၍ အကြမ်းမဖက်သော

နည်းလမ်းက အချိန်ယူဖို့ရန်လိုသည်ဆိုသော အချက်မှာ အမြဲတမ်း မမှန်ကန်ချေ။ အခြေအနေပေးပါက အချိန်အများကြီး ယူကောင်း ယူရမည်ဖြစ်သော်လည်း အာဏာရှင်ကို တကယ်တမ်း ဆန့်ကျင် တိုက်ခိုက်ဖို့ရန်အတွက် အကြမ်းမဖက်သော လှုပ်ရှားသူတွေက လျင်မြန်စွာ လုပ်ကိုင်နိုင်ခဲ့သည်လည်းရှိသည်။ ညှိနှိုင်းဆွေးနွေး ခြင်းဟူသည် သုတ်သင်ခြေမှုန်းခြင်းနှင့် အရှုံးပေးခြင်းတို့အနက် တစ်ခုခုကို ရွေးချယ်ရန် မဟုတ်ပါ။ ငြိမ်းချမ်းရေးနှင့် လွတ်မြောက် ရေးကို အလိုရှိသော နိုင်ငံရေးတိုက်ပွဲဝင်သူတို့၏ အခြားအမြင် တစ်ရပ်ပဲဖြစ်သည်။

❖ ❖ ❖ ❖ ❖

အခန်း(၃)

# အာဏာကို ဘယ်တော့ရမှာလဲ

လူ့အဖွဲ့အစည်းတစ်ခုကို လွတ်လပ်မှုနှင့် ငြိမ်းချမ်းရေးတို့နှင့် အတူ ထူထောင်ရှိရန်ဆိုခြင်းက သမရိုးကျ လုပ်ငန်းစဉ်တစ်ခု မဟုတ်ပါ။ ကြီးမားသော မဟာဗျူဟာ ကျွမ်းကျင်မှု၊ စည်းလုံးညီညွတ်မှုနှင့် စိမ်ကိန်းတို့ လိုအပ်သည်။ ဒါတွေအပြင် ဝွမ်းရည်လည်းလိုသည်။ ဒီမိုကရေစီအင်အားစုတို့သည် ၎င်းတို့၏ဝွမ်းရည်ကို ထိရောက်အောင် အသုံးမချနိုင်ဘဲနှင့် အာဏာရှင်ကို ဖြုတ်ချ၍ နိုင်ငံရေးလွတ်လပ်မှုကို ထူထောင်နိုင်လိမ့်မည်ဟု မမျှော်လင့်နိုင်ပါ။

သို့သော် ဒါတွေက ဘယ်လိုနည်းနဲ့ ဖြစ်လာနိုင်မလဲ။ အာဏာရှင်ကို ဖြုတ်ချပြီး ယင်း၏ ကျောရိုးမဏ္ဍိုင်ဖြစ်သော စစ်တပ်နှင့် ရဲကို ဖြိုခွဲနိုင်ဖို့ရန်အတွက် ဒီမိုကရေစီ အတိုက်အခံတွေ စည်းလုံးညီညွတ်မှု ရှိစေမည့် ဝွမ်းရည်မျိုးဆိုတာကရော ဘယ်လိုအမျိုးအစားမျိုးလဲ။ နိုင်ငံရေးဝွမ်းရည် ဆိုခြင်းကို နားလည်ရန်လိုသည်။ ဒါကို လေ့လာဖို့ရာက သိပ်ခက်လှသည်မဟုတ်။ အချို့သော အခြေခံအချက်အလက်များက ရိုးရိုးလေးပါ။

## မျောက်သခင်ပုံပြင်

၁၄ ရာစုခေတ် တရုတ်ရိုးရာပုံပြင်ဖြစ်သည်။ တရုတ်ပညာရှိ လျူကျိ ***(Liuji)***၏ ရေးသားချက်ဖြစ်သည်။ နိုင်ငံရေးစွမ်းအားကို ကောင်းစွာနားမလည်ကြောင်း ရည်ညွှန်းသည်။ ချူပြည်နယ်တွင် အဘိုးအိုတစ်ယောက်သည် မျောက်တွေကို ခိုင်းစားခြင်းနှင့် အသက်မွေးခဲ့သည်။ နံနက်တိုင်းပဲ သူ့ခြံထဲတွင် မျောက်တွေကို တန်းစီခိုင်းပြီး မျောက်ခေါင်းဆောင်အား တခြားမျောက်တွေအား ဦးဆောင်ပြီး တောတောင်ထဲက သစ်သီးတွေ ခူးခိုင်းသည်။ စည်းကမ်းမှာ မျောက်တစ်ကောင်ခူး၍ ရသမျှထဲက ဆယ်ပုံတစ်ပုံကို သူက ယူသည်။ ဤအမိန့်ကို မလိုက်နာသောမျောက်သည် ရိုက်နှက်ခံရသည်။ ဤအမိန့်ကို မျောက်တွေက မနှစ်မြို့ပေသည့် မလွန်ဆန်ခဲ့ကြပေ။ တစ်ရက်တွင် မျောက်ငယ်လေးတစ်ကောင်က တခြားမျောက်တွေကို မေး၏။

"နေပါဦး၊ ဒီတောထဲက သစ်ပင်တွေကို ဒီအဘိုးကြီးက စိုက်ထားတာမို့လား"

တခြားမျောက်တွေက ဖြေသည်။

"သူ့သဘာဝအလျောက် ပေါက်နေတာပါကွာ"

ဒီတော့ မျောက်ငယ်က ဆက်ပြောသည်။

"အဘိုးကြီးက ခွင့်မပေးလည်း ငါတို့ ခူးလို့ရသားပဲ မဟုတ်လား"

"အေး ... ဟုတ်တယ်၊ ငါတို့ ခူးလို့ရတယ်"ဟု တခြားမျောက်တွေက ပြောသည်။ ထိုအခါ မျောက်ငယ်က ...

"ဒါဆိုလည်း ငါတို့က ဘာပြုလို့ သူ့ကို အလုပ်အကျွေးပြုနေရဦးမှာတုန်း"

မျောက်ငယ်၏စကားမဆုံးခင်မှာပဲ မျောက်အားလုံးသည် သဘောပေါက်နားလည်သွားကြသည်။ ထိုညမှာပဲ အဘိုးအိုက အိပ်မောကျနေစဉ်ဝယ် မျောက်တွေသည် သီးနှံသိုလှောင်ရုံကို ဖျက်ကာ သိုလှောင်ရုံထဲက သစ်သီးတွေကိုယူ ကျန်တာတွေကို ဖျက်ဆီးပြီး တောထဲသို့ ထွက်သွားကြလေတော့သည်။ အဘိုးအိုလည်း အစာငတ်၍ သေလေ၏။

စာရေးဆရာက ရေးသည်။ တချို့လူတွေသည် ပြည်သူကို လှည့်စား၍ အုပ်ချုပ်သည်။ တရားမျှတမှုကင်းမဲ့သည်။ ထိုသူတို့သည် "မျောက်သခင်"လို လူစားတွေပဲဖြစ်သည်။ သူတို့သည် ဤသို့ မြှုမ်ရာက ရရှိလာမည့် မကောင်းကျိုးတွေကို မစဉ်းစားတတ်ကြ။ ပြည်သူသဘောပေါက် နားလည်လာသည်နှင့် သူတို့လှည့်စားမှုတွေသည် အချည်းနှီးဖြစ်ရတော့သည်။

## နိုင်ငံရေးစွမ်းအား၏ အခြေခံလိုအပ်ချက်

အခြေခံစည်းမျဉ်းက ရိုးရိုးလေးပါ။ အာဏာရှင်ဆိုတာက သူ့ပြည်သူ၏ ထောက်ပံ့ကူညီမှုကို လိုအပ်သည်။ ပြည်သူ၏ အကူအညီမပါဘဲနှင့် အာဏာရှင်သည် ချုပ်ကိုင်နိုင်စွမ်း၊ မရှိဘဲ နိုင်ငံရေးအာဏာကို ထိန်းထားနိုင်မည် မဟုတ်ပါ။ နိုင်ငံရေးစွမ်းအား၏ အခြေခံတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

လုပ်ပိုင်ခွင့်အာဏာ = အုပ်ချုပ်ရေးအဖွဲ့သည် တရားဝင်ဖြစ်ပြီး၊ အုပ်ချုပ်ရေးအဖွဲ့၏အမိန့်ကို လိုက်နာရမည်ဟူသော လူထု၏ ယုံကြည်ချက်။

လူသားအရင်းအမြစ် = အုပ်ချုပ်ရေးအဖွဲ့ကို လိုက်နာခြင်း၊ ပူးပေါင်းခြင်း၊ အထောက်အပံ့ပြုခြင်းကို လုပ်ပေးနေသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတွေ၏ အရေအတွက်။

ကျွမ်းကျင်မှုနှင့် ဗဟုသုတ = ရှင်းလင်းပြတ်သားစွာ အုပ်ချုပ်ရေးအဖွဲ့က လုပ်ဆောင်နိုင်ပြီး၊ သူ့ကို ဝန်းရံပံ့ပိုးနေသော လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများကို သိနားလည် သဘောပေါက်ခြင်း။

ဆုပ်ကိုင်မပြနိုင်သော အကြောင်းတရား = စိတ်ဓာတ်ရေးရာနှင့် သဘောတရားရေးရာ သို့မဟုတ် မူဝါဒရေးရာအရ ပြည်သူက လိုက်နာပြီး ထောက်ပံ့ကူညီအောင် လုပ်ဆောင်နိုင်ခြင်း။

ရှပ်ပိုင်းဆိုင်ရာ အခြေခံများ = အုပ်ချုပ်ရေးအဖွဲ့သည် အဆောက်အဦး သဘာဝအရင်းအမြစ်များ ငွေကြေးဆိုင်ရာ အရင်း အမြစ်များ၊ စီးပွားရေးစနစ်နှင့် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍများကို ချုပ်ကိုင်၍ လုပ်နိုင်စွမ်းရှိခြင်း။

အရေးယူဆောင်ရွက်မှုများ = ပြစ်ဒဏ်ပေးခြင်း၊ အမိန့် မနာခံသော၊ ပူးပေါင်းပါဝင်မှုမရှိသော သူတို့ကို အရေးယူ ဆောင်ရွက် ခြင်းတို့က အုပ်ချုပ်ရေးအဖွဲ့၏ တည်ရှိမှုနှင့် မူဝါဒအကောင်အထည် ဖော်ရေးအတွက် လိုအပ်သည်။

ဤအခြေခံမှုများတွင် အုပ်ချုပ်ရေးအဖွဲ့ကို လက်ခံမှုနှင့် လိုက်နာမှုတွေ လိုအပ်သည်။ ပြည်သူနှင့် အဖွဲ့အစည်းတွေ၏ ပံ့ပိုး ကူညီမှုရရန်လိုသည်။ အပြည့်အဝ ပူးပေါင်းဆောင်ရွက်မှု၊ အမိန့်နာခံမှု၊ ထောက်ပံ့ကူညီမှုများသည်သာ လိုအပ်နေသော စွမ်းအားဖြစ်ပေါ်လာစေဖို့ရန် လိုအပ်သည်။ မည်သည့်အစိုးရအဖွဲ့ မဆိုတို့၏ အာဏာသက်ရောက်စေဖို့ရန် လိုအပ်ချက်ဖြစ်သည်။ တစ်ဖက်တွင် ကျူးကျော်သူတွေ အာဏာရှင်တွေသည် လူထု ထောက်ခံမှု၊ လူထုလူတန်းစားအဖွဲ့တွေ၏ ပံ့ပိုးကူညီမှု မပါရှိဘဲနှင့် အာဏာကို တည်ဆောက်နိုင်မည် မဟုတ်ပါ။ ယင်းသို့ ပြည်သူနှင့် အဖွဲ့အစည်းတွေ၏ ထောက်ခံမှု ပူးပေါင်းမှုမပါရှိလျှင် အုပ်ချုပ်ရေး

အာဏာက အားနည်းလာပြီး နောက်ဆုံးပြိုလဲမည်သာဖြစ်သည်။ သဘာဝအားဖြင့် အာဏာရှင်ဟူသည် အထိမခံ ဒျှေပန်းကာနီဖြစ်လေ့ ရှိပြီး သူတို့ကြိုက်သလို လုပ်လေ့ရှိသည်။ ထို့ကြောင့်လည်း အာဏာရှင်တို့သည် အမိန့်မနာခံသူတွေ သပိတ်မှောက်သူတွေ မပူးပေါင်းသူတွေကို ခြိမ်းခြောက်ခြင်း ပြစ်ဒဏ်ပေးခြင်း ပြုလေ့ ရှိလေသည်။ သို့သော် ဤသို့သော အဓမ္မလုပ်ရပ်တွေက ပုံပြင် လေးတစ်ပုဒ်၏ နိဂုံးမဟုတ်ပါ။ ဖိနှိပ်ခြင်း ရက်စက်ကြမ်းကြုတ်ခြင်း တို့နှင့် နာခံမှု ပူးပေါင်းမှုတို့ကို အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုကို ဖြစ်စေနိုင်မည် မဟုတ်ပါ။ ယင်းသို့ ဖိနှိပ်နေသည့်တိုင်အောင် အာဏာတည်မှုက အကန့်အသတ်ဖြစ်မည်။ ရပ်စဲသွားမည်။ အချို့ ရလဒ်က ဘာဖြစ်လာမည်လို့ မပြောနိုင်တဲ့ အာဏာရှင်စနစ်အတွင်း ရှုပ်ထွေးမှုတွေ ဖြစ်လာပေလိမ့်မည်။ ယင်းသည် အာဏာရှင်စနစ်၏ အားနည်းမှု ဖြစ်လာစေသည်ဆိုခြင်းကို ရှင်းလင်းစွာ သိမြင်နိုင်သည်။ အာဏာကို ချုပ်ကိုင်ထားခြင်းကြောင့် အာဏာရှင်အုပ်ချုပ်ရေးအဖွဲ့ တွင် မလှုပ်မရှားနိုင် ဖြစ်လာပြီး တချို့ကိစ္စတွေတွင် တစ်စစီ ပြိုကွဲသွားခြင်းမျိုး ဖြစ်လာသည်။ အနှေးနှင့်အမြန်ဆိုသလို အာဏာရှင် တို့၏ အာဏာသည် ကျဆုံးရလေတော့သည်။

မည်သည့်လွတ်လပ်သော အစိုးရအဖွဲ့ သို့မဟုတ် မင်းဆိုးမင်းညစ်အစိုးရအဖွဲ့တို့၏ စွမ်းဆောင်နိုင်ရည်ဆိုသည်မှာ ယင်းအစိုးရအဖွဲ့တို့သည် လွတ်လပ်စွာ ဆုံးဖြတ်လုပ်ဆောင်နိုင်စွမ်းနှင့် လွတ်လပ်စွာ လုပ်ဆောင်လိုစိတ်တို့ အပေါ်တွင်လည်းကောင်း၊ သူတို့အား ကြိုးကိုင်ချယ်လှယ်မှုတွေကို တွန်းလှန်နိုင်စွမ်းရှိမှုအပေါ်တွင်လည်းကောင်း မူတည်၍နေသည်။ အကြွင်းမဲ့အာဏာရှင်စနစ်၌ပင်ဖြစ်စေ ပြည်သူလူထု၏ ဆန္ဒသဘောထား အသင်းအဖွဲ့တွေ၏ ဆန္ဒသဘောထားတွေနှင့် ကိုက်ညီမှုမရှိဘဲ ဆန့်ကျင်နေမှုအပေါ်တွင် ယင်းအစိုးရအဖွဲ့တို့၏ လုပ်ဆောင်နိုင်စွမ်းက မူတည်၍နေသည်။ ၁၉၅၃ ခုနှစ်တွင် နိုင်ငံရေးသိပ္ပံပညာရှင် ကားလ်ဒဗလျူးဒွိုက်ရှ်က ရေးသားခဲ့သည်မှာ "အကြွင်းမဲ့အာဏာရှင်စနစ်ဆိုတာ တောင့်တင်းခိုင်မာပါသည်။ သို့သော် မကြာခဏ ဖိနှိပ်မှုတွေ မပြုမှသာ ယင်းသို့ တောင့်တင်းခိုင်မာနိုင်သည်။ အကယ်၍ အကြွင်းမဲ့အာဏာရှင်စနစ်သည် ပြည်သူ၏ဆန္ဒနှင့် ဆန့်ကျင်၍သာ တစ်ချိန်လုံး ကျင့်သုံးနေပါသော် ယင်းအကြွင်းမဲ့အာဏာရှင်စနစ်က ရေရှည်ခံဖို့ရာ အကြောင်း မရှိတော့ပေ။ အင်္ဂလိပ်ဥပဒေရေးရာပညာရှင် ဖွန်ဒေဘ်စတောင်က မူ အကယ်၍သာ ပြည်သူတစ်ရပ်လုံးက အစိုးရကို ချေမှုန်းရန် ဆုံးဖြတ်ခဲ့ပါက ယင်းအစိုးရရော ယင်းအစိုးရကို ထောက်ခံအားပေး

နေသူတွေရော ပြည်ပက ထောက်ပံ့အားပေးမှုပင် ရနေစေဦးတော့ ပြည်သူက မုန်းတီးသောအစိုးရကို ဖုံ့ဖိုးမှုပြုနိုင်တော့မည် မဟုတ်ပါ” ဟု ဆိုခဲ့သည်။

နီကိုလေးမာချီဗီလီကမူ “ပြည်သူကို ရန်သူလို့ သတ်မှတ်သူတွေသည် သူတို့သူတို့၏ ရက်စက်မှုတွေကို တိုးမြှင့်လာသည်နှင့်အမျှ ယင်းအုပ်ချုပ်ရေးအဖွဲ့က အားနည်းလာမည်သာဖြစ်သည်” ဟု ပြောခဲ့သည်။

ဤကဲ့သို့ လက်တွေ့ကျသော သုံးသပ်ချက်တွေ၏ မှန်ကန်မှုအား ဒုတိယကမ္ဘာစစ်အတွင်း ကနာဇီတွေကို နော်ဝေနိုင်ငံသားတွေ၏ တွန်းလှန်မှု၊ အခန်း(၁)တွင် ပြောခဲ့သော ပိုလန်လူမျိုးတွေ ဂျာမန်လူမျိုးတွေ ချက်တွေ စလိုဗက်တွေ ကွန်မြူနစ်ကျူးကျော်မှုနှင့် အာဏာရှင်စနစ်ကို တွန်းလှန်သူတွေ နောက်ဆုံး ဥရောပ၌ ကွန်မြူနစ်ဝါဒ၏ ကျဆုံးခန်းများက သက်သေပြခဲ့သည်။ အကြမ်းမဖက်သော တော်လှန်ရေးက အာရှ အာဖရိက၊ အမေရိကတိုက်၊ ဩစတြေးလျတိုက်နှင့် ပစ္စိဖိတ်ကျွန်းနိုင်ငံများ၊ ဥရောပတိုက်ပါမကျန် ဖြစ်ပွားပေါ်ပေါက်ခဲ့သည်။ အစိုးရတစ်ရပ်၏ အာဏာသည် အောက်ပါအချက်များပေါ်တွင် မူတည်သည်။ (၁) အစိုးရ၏အာဏာကို ပြည်သူက ကန့်သတ်လိုမှု ရှိမရှိ (၂) အာဏာတည်တံ့ရေးတွင် လူတော်သည်

သော အဖွဲ့အစည်းများက ပံ့ပိုးကူညီခြင်း ရှိမရှိ၊ (၃) ပြည်သူက ဆန္ဒသဘောတူညီမှု ပံ့ပိုးကူညီခြင်း ရှိမရှိဆိုသောအပေါ်တွင် မူတည်နေပေသည်။

## ဒီမိုကရေစီအင်အားစု၏ ဇဟိုချက်မများ

ဒီမိုကရေစီအစိုးရတစ်ရပ်တွင် အစိုးရမဟုတ်သော အစုအဖွဲ့များ၊ ပညာရေးလူမှုရေးဆိုင်ရာ အသင်းများ ရှိရသည်။ ဥပမာ အားဖြင့် မိသားစုများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ယဉ်ကျေးမှုဆိုင်ရာအသင်းများအား ကစားကလပ်များ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ကုန်သွယ်ရေးအသင်းအဖွဲ့များ၊ ကျောင်းသားအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ရွာများ၊ အိမ်နီးချင်းအဖွဲ့များ၊ စိတ်ပျိုးဥယျာဉ်ကလပ်အသင်းများ၊ လူ့အခွင့်အရေးအဖွဲ့များ၊ ဂေါဓိတအစုအဖွဲ့များ၊ စာပေအသင်းအဖွဲ့များနှင့် အခြားအသင်းအဖွဲ့များဖြစ်သည်။ ယင်းအဖွဲ့တွေသည် နိုင်ငံရေးအသွင်ဆောင်ရသည်။ ဤအဖွဲ့တွေအပေါ်တွင် အစိုးရကဖြစ်စေ၊ အခြားအဖွဲ့အစည်းကဖြစ်စေ၊ ဩဇာသက်ရောက်ရန် ကြိုးပမ်းလာလျှင် တွန်းလှန်နိုင်ရမည်။ တော်ပြီ၊ အဖွဲ့အစည်းဝင် မဟုတ်သော တစ်ဦးချင်းသော ပုဂ္ဂိုလ်တွေတွင် ကျန်သော လူမှုအဖွဲ့အစည်းလို ထင်ရှားသော အသွင်အပြင် မရှိပါ။ အစိုးရထိုခြင်း

ကိုဖြစ်စေ၊ အာဏာရှင်မဟုတ်ခြင်းကိုဖြစ်စေ သုံးသပ်သိမြင်ဖို့ရာ မရှိပါ။ ယင်းလူမှုရေးအသင်းအဖွဲ့တွေကိုသာ အာဏာရှင်က ဖိနှိပ်ချုပ်ကိုင်ခဲ့လျှင် ပြည်သူမှာ အကူအညီကင်းမဲ့သွားမည်ဖြစ်သည်။ ဒို့အပြင် ဗဟိုအစိုးရက ယင်းအဖွဲ့အစည်းတွေအား သူ့အလိုလို အာဏာရှင် ဆန်စေခဲ့လျှင် သို့မဟုတ် သူတို့လူတွေနှင့် အစားထိုးလာခဲ့လျှင် အဖွဲ့ဝင်တစ်ဦးချင်းစီကို ယင်းအဖွဲ့ကိုပါ ဩဇာသက်ရောက်သွားမည်ဖြစ်သည်။ ယင်းလူမှုရေးပညာရေးအဖွဲ့တွေသည် အစိုးရထိန်းချုပ်မှုအောက်က ကင်းလွတ်နေစေရေးသည် နိုင်ငံရေးအာခံသူတွေအတွက် အရေးကြီးသောအချက်ဖြစ်သည်။ အာဏာရှင်စနစ်တစ်ရပ်သည် ပြိုကွဲပျက်ပြုလာပြီ သို့မဟုတ် အင်အားနည်းလာသည်ဆိုခြင်းမှာ ယင်းအဖွဲ့အစည်းတွေနှင့် ပြည်သူက နိုင်ငံရေးအာခံသူတွေ သတ္တိပြောင်မြောက်လာအောင် လုပ်နိုင်လို့သာဖြစ်သည်။

ပြည်သူသည် ယင်းအဖွဲ့အစည်းတွေကနေ အာဏာရှင်ကို ဖိအားပေးနိုင်သည်။ ခုခံနိုင်သည်။ အနာဂါတ်တွင် လွတ်လပ်သောလူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်စေဖို့ရန် ယင်းအသင်းအဖွဲ့များက မရှိမဖြစ် ဖြစ်သည်။ ယင်းအသင်းအဖွဲ့များ၏ အမှီအခိုကင်းမဲ့စွာကြီးထွားလာခြင်းက လွတ်မြောက်ရေးတိုက်ပွဲ အောင်မြင်ဖို့ကူညီအထောက်အကူဖြစ်သည်။ အာဏာရှင်စနစ်က ယင်းသို့သော

သီးခြား လွတ်လပ်သည့် အဖွဲ့အစည်းတွေကို ဖျက်ဆီးခဲ့လျှင် ချုပ်ကိုင်လာခဲ့လျှင်လည်း အသစ်အသစ်သော လူမှုရေးအဖွဲ့အစည်းတွေ ထပ်မံဖွဲ့စည်းခြင်း ပြုရမည်။ သို့မဟုတ် ပြည်သူက ယင်းအဖွဲ့အစည်းတွေတွင် တစ်စိတ်တစ်ပိုင်းအားဖြင့် ဒီမိုကရေစီအင်အားစုက ကိုင်တွယ်နိုင်ရန် ဆောင်ရွက်ရမည်။ ၁၉၅၆-၅၇ တန်ဂေရီတော်လှန်ရေးတွင် ဒီမိုကရေစီအင်အားစုသည် ယင်းသို့သော လူမှုရေးပညာရေးအဖွဲ့ပေါင်းများစွာကို ရက်သတ္တပေါင်းများစွာ ဖွဲ့စည်းနိုင်ခဲ့သည်။ ၁၉၈၀ပြည့် နောက်ပိုင်း ပိုလန်နိုင်ငံတွင် တရားမဝင် အလုပ်သမား သမဂ္ဂ ***Solidarity*** ကို ဖွဲ့စည်းပြီး ကွန်မြူနစ်တို့ ထိန်းချုပ်ရာ တစ်ပိုက် ယူနီယံပေါ် သမဂ္ဂတွေအပေါ် အသာစီးရထိန်းချုပ်နိုင်ခဲ့ သည်။ နိုင်ငံရေးအကျိုးဆက်ကောင်းများ ရရှိစေဖို့ရန် ယင်းအစိုးရ မဟုတ်သော အဖွဲ့အစည်းများက အရေးပါသည်။

ဤကဲ့သို့ဆိုသောကြောင့် အာဏာရှင်စနစ်ကို ဖြိုလှဲရန် လွယ်ကူသည်ဟုလည်းကောင်း၊ ကြိုးပမ်းမှုတိုင်းအောင်မြင်မည်ဟုလည်းကောင်း မဆိုလိုပါ။ နိုင်ငံရေးတိုက်ပွဲတွင် အထိအနိုက်အကျအရှုံး မရှိနိုင်ဟုလည်း မဆိုလို၊ အာဏာရှင်စနစ်ဆိုခြင်းက ပုံစံအမျိုးမျိုးရှိသည်။ အာဏာရှင်စနစ်ဆိုသည်မှာ ဖြိုကွဲရန်လွယ်သည်

ပြိုပျက်ရန်လွယ်သည်ဟု မဆိုလိုပါ။ အတိုက်အခံနိုင်ငံရေးအင်အားစု၏ လိမ္မာကျွမ်းကျင်မှုအပေါ်တွင် မူတည်သည်။

## အခန်း(၄)

# အာဏာရှင်စနစ်တွင် အားနည်းချက်ရှိသည်

အာဏာရှင်စနစ်ကို တစ်ခါတစ်ရံတွင် တိုက်ခိုက်ပြီးခဲ့၍ မရနိုင်ပါ။ တောက်လျှမ်းရေးအဖွဲ့များ၊ ရဲတပ်ဖွဲ့၊ စစ်တပ်၊ ထောင်များ၊ အလုပ်ကြမ်းစခန်းများ၊ သေဒဏ်စီရင်ရေးအဖွဲ့ စသည်တို့ကို အာဏာရှိသူ အနည်းငယ်တို့က ထိန်းချုပ်ထားသည်။ နိုင်ငံတစ်နိုင်ငံ၏ ဘဏ္ဍာရေး၊ သဘာဝသယံဇာတ၊ ကုန်ထုတ်လုပ်မှုစွမ်းအား စသည်တို့ အာဏာရှင်စနစ်၏ အသက်သွေးကြောတွေပဲဖြစ်သည်။ ထိုအချိန်တွင် ဒီမိုကရေစီအုပ်စုတွေတက်ကာလည်း အားအင်လျော့စွာ ခြိမ့်နေပြီး မလုပ်နိုင် မကိုင်နိုင်ဘဲ စွမ်းအားမရှိ ဖြစ်နေမည်။ ယင်းအခင်းအားတောင့်တင်းမှုနှင့် စွမ်းအားမဲ့မှုတွေက အတိုက်အခံအင်အားစုကို ထိရောက်အောင် လုပ်ဆောင်မှုတွေ မဖြစ်စေပါ။ ငြိမ်ကာ ဂျိမ်းနှင့် အဆုံးမသပ်သေး ဆက်ရန်ရှိသည်။

## အာခီလီ၏ဖနောင့် (Achilles'heel)ပုံပြင်

ဂရိလူမျိုးတို့၏ ရှေးဝင်ပုံပြင်တစ်ပုဒ်က အင်အားတောင့်တင်း ကြံ့ခိုင်မှု မရှိခြင်းက အင်အားတောင့်တင်းမှုကို ဖြိုလှဲနိုင်သည်ဟု ပြဆိုခဲ့သည်။ ဂရိသူရဲကောင်းအာခီလီကို မည်သည့်တိုက်ခိုက်မှုကမှ ဒဏ်ရာမရစေနိုင်သလို မည်သည့်ဓားချက်သည် သူ့အရေပြားကို မထိုးဖောက်နိုင်။ အာခီလီ မွေးကင်းစတုန်းက သားဖြစ်သူကို မည်သည့်အန္တရာယ်မှ မရှိစေဖို့ သူ့မိခင်က အာခီလီ၏ ခြေထောက် နှစ်ချောင်းကနေ ဆွဲကိုင်ကာ မှော်တန်ခိုးရှိသော စတစ်ဇ်(*Styx*) မြစ်ထဲသို့ ဇောက်ထိုးထား၍ နှစ်ခဲ့သည်။ ထိုအချိန်မှစ၍ အာခီလီတွင် မှော်တန်ခိုးများ ရရှိလာကာ မည်သူကမျှ သူ့ကို ထိုးခုတ်၍ မရပေ။ သို့သော် သူ့ကို မြစ်ရေထဲ နှစ်စဉ်က သူ၏ဖနောင့်ကို မြစ်ရေမစိုခဲ့ပါ။ ထရွိုင်(*Troy*)တိုက်ပွဲတွင် အာခီလီ၏ အားနည်းချက်ကိုသိသော ရန်သူက သူ၏ဖနောင့်ကို မြားနှင့် ပစ်ခဲ့ရာ ထိုဒဏ်ရာနှင့်ပဲ အာခီလီ သေဆုံးခဲ့သည်။

ရက်စက်ကြမ်းကြုတ်သော အာဏာရှင်ကို ရင်ဆိုင်ရာတွင် ဤအခြေခံမှုကို သုံးရသည်။ ဤနည်းကိုသုံးလျှင် အောင်မြင်နိုင်သည်။ အာဏာရှင်၏ အားနည်းချက်ကိုသိလျှင်သိချင်း အမြန်ဆုံး အသုံးချရမည်။

## အာဏာရှင်၏အားနည်းချက်များ

အာဏာရှင်၏အားနည်းချက်များမှာ-

(၁) အာဏာရှင်စနစ်ကို လည်ပတ်စေဖို့ရန်အတွက် ပြည်သူ့ အသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကိုလိုသည်။

(၂) အုပ်ချုပ်ရေးအဖွဲ့၏ အတိတ်က မူဝါဒများကို မျက်မှောက်တွင် အကောင်အထည်ဖော်ရန် အကန့်အသတ်ဖြစ်နေတတ်သည်။

(၃) အခြေအနေသစ်တစ်ရပ်တွင် ယင်းမူဝါဒတွေကို လျင်မြန်စွာ အကောင်အထည်ဖော်ရန် မလုပ်နိုင်ဖြစ်နေတတ်သည်။

(၄) လိုအပ်ချက်အသစ်တွေအတွက် ပုဂ္ဂိုလ်ရေးနှင့် အရင်းအမြစ်တွေက အလွယ်တကူ ဖြစ်မနေခြင်း။

(၅) အထက်ကပုဂ္ဂိုလ်များကို ကြောက်ရွံ့ပြီး အောက်ကလူတွေက အတိအကျ အမှန်အကန် မပြောရဲသောအခါ အာဏာရှင်သည် ဆုံးဖြတ်ဖို့ရန် ခက်ခဲသည်။

(၆) သဘောတရားရေးရာက လျော့ပါးလာပြီး စိတ်ကူးယဉ်သလို ဖြစ်ကာ ယင်းစနစ်က မတည်မငြိမ် ဖြစ်လာသည်။

(၇) ခိုင်မာတောင့်တင်းသော သဘောတရားမူဝါဒရှိလာစေကာမူ လက်ရှိအခြေအနေ လိုအပ်ချက်တို့နှင့် မကိုက်ညီခြင်း။

(၈) မြူရိုကရေစီယန္တရားက တဖြည်းဖြည်းအားနည်းလျော့ရဲ

လာပြီး ထိန်းချုပ်မှုလုပ်ထုံးလုပ်နည်းတွေ မှန်မကန်ဖြစ်ကာ မူဝါဒနှင့် အကောင်အထည်ဖော်မှုကို မထိရောက်စေခြင်း။

(၉) အဖွဲ့တွေအတွင်း၌လည်းကောင်း ပဋိပက္ခဖြစ်ခြင်း၊ ပုဂ္ဂိုလ်ရေး အားပြိုင်မှုများဖြစ်ခြင်းတို့ကြောင့် အာဏာရှင်စနစ်၏ ယန္တရား လည်ပတ်မှုကို ဒုက္ခပေးလာခြင်း။

(၁၀) ဖိနှိပ်မှုတွေ ကန့်သတ်ပိတ်ပင်မှုတွေ မူဝါဒရေးရာကို ပညာတတ်တွေနှင့် ကျောင်းသားတွေက တုံ့ပြန်လာရင်း ထောက်တည်ရာမရ ဖြစ်ရခြင်း။

(၁၁) ပြည်သူက အာဏာရှင်၏ မူဝါဒတွေကို စိတ်မဝင်စားခြင်း၊ သံသယရှိခြင်းများ၊ ဖြစ်လာကာ နောက်ဆုံးဆန့်ကျင်မှု ပြုလာခြင်း။

(၁၂) ဒေသဆိုင်ရာ၊ အလွှာကွဲပြားမှု၊ ယဉ်ကျေးမှု သို့မဟုတ် အမျိုးသား၊ ကွဲပြားမှုတို့က ကြီးမားလာခြင်း။

(၁၃) အာဏာရှင်၏ တန်ခိုးကြီးဗဟိုအရှိန်က အမြဲတမ်း မတည်မငြိမ် ရှိမည်။ အရှိန်ပြင်းလိုက် လျော့ကျလိုက်ရှိမည်။ အာဏာရှင် ယန္တရားတွင်းရှိ ပုဂ္ဂိုလ်တွေသည် နိမ့်သွားလိုက်ဖြစ်မည်၊ မြင့်သွားလိုက်ဖြစ်မည်။ ရာထူးက ဖယ်ရှားခံရပြီး လူသစ်တွေနှင့် အစားထိုးတာ ဖြစ်ကောင်းဖြစ်မည်။

(၁၄) ရဲတပ်ဖွဲ့၊ စစ်တပ်တို့သည် သူတို့၏ကိုယ်ပိုင်ရည်မှန်းချက် ရှိနိုင်ပြီး အာဏာရှင်ကို ဆန့်ကျင်၍ အာဏာသိမ်းတာမျိုး ဖြစ်နိုင်သည်။

(၁၅) အာဏာရှင်သည် အသစ်စက်စက်ဖြစ်ပါက ကောင်းစွာအခြေ နိုင်မြဲဖို့ရန် အချိန်လိုအပ်သည်။

(၁၆) လူနည်းစုလေးသာရှိသော အာဏာရှင်စနစ်က မြောက်များ စွာသော ဆုံးဖြတ်ချက်တွေချရလျှင် အဆုံးအဖြတ်၊ မူဝါဒ၊ အကောင်အထည်ဖော်မှုတို့တွင် မှားယွင်းနိုင်သည်။

(၁၇) ဤအန္တရာယ်တွေကနေ ရှောင်လွှဲနိုင်စေဖို့ရန် ဗဟိုဦးစီး ချုပ်ကိုင်မှု၊ ဆုံးဖြတ်မှုပြုခဲ့ပါသော် သူ၏ အာဏာသည် လျော့ပါး၍ လာလိမ့်မည်။

## အာဏာရှင်၏အားနည်းချက်ကို တိုက်ခိုက်ခြင်း

အာခီလီ၏ ဖနောင့်များပုံပြင်ကို စံနမူနာပြု၍ အာဏာရှင်စနစ်ကို ထိထိရောက်ရောက် အတိုက်အခံ ဒီမိုကရေစီအင်အားစုက တိုက်ခိုက်နိုင်သည်။ မည်သည့်အာဏာရှင်စနစ်မှာမဆို အားနည်းချက် ရှိသည်။ အတွင်းက သဘောထားကွဲပြားမှုတွေ၊ ပုဂ္ဂိုလ်ရေး အာဏာ ပြိုင်မှုတွေ၊ ရုံးအဖွဲ့အစည်းတွေကြား ပဋိပက္ခဖြစ်မှုတွေ စသည်တို့

ပြီးသည်။ ဤအားနည်းချက်တွေကပင် အာဏာရှင်အစိုးရ အုပ်ချုပ်ရေးကွင်း ထိရောက်မှုမရှိ ဖြစ်လာမည်။ ဒုတိယကမ္ဘာစစ် အာဏာရှင်ဟစ်တလာခေတ်တုန်းကတောင် ဟစ်တလာပေးသော အမိန့်တိုင်းကိုအောက်ခြေက မလိုက်နာတာမျိုး ရှိခဲ့ဖူးသည်။

ဤသို့ဆို၍ အာဏာရှင်ကို ဖွန့်တားမှု အထိအခိုက် မရှိဘဲဖြုတ်ချနိုင်သည်ဟု ဆိုလိုခြင်း မဟုတ်ပါ။ လွတ်မြောက်ရေးတိုက်ပွဲအတွက် ကြိုးပမ်းအားထုတ်မှုတိုင်းတွင် ဖွန့်တားခြင်းနှင့် အထိအခိုက်တွေသည် ရှိစမြဲဖြစ်ပါသည်။ လွတ်မြောက်ရေးတိုက်ပွဲဆင်နွှဲရန်အချိန်ယူရသည်လည်း ရှိသည်။ အာဏာရှင်စနစ်က တောင့်တင်းအားကောင်းနေစဉ် တိုက်ခိုက်ခြင်းထက် အာဏာရှင်စနစ်၏ အားနည်းချက်တွေကို ရှာဖွေထိုးနှက်ခြင်းက အောင်မြင်ရန်အခွင့် ပို၍ သာပါသည်။ မေးခွန်းကမူ ဒီတိုက်ပွဲကို ဘယ်နည်းဘယ်ပုံ ဆင်နွှဲမလဲဆိုခြင်းပဲ ဖြစ်လေသည်။

အခန်း(၃)

# အကြောကို လျော့ကျင့်မျိုးထောင်ခြင်း

အာဏာရှင်သည် အားနည်းသည်ဖြစ်စေ၊ အားကောင်းသည်ဖြစ်စေ စစ်ရေးအရ သူတို့ကို ယှဉ်ပြိုင်တိုက်ခိုက်၍ မရနိုင်ပါ။ စစ်စခန်းတွေ၊ ခဲယမ်းမီးကျောက် သိုလှောင်ရာ ဂိုဒေါင်တွေ၊ လက်နက်သိုလှောင်ရာနေရာတွေ မည်သည့်နေရာတွေကိုပဲ တော်လှန်ရေးသမားတွေအတွက် အကျိုးမရှိနိုင်ပါ။ ဤနေရာမျိုးတွေတွင် အာဏာရှင်အတွက် အပေါ်စီးက ရနေသော နေရာတွေဖြစ်သည်။ ပြည်ပက ကယ်တင်ရှင်ကို အားကိုးဖို့ဆိုခြင်းကလည်း အကန့်အသတ်ရှိသည်။

ဘယ်လိုအလုပ်တွေက ဒီမိုကရေစီတော်လှန်ရေးသမားတွေအတွက် အကျိုးရှိစေမည်လဲ။ နိုင်ငံရေးအာဏာကို ရနိုင်ဖို့ရာ မည်ကဲ့သို့သောနည်းလမ်းကို သုံးမည်လဲ။ ဒါကို နိုင်ငံရေးအာခံသူတို့က ရွေးချယ်ရန်ဖြစ်သည်။

အတိုက်အခံနိုင်ငံရေးသမားတွေတွင် ဤသို့သော လက္ခဏာများရှိသည်။

- အာဏာရှင်က ရွေးချယ်သည့် စစ်ပွဲတိုက်ခိုက်ရေးကို လက်မခံပါ။
- အုပ်ချုပ်သူကို ချေမှုန်းဖို့ရန် ခက်ခဲသည်။
- အာဏာရှင်၏ အားနည်းချက်ကို ရှာဖွေပြီး အာဏာ

စိုက်ထူရာနေရာကို ဖြတ်တောက်ရသည်။

- လှုပ်ရှားမှုကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ကျက်ရစေကာမူ ရှင်းလင်းသော ရည်မှန်းချက် ထားရှိရသည်။
- အာဏာရှင်၏ လုပ်ရပ်နှင့် အဆုံးအဖြတ်ကို မှားသွားစေနိုင်သည်။
- ပြည်သူတစ်ရပ်လုံးနှင့် လူမှုအဖွဲ့အစည်းများအား အာဏာရှင်လူနည်းစု၏ အကြမ်းဖက်မှု နှိုင်းသပ်စေရေး၌ အကျိုးရှိရှိ အသုံးချနိုင်သည်။
- ဒီမိုကရေစီအင်အားစုကို တည်ဆောက်နိုင်ရေးအတွက်နှင့် ထိရောက်သောအာဏာကို လူ့အဖွဲ့အစည်းအတွင်း ဖြန့်ကျက်ရေးအတွက် အထောက်အကူဖြစ်စေသည်။

## အကြမ်းမဖက်သော တော်လှန်ရေးလုပ်ငန်းများ

စစ်ရေးလှုပ်ရှားမှုကဲ့သို့ပင် အဝိုက်အခံ ဒီမိုကရေစီအင်အားစုတို့သည် ရည်မှန်းချက်များစွာထား၍ အလုပ်လုပ်နိုင်သည်။ ပဋိပက္ခကို ငြိမ်းချမ်းစွာ အဖြေရှာရေးအတွက် သို့မဟုတ် အုပ်ချုပ်သူအစိုးရယိမ်းယိုင်စေရေးအတွက်ဟူ၍ သတ်မှတ်ချက်ထားရှိနိုင်သည်။ နိုင်ငံရေးအရ ဆန့်ကျင်မှုသည် အကြမ်းဖက်မှုနှင့်ဝေးသော များစွာ

ခြားနားသည်။ နိုင်ငံရေးဆန့်ကျင်မှုနှင့် အကြမ်းဖက်ဆန့်ကျင်မှုတွေ အကြား ဝိုက်ပွဲဝင်ခြင်း၊ ရည်မှန်းချက် တူညီစေကာမူ အဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုများ ကွာခြားသည်။ အကြမ်းဖက်တိုက်ခိုက်ရေး နည်းလမ်းနှင့် ရလဒ်များကိုသိပြီးသားဖြစ်သည်၊ လက်နက်တွေ သုံး၍ တိုက်ခိုက်သည်။ ဖော်ရာရမည်။ သေကြေမည်။ အကြမ်း မဖက်သောနည်းသည် အကြမ်းဖက်သောနည်းနှင့်မတူ၊ ရှုပ်ထွေး၍ ကွဲပြားမှုရှိသည်။ အကြမ်းမဖက်သောနည်းသည် စိတ်ဓာတ်ရေးရာ လူမှုရေးရာ၊ စီးပွားရေးရာနည်းတွေကိုသုံး၍ ပြည်သူအဖွဲ့အစည်း များနှင့် တိုက်ခိုက်ခြင်းဖြစ်သည်။ ဤနည်းလမ်းများတွင် ကန့်ကွက် သောနည်း၊ သပိတ်မှောက်သောနည်း၊ မပူးပေါင်းသောနည်း၊ ဆန္ဒ ပြသောနည်းတွေပဲဖြစ်သည်။ အဓိကရတာသည် ပြည်သူနှင့် လူမှု အဖွဲ့အစည်းတွေ၏ ပူးပေါင်းပါဝင်မှု နာခံမှုနှင့် အလုပ်လုပ်ခြင်း ဖြစ်သည်။ အကြမ်းဖက်သောနည်းနှင့်မတူ အကြမ်းမဖက်သောနည်း ဟူသည် အုပ်ချုပ်သူ၏အာဏာတည်ဆောက်ခြင်းအား ဖြတ်တောက် ခြင်းပဲဖြစ်လေသည်။

## အကြမ်းမဖက်သောလက်နက်နှင့်စည်းကမ်း

အတိုက်အခံဒီမိုကရေစီသမားများ၏ အတိတ်တွင် မှားယွ

ရှိခဲ့သည်မှာ တစ်ခု သို့မဟုတ် နှစ်ခုသော လက်တန်းလုပ်ရပ်များဖြစ်သည့် သပိတ်မှောက်ခြင်း၊ လူထုဆန္ဒပြခြင်း စသည်မျိုးကိုသာ ပြုလုပ်လေ့ ရှိခဲ့ခြင်းဖြစ်သည်။ အမှန်တကယ်တွင် နည်းလမ်းပေါင်းများစွာရှိပြီး တော်လှန်ရေးမဟာဗျူဟာသမားများက စုစည်းမှုတစ်ခု ဖြစ်လာပြီး တော်လှန်ရေးကို လိုအပ်သလို ဖျံ့နှံ့သွားစေရန်ကိုသာ ဦးတည်သည်။

အကြမ်းမဖက်သော နည်းလမ်းပေါင်းက နှစ်ရာကျော်ရှိသည်။ ပေါင်းစပ်ကြီးသုံးခု ခွဲထားသည်။ ကန့်ကွက်ခြင်း၊ စည်းရုံးခြင်း၊ ပူးပေါင်းမှုမပြုခြင်း၊ ဝင်ရောက်သိမ်းပိုက်ခြင်း စသည်တို့ ပါဝင်သည်။ ထင်ရှားသော လူထုဆန္ဒပြမှု၊ တန်းစီချီတက်ခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်း (၅၄)မျိုးတို့ ဖြစ်သည်။ မပူးပေါင်းရေးအတွက် လူမှုရေးမပူးပေါင်းမှုက သုံးမျိုး၊ စီးပွားရေး မပူးပေါင်းမှု သပိတ်မှောက်ခြင်းနှစ်ဆယ့်ခြောက်မျိုး၊ ဆန္ဒပြခြင်းနှစ်ဆယ့်သုံးမျိုး၊ နိုင်ငံရေးအရ မပူးပေါင်းခြင်း သုံးဆယ့်ရှစ်မျိုးတို့ဖြစ်သည်။ အကြမ်းမဖက်သော သိမ်းပိုက်ခြင်းတွင် စိတ်ပိုင်းရုပ်ပိုင်း၊ လူမှုရေးအရ စီးပွားရေးအရ ပြုလုပ်ခြင်း နိုင်ငံရေးအရ ဝင်ပြိုင်အစိုးရဖွဲ့ခြင်း စသည်တို့မှာ လေးဆယ့်တစ်မျိုးရှိသည်။

ဤနည်းလမ်းတွေကို ဂရုပြု၍ ချင့်ချိန်သုံးစွဲရမည်။ ဤ

နည်းလမ်းတွေကို လိုအပ်သလို သုံးစွဲသွားခြင်းဖြင့် တရားမဝင် အာဏာရှင်အစိုးရများအတွက် ပြဿနာကြီးငယ်များစွာ တွေ့ရ နိုင်သည်။ စစ်ရေးနည်းနှင့် မတူသည်က အကြမ်းမဖက်သော နည်းများက ဖြစ်ပေါ်လာသော အခြေအနေပေါ်မူတည်ပြီး ပြောင်းလဲ ကျင့်သုံးနိုင်သည်။ ဤနည်းတွေထဲတွင် အာဏာရှင်အစိုးရကို အသိ အမှတ်ပြုရန် ငြင်းဆိုခြင်းနှင့် ယင်းအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မပြုခြင်းတို့ ပါဝင်သည်။ ပူးပေါင်းမှု မပြုခြင်းဆိုရာ၌ ယင်းအာဏာရှင် အစိုးရ၏ အဓိကကျသော မူဝါဒများကို အကောင်အထည်မဖော်ခြင်း ဖြစ်သည်။

တခြားနည်းအနေနှင့် အာဏာရှင်သည် စီးပွားရေးဖိအားပေးမှု ကို ခံနိုင်ရည်မရှိသော အချိန်သို့ ရောက်ရှိလာက အာဏာရှင်ကို ဆန့်ကျင်နေသော အချိန်မျိုးတွင် သပိတ်မှောက်ခြင်းကိုပြု၍ စီးပွား ရေးအရ ထိုးနှက်မှု ပြုရသည်။ ယင်းနည်းသည် သင့်လျော်မှန်ကန် သောနည်းဖြစ်သည်။ အာဏာရှင်က စီးပွားရေးအရ ခေါင်းပုံဖြတ် လာလျှင် အကန့်အသတ်ရှိသော သပိတ်မှောက်မှု ပြုရသည်။ ယင်းသို့ သပိတ်မှောက်သည်ဆိုရာတွင် ကုန်ထုတ်လုပ်ရေးဌာန၊ သယ်ယူပို့ဆောင်ရေးကုန်ကြမ်းထောက်ပံ့ရေး၊ ထုတ်ကုန်ဖြန့်ချိရေး ဌာနမျိုးတို့၌ အဓိကကျသောနေရာများကို ရွေးချယ်၍ သပိတ်

မှောက်ရသည်။

တချို့သောအကြမ်းမဖက်သည့် နည်းလမ်းများတွင် ပြည်သူအား သူတို့၏ သမရိုးကျဘဝနှင့် မသက်ဆိုင်သောနေရာ၌ အသုံးချရသည်။ လက်ကမ်းစာစောင် ဖြန့်ဝေခြင်း၊ တရားမဝင်ပုံနှိပ်ခြင်း၊ လမ်းများပေါ်တွင် အစာငတ်ခံခြင်း၊ ထိုင်ဆန္ဒပြခြင်းမျိုးတို့ဖြစ်သည်။ တချို့လူတွေအတွက်က ခက်ခဲပြင်းထန်သေ အခြေအနေမျိုးက လွဲပြီး ဒီမျိုးတွေ လုပ်နိုင်ရန် အခက်အခဲရှိနိုင်သည်။ တချို့ အကြမ်းမဖက်သောနည်းမှာက ပြည်သူသည် သူတို့၏ ပုံမှန်ဘဝကို လည်ပတ်စေခြင်းနှင့်လည်း လုပ်၍ရသည်။ သပိတ်မှောက်ရာ ဆန္ဒပြရာတွင် မပါဝင်ဘဲ အလုပ်တက်သည်။ သို့သော် အလုပ်ကို မပြီးအောင်လုပ်သည်။ သို့မဟုတ် ဤအလုပ်ကနေ အကျိုးတစ်စုံတစ်ရာ မရအောင် လုပ်သည်။ နေမကောင်းဟု အကြောင်းပြကာ အလုပ်မလုပ်ဘဲ နေမည်။ ဤကဲ့သို့ နည်းမျိုးစုံသုံး၍ အာဏာရှင်၏ ယန္တရား နှောင့်နှေးအောင် ပြုခြင်းသည်ပင်လျှင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲတွင် ပါဝင်ရန် ပို၍ လွယ်ကူသည်။ အကန့်အသတ်အားဖြင့် အကြမ်းမဖက် ဆန့်ကျင်ခြင်းကို အာဏာရှင်က လက်နက်တိုင် နှိပ်ကွပ်နိုင်သည်။ အာဏာရှင်က မည်သို့ပင် ရက်စက်ကြမ်းကြုတ်စေကာမူ အကြမ်းမဖက်သောနည်းသည် အောင်မြင်

ဖို့ရာ သော့ချက်ဖြစ်သည်။ အကြမ်းမဖက်သောနည်းသည် နိုင်ငံရေး ကိုယ်ခံပညာတစ်ရပ်ဖြစ်သည်။ အာဏာရှင်ကို နာကျည်းမှုတွေကနေ အကန့်အသတ် အကြမ်းဖက်မှုတွေ ဖြစ်လာတတ်သည်။ အကြမ်းမဖက်သောနည်းကို အသိအမှတ်ပြုစေတာမှ အချို့က အကြမ်းဖက်လုပ်ရပ်ကို မစွန့်လွှတ်ချင်တာမျိုးလည်း ရှိတတ်သည်။ အကြမ်းမဖက်သောနည်းဆိုပေမယ့် လူအသေအပျောက်အကျအရှုံး ရှိနိုင်သည်။ သို့သော် စစ်ရေးအရ တိုက်ခိုက်၍ သေကြေအကျရှုံးရခြင်းထက်တော့ အရေအတွက် နည်းသည်။ အကြမ်းမဖက်သောနည်းက အာဏာရှင်အစိုးရကို ကြောက်ရွံ့တုန်လှုပ်သွားစေနိုင်မှုရှိသည်။ အာဏာရှင်က အကြမ်းဖက်မှုကို ထိန်းချုပ်လာနိုင်သည်။ ယင်းသို့ အာဏာရှင်က ပြည်သူ့အပေါ်တွင် ဖိနှိပ်မှုကို စွန့်လွှတ်ခြင်း သို့မဟုတ် လျှော့ချခြင်းသည်ပင်လျှင် အာဏာရှင်၏ တန်ခိုးဩဇာကို ကျဆင်းစေခြင်း ဖြစ်တော့သည်။

## ပွင့်လင်းမြင်သာမှု၊ လျှို့ဝှက်မှုနှင့် အဆင့်မြင့်ခြင်း

အကြမ်းမဖက်သောနည်းကို အသုံးပြုလျှင် လျှို့ဝှက်မှု လှည့်ဖြားမှုနှင့် မြေအောက်လှုပ်ရှားမှုပြုခြင်းတို့သည် အခက်အခဲ ဖြစ်သည်။ ထောက်လှမ်းရေးတွေ ရဲတွေကို စောင့်ကြည့်ပြီး သူတို့၏

ရည်ရွယ်ချက်အစီအစဉ်ကို သိရှိဖို့ရန် မဖြစ်နိုင်ပါ။ လျှို့ဝှက်သည်ဆိုခြင်းက ကြောက်ရွံ့၍ဖြစ်သည်။ အကြမ်းမဖက်သော တော်လှန်ရေးတွင် လျှို့ဝှက်ခြင်းက တော်လှန်ရေးစိတ်ဓာတ်ကို ဖျက်ပြားစေသည်။ ပါဝင်လာမည့် လူ့အရေအတွက် လျော့ကျသွားနိုင်သည်။ လျှို့ဝှက်ခြင်းက မသင်္ကာမှုတွေ စွပ်စွဲမှုတွေ ဖြစ်လာနိုင်ပြီး ယင်းလှုပ်ရှားမှုအတွင်း မည်သူသည် သတင်းပေးလဲ၊ မည်သူသည် ထောက်လှမ်းရေးလဲလို့ ဖြစ်လာပြီး အကြမ်းမဖက်သော တော်လှန်ရေး၏ စွမ်းရည်ကျဆင်းသွားနိုင်သည်။ လျှို့ဝှက်ခြင်းနှင့် ဆန့်ကျင်၍ ပွင့်လင်းမြင်သာမှုက အားသာသည်။ အင်အားနှင့်အမှန်တကယ် ပြည့်စုံသည်ဟူသော ပုံရိပ်ကို ပေါ်လွင်စေသည်။ သို့သော် လျှို့ဝှက်မှုကို လုံးဝမပြုလုပ်ဘဲ နေ၍တော့ မရပါ။ တည်းဖြတ်ခြင်း၊ တရားမဝင် စာရွက်စာတမ်း ဖြန့်ဝေခြင်း၊ ပြည်တွင်း၌ တရားမဝင် ရေဒီယိုအသံလွှင့်ခြင်း၊ အာဏာရှင်၏ ထောက်လှမ်းရေးများသတင်းကို စုဆောင်းခြင်း စသည်တို့ကိုမူ လျှို့ဝှက်ပြုလုပ်ရမည်ဖြစ်သည်။ အဆင့်မြင့်သော အပြုအမူကိုမူ ထိန်းသိမ်းထားရှိရမည့် အကြောင်းတရားမရှိမူ အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှု စည်းကမ်း စသည်တို့တွင် အဆင့်မြင့်သော အပြုအမူရှိဖို့ရန်လိုသည်။ လူစုလူဝေးနှင့် အရည်အတွက်များစွာ ပါဝင်မှုတို့ကို အမြဲပြောင်းလဲ

ပေးရမည်။ ယုံကြည်လောက်သောသူများနှင့်သာ ယင်းလူစုလူဝေး အရည်အတွက်ကို ဖွဲ့စည်းဖို့ရန်လိုသည်။

## စွမ်းအားဆက်ဆံရေး အလှည့်ကျပြုလုပ်ခြင်း

အတိုက်အခံနိုင်ငံရေးအင်အားစုများသည် တိုက်ပွဲဝင်ရာ နယ်မြေများတွင် လှုပ်ရှားမှု တန်ပြန်လှုပ်ရှားမှုပြုရာ၌ အမြဲတမ်း အပြောင်းအလဲ လုပ်ပေးရမည်။ အာဏာရှင်တို့၏ ဖိနှိပ်မှုကို ခံနေရလင့်ကစား အတိုက်အခံ နိုင်ငံရေးလုပ်ရှားမှုတို့က ဆက်လက်လှုပ်ရှားမှုရှိကြောင်း ဖြစ်စေရန်ဖြစ်သည်။ ပဋိပက္ခအခြေအနေများတွင် ပိုမိုလျင်မြန်စွာ လှုပ်ရှားရမည်။ ပိုမိုသိသာထင်ရှားသော နိုင်ငံရေး အကျိုးဆက်ရစေဖို့ဖြစ်သည်။ အာဏာရှင်၏ အကြမ်းဖက်နှိပ်စက်မှုကို စည်းကမ်းရှိရှိ သတ္တိရှိရှိ ရင်ဆိုင်ခဲ့လျှင် နိုင်ငံတကာက အာဏာရှင်အား ရှုတ်ချမှုများ တိုးပွားလာမည်ဖြစ်သည်။ ဤကဲ့သို့ အာဏာရှင်၏ အကြမ်းဖက်မှုကို စည်းကမ်းရှိရှိ သတ္တိရှိရှိ ရင်ဆိုင်လာသောအခါ ယင်းလှုပ်ရှားမှုတွင် ပြည်သူတွေ ပိုမို၍ ပါဝင်လာမည်။ အာဏာရှင်ကို ထောက်ခံမှုရှိနေသူတွေပင် ပြသနာ၌ ကြားနေသော အနေအထား ဖြစ်လာမည်။

မိတ်ဆွေစာပေ

## ပြောင်းလဲခြင်းယန္တရားဆိုင်ရာမူ ၄-ချက်

ယင်းမူ ၄-ချက်မှာ ပြောင်းလဲခြင်း၊ အလိုက်အထိုက်ပြုပြင်ခြင်း၊ တွန်းလှန်ခြင်းနှင့် ပြိုကွဲသွားစေခြင်းတို့ဖြစ်သည်။

သတ္တိရှိသော အကြမ်းမဖက်သော လှုပ်ရှားမှုအဖွဲ့ဝင်များ အပေါ်တွင် အာဏာပိုင်တို့က စိတ်လှုပ်ရှားမှု ပြင်းထန်စွာ ဖိနှိပ်မှုများ ပြုလာပါက သို့မဟုတ် ထိုသို့ ပြုမူခြင်းသည် တရားမျှတသည်ဟု ဆိုလာပါက သူတို့၏ ရည်ရွယ်ချက်ကို လက်ခံလိုက်ခြင်း ဖြစ်သည်။ ဒါမျိုးက ဖြစ်တောင့်ဖြစ်ခဲဖြစ်သည်။ အမြဲတမ်းဖြစ်လေ့ မရှိဘဲ တစ်ခါတစ်ရံမှသာ ဖြစ်တတ်သည်။ ယင်းကို ပြောင်းလဲခြင်း ယန္တရားဟုခေါ်သည်။ နောက်တစ်မျိုးက အလိုက်အထိုက်ပြုပြင်ခြင်းဖြစ်သည်။ အာဏာပိုင်အဖွဲ့အစည်းတို့က ဒီမိုကရေစီအင်အားစု အပေါ် အခွင့်အရေးပေး လိုက်လျောခြင်းကို အထိုက်အလျောက် လက်ခံလိုက်ခြင်းဖြစ်သည်။ ယင်းကို အလိုက်အထိုက် ပြုပြင်ခြင်းဟု ခေါ်သည်။ ဤပုံစံနည်း သပိတ်မှောက်မှုများစွာတို့ကို ဖြေရှင်းခဲ့သည်။ နှစ်ဘက်လုံးက သူတို့၏ ရည်မှန်းချက်အချို့ကို ရရှိသည်။ သို့သော် နှစ်ဘက်လုံးက အလိုရှိသလောက်ကို ရခြင်းမဟုတ်ပါ။ ပြောင်းလဲခြင်း၊ အလိုက်အထိုက် ပြုပြင်ခြင်းယန္တရားများကြောင့် အကြမ်းမဖက်သော တိုက်ပွဲဝင်သူတို့မှာ ပိုမိုခွန်အားဖြည့်လာသည်။

အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှုသည် လူမှုရေးနှင့် နိုင်ငံရေး အခြေအနေ အထူးသဖြင့် အာဏာခွဲဝေမှု ဆက်ဆံရေးကို ဖြစ်စေသည်။ အာဏာပိုင်တို့၏ လက်နက်ကိုင်တပ်ဖွဲ့တွေက အတိုက်အခံ ဒီမိုကရေစီသမားတွေအား ဖိနှိပ်ရန် အမိန့်ကို မနာခံတော့ဘဲ ရှိလာမည်။ ဖိနှိပ်သူအာဏာပိုင်တို့သည် နေရာတွင် ဆက်လက် တည်မြဲနေစေကာမူ သူတို့၏ ရည်မှန်းချက်ကို အကောင်အထည် ဖော်ရာ၌ ထိရောက်မှုမရှိတော့ပေ။ ယင်းကို တွန်းလှန်ခြင်း ယန္တရား ဟုခေါ်သည်။ အာဏာပိုင်တို့၏ ဗျူရိုကရေစီအုပ်ချုပ်ရေး ပျက်ပြား က အမိန့်ကို မနာခံကြတော့။ ရဲနှင့်စစ်တပ်က ပုန်ကန်နေပြီ။ တစ်ခါက သူတို့၏ နောက်လိုက်တွေကပင် အာဏာရှင်ကို ဆန့်ကျင် နေပြီ။ ယင်းအုပ်ချုပ်ရေးအဖွဲ့က လုံးဝပြိုလဲ၍သွားပြီ။ ယင်းကို ပြိုကွဲသွားစေခြင်း ယန္တရားဟုခေါ်သည်။ မည်သည့်ယန္တရားကို သုံးစွဲမည်ဆိုခြင်းမှာ အကြောင်းတရားများစွာပေါ် မူတည်သည်။ အခြေအနေနှင့် အချိန်အခါပေါ်တွင် မူတည်သည်။

**အတိုက်အခံနိုင်ငံရေးအင်အားစုအတွင်း ဒီမိုကရေစီစနစ် ကျင့်သုံးရေး**

ပေါ်ပြူးစီးစနစ်နှင့် ဆန့်ကျင်သောအားဖြင့် နိုင်ငံရေးအင်အားစု

များအတွင်း ဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းဖြင့် အာဏာရှင်စနစ် ဖြစ်ပေါ်လာစေခြင်းကို ဆန့်ကျင်သည်။ နိုင်ငံရေးခေါင်းဆောင်တို့သည် နောက်လိုက်တွေအပေါ်တွင် ဩဇာလွှမ်းမိုးနိုင်သည်။ ဖိအားပေးနိုင်သည်။ သို့သော် အခြားခေါင်းဆောင်ကို ရွေးချယ်ခြင်း၊ သဘောထားကွဲလွဲခြင်း ရှိလာသောအခါ ထောင်သွင်းအကျဉ်းချခြင်း၊ သေဒဏ်ပေးခြင်း မပြုလုပ်ရပါ။ နောက်တစ်မျိုးက ဒီမိုကရေစီအင်အားစုသည် ပြည်သူကို အာဏာရှင်၏ ဘေးရန်မှ အကာအကွယ်ပေးပြီး ပြည်သူ၏ လွတ်လပ်မှုနှင့် ဆိုင်ရာတို့ကို အကာအကွယ်ပေးရန်ပဲဖြစ်သည်။ အောက်ပါတို့မှာ ဒီမိုကရေစီကို အကြမ်းမဖက်သောနည်းနှင့် ထူထောင်သူတို့၏ အကျိုးကျေးဇူးများပဲဖြစ်သည်။

အကြမ်းမဖက်သော တိုက်ပွဲဝင်သည့်နည်းနှင့် ပြည်သူအား ကိုယ့်ကိုယ်ကိုယုံကြည်မှုကို ရှိစေသည်က အာဏာပိုင်တို့၏ ခြိမ်းခြောက်မှု အကြမ်းဖက်မှုကို ခံနိုင်ရည်ရှိစေသည်။

- ဒီမိုကရေစီနည်းမကျသော အာဏာရှင်အုပ်စု၏ ထိန်းချုပ်မှုတွေကို ပြည်သူက ပူးပေါင်းမှုမပြုဘဲ အာခံရဲစေသော စွမ်းရည်ကို ရစေသည်။
- ဖိနှိပ်သူတို့ရှေ့မှောက်တွင် ဒီမိုကရေစီ အလေ့အကျင့်

မိတ်ဆွေစာပေ

များဖြစ်သော လွတ်လပ်စွာပြောဆိုမှု၊ လွတ်လပ်သော တနေယင်လင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ လွတ်လပ်စွာ စုဝေးခြင်းတို့ကို ပြည်သူက လုပ်ကိုင်ရဲစေသည်ဆိုသော အကြမ်းမဖက်သော နိုင်ငံရေး လှုပ်ရှားမှုများ ဖြစ်ပေါ်စေသည်။

- အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားသည့် လူမှုအဖွဲ့အစည်းများ၊ ပြန်လည်ရှင်သန်ရေး၊ အသက်ရှင် ရပ်တည်ခွင့်ရရေး၊ လွတ်လပ်သော အဖွဲ့အစည်းများကို အားပေးထောက်ခံခြင်း၊ ၎င်းတို့ကို ပြုလုပ်ပေးနိုင်သည်။ ဒါတွေက ဒီမိုကရေစီစနစ်အတွက် အရေးကြီးသည်။ ပြည်သူ၏ လုပ်ပိုင်ခွင့်အာဏာကို ထူထောင်ပေးနိုင်ပြီး အာဏာရှင်ဖြစ်လာနိုင်သူတွေ၏ ခွမ်းရည်ကို ကန့်သတ်ပေးနိုင်သည်။
- နိုင်ငံရေးအကြမ်းမဖက်သော လှုပ်ရှားမှုသည် အာဏာရှင်အစိုးရ၏ ရဲတွေ၊ စစ်တပ်တွေကို ပြည်သူက ဆန့်ကျင်ရဲစေသည်။
- ပြည်သူနှင့် လူမှုအဖွဲ့အစည်းတွေအား ဒီမိုကရေစီ အကျိုးစီးပွားကို ထူထောင်၍ အာဏာရှင်တို့၏ တန်ခိုး

ဩဇာထူထောင်မှုကို ကန့်သတ်ပိတ်ပင်နိုင်သည့် နည်းလမ်းများကို ရစေသည်။

## အမျိုးအမည်များစွာပါဝင်သော အကြမ်းမဖက်သည့်တိုက်ပွဲဝင်မှု

ရှေ့တွင်ဖော်ပြခဲ့သလို အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှုတွင် လူမှုရေးလှုပ်ရှားမှု နည်းလမ်းများစွာ၊ စနစ်များစွာ၊ ပြောင်းလဲမှု ယန္တရားများ။ လုပ်ထုံးလုပ်နည်းများစွာ ပါဝင်နေပါသည်။ အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရာတွင် ကြိုတင်၍ စီမံကိန်းချပြီး ပြင်ဆင်မှု ပြုရမည်ဖြစ်သည်။ နိုင်ငံရေးတိုက်ပွဲဝင်မည့်သူတွေအနေနှင့် မည်သည့်အရာတွေ လိုအပ်သည်ကို ကြိုတင်သိထားသင့်သည်။ အကြမ်းမဖက်သော နိုင်ငံရေးတိုက်ပွဲဝင်ခြင်းက မည်သို့ထိရောက်မှုရှိမည်ကို ကြိုတင်တွက်ဆထားရမည်ဖြစ်သည်။ မဟာဗျူဟာ စီမံကိန်း၏ အရေးပါပုံကို ဆက်လက်လေ့လာကြရပေမည်။

❖ ❖ ❖ ❖ ❖

## အခန်း(၆)

# မဟာဗျူဟာ
# စီမံကိန်းအတွက်လိုအပ်ချက်

အတိုက်အခံနိုင်ငံရေးအုပ်စုက အာဏာရှင်ကို ဆန့်ကျင် တိုက်ပွဲဝင်ရာတွင် နည်းလမ်းပေါင်းများစွာရှိသည်။ အတိတ်တွင် ဤဒီမိုကရေစီတိုက်ပွဲဝင်မှုသည် အစီအစဉ်မရှိဘဲ အကြောင်း တိုက်ဆိုင်စွာ တိုက်ပွဲဝင်ခဲ့ကြသည်။ အတိတ်မှာတုန်းက နာကျည်း ချက်တွေက ဤတိုက်ပွဲဝင်မှုကို ဖြစ်စေခဲ့သလို ထင်ရှားသော ပုဂ္ဂိုလ်တစ်ဦးအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှဉ်းပန်း မှုများ၊ ဖိနှိပ်သော မူဝါဒအသစ်များ၊ စားစရာရှားပါးမှုများ၊ ဘာသာရေး ယုံကြည်ချက်ကို အလေးထားမှုများ၊ ထူးခြားသောဖြစ်စဉ်တစ်ခု၏ နှစ်ပတ်လည်နေ့ စသည်တို့ကြောင့် ဆန့်ကျင်လှုပ်ရှား တိုက်ပွဲ ဝင်ခဲ့တာဖြစ်သည်။ တစ်ခါတစ်ရံတွင် အာဏာရှင်၏ အပြုအမူတစ်ခုက လူထုကို ဒေါသထွက်စေခဲ့ရာကနေ ဆန့်ကျင်ဆန္ဒပြခဲ့ပြီး မည်သို့ အဆုံးသတ်ရမည်ဆိုသော အချက်ကို မသုံးသပ်ခဲ့ချေ။ တစ်ခါတစ်ရံ ကြောင့် သတ္တိရှိသူတစ်ဦး၊ တစ်ဖွဲ့က တောင်းလှုပ်ရှားရာကနေ လူထုထောက်ခံမှုတွေ ဖြစ်လာခဲ့သည်။ နစ်နာချက်တွေကို တောင်းဆို ခြင်း လူထုထောက်ခံမှု ရလာခဲ့သည်လည်းရှိသည်။ တစ်ဦးတစ် ယောက်တစ်ဖွဲ့က တော်လှန်ရန် တောင်းဆိုခဲ့ရာကနေ မမျှော်လင့်ဘဲ ကြီးမားသော တုံ့ပြန်မှုများ ရလာတာလည်းရှိသည်။ မကြာခဏပင် အာဏာရှင်၏ ရက်စက်စွာ နှိပ်ကွပ်မှုကို ကြုံတွေ့ရသည်။

ဒိုဝ္ဘဇရှိ လှုပ်ရှားမှုတို့ ဖြိုကွဲခဲ့ရသည်။ ဒီမိုကရေစီတိုက်ပွဲဝင်သူ တို့က စီမံကိန်းချ ဆောင်ရွက်ခြင်း မရှိသည်မို့ ပြတ်သားသော ဆုံးဖြတ်ချက်မရှိဖြစ်ပြီး လှုပ်ရှားမှုတွေက ဖြိုကွဲခဲ့ရတာဖြစ်သည်။ အာဏာရှင်၏ ဖိနှိပ်မှုတွေ လျော့ကျလာသည်ဖြစ်ပါစေ၊ အသွင် ကူးပြောင်းရေးကာလကို မည်သို့လုပ်ကိုင်ရမည်ဟူသော စီမံကိန်း တစ်ရပ် မရှိသောအခါတွင် နောက်အာဏာရှင်စနစ်အသစ်တစ်ခုက ပေါ်ထွန်းလာပြန်လေသည်။

## လက်တွေ့စီမံကိန်း

အာဏာရှင်ကို ဖြုတ်ချနိုင်သည့်နည်းလမ်းတွေကို ကြိုတင် တွက်ချက်ထားရမည်ဖြစ်သည်။ ထိုသို့အခြေအနေနှင့် လူထု သဘောထားတို့ မည်သည့်အချိန်တွင် ပြည့်စုံနေမည်ဆိုခြင်းကို တွက်ချက်ရမည်ဖြစ်သည်။ အခြေအနေမှန်ကို တွက်ချက်ရမည်။ လူထု၏ စွမ်းဆောင်နိုင်မှု ထိရောက်သောနည်းလမ်းများကို မှန်ကန် အောင် တွက်ချက်ရမည်။ တစ်စုံတစ်ယောက်က အကြံအစည် တစ်ခုကို အဆိုပြုလာလျှင် ယင်းကို မည်ကဲ့သို့ လုပ်မည်ဆိုတာကို စဉ်းစားရမည်။ ဦးတည်ရည်မှန်းချက်က ပို၍ပို၍ အရေးကြီးလေ စီမံကိန်းချ ဆောင်ရွက်မှုကို ပြုရလေပဲဖြစ်သည်။ မဟာဗျူဟာ

စီမံကိန်းအရ ဖြစ်နိုင်သရွေ့သော အင်အားများကို စုဆောင်းကာ ထိရောက်စွာ နေရာချထားပြီး လုပ်ဆောင်ခြင်းဖြစ်သည်။ ဤလုပ်ရပ်က အကန့်အသတ်ရှိသော ရုပ်ပိုင်းအထောက်အပံ့ရှိနေချိန်တွင် ထောက်ခံသူတွေအား အထိအခိုက်ရှိနိုင်စေလို့ဖြစ်သည်။ ယင်းသည် အာဏာရှင် ဖြုတ်ချရေး တိုက်ပွဲဝင်နေခြင်းဖြစ်သည်။ တစ်ချိန်တည်းတွင် နိုင်ငံရေးတိုက်ပွဲဝင်နေသူတွေသည် အထောက်အပံ့ရုပ်ပစ္စည်းတွေ မရစေဖို့ အတိုက်အခံအင်အားစုတွေ မစုစည်းမိစေဖို့နှင့် ရက်စက်သော နှိပ်ကွပ်မှုတွေနှင့် တုံ့ပြန်ဆောင်ရွက်မည်ဖြစ်သည်။

စီမံကိန်းနည်းကျ မဟာဗျူဟာဆိုခြင်းမှာ လက်ရှိအခြေအနေကနေ မိမိတို့အလိုရှိရာ အနာဂါတ်သို့ တက်လှမ်းပုံ တက်လှမ်းနည်းဖြစ်သည်။ ဆိုလိုသည်မှာ လက်ရှိအာဏာရှင်စနစ်ကနေ အနာဂါတ်ဒီမိုကရေစီစနစ်ဆီသို့ စီမံကိန်းနည်းကျ မဟာဗျူဟာနှင့် တက်လှမ်းခြင်းဖြစ်သည်။ ဝါဒဖြန့်ချိမှုစည်းရုံးလှုပ်ရှားမှု အဖိနှိပ်ခံလူထုကို အားပေးရေးနှင့် အာဏာရှင်စနစ်ကို အားနည်းစေရန်ဖြစ်သည်။ မှတ်သားရန်မှာ အာဏာရှင်ကို ဖယ်ရှားရင်း ဒီမိုကရေစီစနစ်ကို အစားထိုးတည်ဆောက်သွားရန်ဖြစ်သည်။ အာဏာရှင်စနစ်ကို ဖယ်ရှားရေးဦးတည်ချက်တစ်ခုထဲထားခဲ့ရင် အခြားမင်းဆိုးမင်းညစ်ကို မွေးထုတ်

ပေးလိုက်သလို ဖြစ်လိမ့်မည်။

## စီမံကိန်းစနစ်၏အခက်အခဲ

ကမ္ဘာမြေအနှံ့အပြားရှိ အချို့အချို့ လွတ်မြောက်ရေး ကြိုးပမ်းမှုများတွင် မိမိတို့စွမ်းအားရှိသလောက် လုပ်ဆောင်မှု မပြုကြသည်ကို တွေ့ရှိရသည်။ လွတ်မြောက်ရေးကြိုးပမ်းမှု အနည်း ငယ်တွင်သာ မလုပ်ဆောင်မီ၌ မဟာဗျူဟာစီမံကိန်းချ၍ လုပ်ဆောင် ကြသည်။ မိမိတို့၏ ရည်မှန်းချက်ကို ရရှိရန် လွတ်မြောက်ရေး ကြိုးပမ်းရာ၌ ဘာကြောင့် မဟာဗျူဟာစီမံကိန်းချ၍ လုပ်ဆောင် သင့်သလဲ။ မြောရလျှင်မူ အတိုက်အခံ ဒီမိုကရေစီ လှုပ်ရှားသူများ သည် မဟာဗျူဟာစီမံကိန်းချ၍ လုပ်ဆောင်ရမည်ဆိုခြင်းကို ကောင်းစွာ နားလည်သဘောမပေါက်လို့သာပဲဖြစ်သည်။ သို့မဟုတ် ယင်းသို့ မဟာဗျူဟာစီမံကိန်းချပြီး လုပ်လေ့လုပ်ထ မရှိ၍ဖြစ်သည်။ သို့မဟုတ် မဟာဗျူဟာစီမံကိန်းချပြီး ဒီမိုကရေစီတော်လှန်ရေး လုပ်ရန် လေ့ကျင့်ပျိုးထောင်မှု မရှိထား၍ပဲဖြစ်သည်။ ဤကိစ္စ သည် ခက်ခဲသောအလုပ်ဖြစ်သည်။ အာဏာရှင်က ချက်ချင်းဖြိုခွဲ ပစ်နိုင်သည်။ အတိုက်အခံ ဒီမိုကရေစီခေါင်းဆောင်တွေအတွက် လုံခြုံစိတ်ချရမှု မရှိသလို မဟာဗျူဟာစီမံကိန်းကို ကျွမ်းကျွမ်း

ကျင်ကျင် ပြီးမြောက်အောင် လုပ်ဖို့ရန် လုံလောက်သောအချိန် ရှိတာလည်း ပါဝင်သည်။ အာဏာရှင်က တစ်ဝုံတစ်ရာ ဖိနှိပ်ဖို့ လုပ်လာသည်နှင့် ချက်ချင်း တုံ့ပြန်ခြင်းက အလေ့အထလို ဖြစ်နေသည်။ အတိုက်အခံ ဒီမိုကရေစီအုပ်စုဆိုတာက အမြဲ ခုခံကာကွယ်ရေးဘက်ကဖြစ်သည်။ အာဏာရှင်၏ ထိန်းချုပ်ကန့်သတ်မှုတွေ နှောင့်နှေးအောင် ပြုလုပ်ဖို့ အာဏာရှင်အစိုးရ၏ မူဝါဒသစ်တွေမှ ပြဿနာပေါ်စေဖို့ လုပ်ဆောင်ဖို့ဆိုခြင်းက အကန့်အသတ် သဘောရှိသည်။ လွတ်မြောက်ရေးလှုပ်ရှားမှုကို ရေရှည်လုပ်ဆောင်ရန် လိုအပ်သည်ဆိုခြင်းကို အချို့သောပုဂ္ဂိုလ်တွေ၊ အချို့သောအဖွဲ့အစည်းတွေက သဘောမပေါက်ကြပါ။ ထိုသူတို့ ဝေးလာသည်က သူတို့၏ လွတ်မြောက်ရေးတိုက်ပွဲကို ခိုင်ခိုင်မြဲမြဲ ဇွဲသန်သန်သာ လုပ်ခဲ့ရင် အောင်ပွဲရလိမ့်မည်ဟူ၍သာ ထင်မြင်ယူဆကြသည်။ ကျိန်ကာတော့လည်း သူတို့အနေနှင့် အခြေခံမူများအတိုင်း မဆုတ်မနစ် လုပ်ခဲ့ရင် တော်လှန်ရေးအတွက် အလုံးစုံလုပ်ပြီးဖြစ်သည်ဟု မှတ်ခဲ့ကြသည်။ လူသားတွေ၏ ရည်မှန်းချက် ကြိုးပမ်းချက်တွေသည် ချီးကျူးဂုဏ်ပြုရပေ၊ သို့သော် အာဏာရှင်စနစ်ကို အဆုံး ဖယ်ရှားပြီး လုံးဝလွတ်မြောက်ဖို့ရန်အတွက်ကမူ လုံလောက်ပြည့်စုံခြင်း မရှိပါပေ။

တချို့ကကြမြန်တော့ အာဏာရှင်စနစ်ကို အကြမ်းဖက်တိုက်ခိုက်လျှင် အောင်ပွဲရရှိလိမ့်မည်ဟု ထင်မြင်ယူဆကြမြန်သည်။ သို့သော် ရှေးဦးမဆွတင်ပြခဲ့သလို အကြမ်းဖက်တိုက်ခိုက်ခြင်းနှင့် အောင်ပွဲရလိမ့်မည်ဟူ၍ အာမခံချက် မပေးနိုင်ပါ။ သို့သော် လွတ်မြောက်ရမည့်အစား ရှုံးနိမ့်မှုနှင့် ဆုံးရှုံးနစ်နာမှုကိုသာ ရရှိခဲ့ကြသည်။ အာဏာရှင်များက အကြမ်းဖက်တိုက်ခိုက်မှုကို ဖြိုခွင်းရန် စစ်အင်အားအပြည့်အစုံရှိသည်။ အတိုက်အခံအုပ်စုအချို့သည် သူတို့ခံစားရရှိသလိုသာ လှုပ်ရှားတိုက်ပွဲဝင်ခဲ့ကြသည်။ သို့သော် လွတ်မြောက်ရေးအလုံးစုံကို ရရှိစေနိုင်မည့် မဟာဗျူဟာ စီမံကိန်းလမ်းညွှန်ချက်ကိုမူ ချမှတ်၍ မပေးနိုင်ခဲ့ပါ။ တွက်ချက်မှုက သေချာရမည်။ အာဏာရှင်ကို ဖြုတ်ချရေး ကြိုးပမ်းမှုတွင် "နောက်လှမ်းမည့်ခြေလှမ်းကဘာလဲ"ဆိုခြင်းကို တွက်ချက်နိုင်ဖို့ရာပဲဖြစ်သည်။ မဟာဗျူဟာကျသော တွက်ချက်မှုတစ်ရပ် မပါဝင်ဘဲနှင့်ကား အာဏာရှင်ကို ဖြုတ်ချပြီး အောင်ပွဲအလုံးစုံ ခံယူနိုင်ဖို့ရန်ဆိုသည်က မဖြစ်နိုင်ပါ။ နောက်ထပ်လှမ်းမည့် ခြေလှမ်းကို တွက်ချက်ထားရမည်။ အသစ်အသစ်သော ဖန်တီးမှုနှင့် မှန်ကန်သော အယူအဆတို့သည် အာဏာရှင်ကို ဖြုတ်ချရေး၌ အရေးကြီးသောကဏ္ဍက ပါဝင်နေပါသည်။ သို့တစေ ဒီမိုကရေစီအင်အားစု၏ လှုပ်ရှားမှုများကို ရှေ့သို့တိုးပြီး

ဆောင်ရွက်ရာ၌ မဟာဗျူဟာကျသော အခြေအနေတစ်ရပ်ကို သုံးသပ်ဆောင်ရွက်ရန်တော့ လိုအပ်လှသည်။

တချို့ တချို့ ပုဂ္ဂိုလ်တွေကျပြန်တော့ မဟာဗျူဟာ စီမံကိန်းဆိုခြင်းကို လက်ခံဝင်စားသည်။ သို့သော် တိုတောင်းသော ကာလတစ်ခုနှင့် နည်းဗျူဟာအတွက်သာဖြစ်လို့ နေပြန်သည်။ ရေရှည်စီမံကိန်း ချလုပ်ဆောင်ရန် လိုအပ်သည်။ ရေရှည်စီမံကိန်းချ လုပ်ဆောင်မှသာ ဖြစ်နိုင်ကြောင်းကို သူတို့က မတွေးဆမိကြချေ။ ဒီမိုကရေစီအင်အားစုတို့က ကမကထပြုလုပ်ရမည့်ကိစ္စတွေအစား အာဏာရှင်၏ လုပ်ရပ်ကို ချက်ခြင်းတုံ့ပြန်ရန်သာ ဝင်စားကြသည်။ မဟာဗျူဟာစီမံကိန်းကို မည်ကဲ့သို့ ချမှတ်ဆောင်ရွက်မည်ဆိုသည့် အစား အသေးအဖွဲ့ကိစ္စတွေမှာ ခဏအာရုံစိုက်နေကြသည်။ ရည်မှန်းချက်ကို ကျိန်းသေရရှိနိုင်မည့် အခြားသော ရွေးချယ်စရာနည်းလမ်းတွေကို ရှာဖွေနိုင်စွမ်း မရှိကြဘဲ ရေတိုလှုပ်ရှားမှုတွေ၌သာ အားအင်ကို ဖြုန်းတီးနေကြသည်။

တချို့သော ဒီမိုကရေစီရေး လှုပ်ရှားမှုတွေသည် မဟာဗျူဟာ နည်းကျ ဆောင်ရွက်ခြင်းမပြုဘဲ အာဏာရှင်ကို ဖြုတ်ချနိုင်ခဲ့ သည်လည်း ရှိသည်။ ချက်ခြင်းတွေ့ကြုံရသော ကိစ္စရပ်မျိုးတွေကို အကြောင်းပြုပြီး အာဏာရှင်ကို ဖြုတ်ချနိုင်ခဲ့တာမျိုး ရှိသည်။ မှာ

မှန်သည်။ သို့သော် သူတို့စိတ်ထဲမှာ ကိုယ်နိုင်ငံက သူတို့၏ အားထုတ်မှုနှင့် အာဏာရှင် ပြုတ်ကျသွားလိမ့်မည်ဟု ယုံကြည်ချက်ခြင်း မရှိပါ။ ထို့ကြောင့်လည်း မဟာဗျူဟာစီမံကိန်းနှင့် ဆောင်ရွက်ရမည်ဆိုခြင်းက အချိန်ဖြုန်းနေခြင်းပဲလို့ ယူဆခဲ့ကြသည်။ ဒီမိုကရေစီရေး ကြိုးပမ်းသူတို့သည် စစ်တပ်နှင့် ရဲတို့၏ဖိနှိပ်ကွပ်မှုကို ရင်ဆိုင်ရသည်။ ဒါကလည်း အာဏာရှင်တို့ လုပ်နိုင်သောနည်း ဖြစ်သည်။ မဟာဗျူဟာစီမံကိန်းနှင့် အာဏာရှင်ကို မတိုက်နိုက်လျှင် အချိန်ဖြုန်းနေတာပဲဖြစ်မည်။ အရဲစွန့်၍ အသေခံခြင်းသာဖြစ်မည်။ မဟာဗျူဟာစီမံကိန်းနည်းကျ မဆောင်ရွက်လျှင် ဒီမိုကရေစီရေး တိုက်ပွဲဝင်သူတို့ ရည်မှန်းချက်မရောက်ဖြစ်မည်။ ညံ့ဖျင်းလှသော အစီအမံနှင့် ဒီမိုကရေစီဖော်လှန်ရေးသည် ရှေ့သို့တိုးနိုင်ဖို့ရာ မရှိပါ။ ဒီ့အပြင် အာဏာရှင်ကို ပိုမိုတင်းကြပ်စေဖို့ ပိုမိုနှိပ်စေဖို့ရာ လုပ်သကဲ့သို့သာ ရှိရမည်။ အကယ်၍သာ မဟာဗျူဟာ စီမံကိန်းချ၍သာ ဒီမိုကရေစီရေး တိုက်ပွဲဝင်ခဲ့ပါသော် အာဏာရှင်သည် ရှိနေသင့်သော အတိုင်းအတာထက် ပိုတိုတောင်းသွားမည်။ အာဏာရှင်သည် ဖြစ်သင့်သော ရှိနိုင်သောကာလထက် ပိုမိုတိုတောင်းစွာပဲ နေရပေမည်။

## မဟာဗျူဟာစီမံကိန်း၏ အရေးပါသော ၄-ချက်

"ကြီးမားသော မဟာဗျူဟာ" ဆိုခြင်းမှာ ဖြစ်နိုင်သမျှသော ရနိုင်သမျှသော အရင်းအမြစ်များ (လူသား၊ စီးပွားရေး၊ စိတ်ဓာတ်၊ နိုင်ငံရေး၊ အသင်းအဖွဲ့များ စသည်တို့ကို) စုဆောင်း၍ ညီညွတ်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ကြီးမားသောမဟာဗျူဟာအရ ပဋိပက္ခဖြစ်နေသော အုပ်စုများ၏ ဦးတည်ချက်နှင့် အရင်းအမြစ်တွေကို ကြည့်၍ အဖြစ်နိုင်ဆုံးသော နည်းလမ်းကို ဆုံးဖြတ်ခြင်းဖြစ်သည်။ (ဥပမာ စစ်ရေးအရ လုပ်နိုင်မလား၊ အကြမ်းမဖက်သော နည်းကိုပဲ သုံးမည်လား)။ ကြီးမားသော မဟာဗျူဟာကို စီမံကိန်းရေးဆွဲလုပ်မည်ဆိုလျှင် တော်လှန်ရေးခေါင်းဆောင်တို့ အနေဖြင့် အာဏာရှင်အပေါ် မည်သည့်နည်းက ဖိအားပေးနိုင်မည် ဩဇာသက်ရောက်နိုင်မည်ကို ကြည့်ရမည်။ နောက်ထပ် ဝိုင်းစားဖို့ရန်မှာ ဖြစ်နိုင်သော အခြေအနေနှင့် အချိန်အခါကို တော်လှန်ရေးလုပ်ငန်းစဉ်အတွက် ချင့်ချိန်ရန်ဖြစ်သည်။ ကြီးမားသော မဟာဗျူဟာတွင် တိုက်ပွဲဝင်ရာ၌ အရည်းနည်းဖြစ်စေနိုင်သော မဟာဗျူဟာတွေကို ကန့်သတ်ရန်ဖြစ်သည်။ ယင်းသို့ တိုက်ပွဲဝင်ရာတွင် တစ်စုံတစ်ခုသော အရင်းအမြစ်များကို ဆုံးဖြတ်ပေးခြင်းဖြစ်သည်။

ဒုတိယအမျိုးအစားက မဟာဗျူဟာဖြစ်ပြီး ကြီးမားသော

မဟာဗျူဟာသောင်အတွင်းကနေ တစ်ခုချင်းစီသော ရည်မှန်းချက်တွေ မည်ကဲ့သို့ ရမည်လဲဟူ၍ သုံးသပ်ခြင်းဖြစ်သည်။ မဟာဗျူဟာက ဘယ်နေရာ၊ ဘယ်အချိန်၊ ဘယ်လိုနည်းသုံး၍ တိုက်ပွဲဝင်မည်လဲဆိုခြင်းနှင့် သေချာပေါက်နိုင်ရန် ချုပ်ကွပ်မည်ကဲ့သို့ အများဆုံးထိရောက်အောင် ဆောင်ရွက်နိုင်မလဲဟူ၍ သုံးသပ်ခြင်းဖြစ်သည်။ မဟာဗျူဟာကို ပန်းချီဆရာတစ်ဦး၏ စိတ်ကူးနှင့် နှိုင်းယှဉ်သည်။ မဟာဗျူဟာစီမံကိန်းဆိုခြင်းက ဗိသုကာတစ်ဦး၏ပုံစံထုတ်သော အနေအထားပဲဖြစ်သည်။ မဟာဗျူဟာကျသော အခြေအနေတွင် ကြိုးပမ်းအားထုတ်၍ တိုးတက်မှုရရန်ဖြစ်သည်။ ပွင့်လင်းမြင်သာစွာ တိုက်ပွဲဝင်ခြင်းဖြင့် ရန်သူကို ကြိုတင်၍ သူတို့ ရှုံးတော့မည်ကို သိသာစေသည်။ သို့မဟုတ်ကလည်း မဟာဗျူဟာကျသော ကြိုးပမ်းမှုသည် အောင်ပွဲကို အသေအချာရစေမှာဖြစ်သည်။ မဟာဗျူဟာနည်းတွင် အကယ်၍ အောင်ပွဲရပါက အောင်ပွဲကို မည်သို့ကောင်းစွာ အသုံးချမလဲဆိုသောအချက် ပါဝင်သည်။ မဟာဗျူဟာနည်းသည် လှုပ်ရှားမှုကို မည်ကဲ့သို့ တိုးတက်စေမည်နည်းဟူသော အခြေခံမှု ပါဝင်သည်။ အလားတူသီးခြား အဖွဲ့အစည်းလေးများသည် သေးငယ်သော လှုပ်ရှားဆောင်ရွက်မှုတို့ကို မည်ကဲ့သို့ ကျွမ်းကျင်စွာ တိုးတက်စေနိုင်မည်လဲဆိုသောအချက် ပါဝင်သည်။ မဟာဗျူဟာ

စီမံကိန်းတွင် အောင်ပွဲရစေရေးအတွက် လိုအပ်ချက်များကို စဉ်းစား သုံးသပ်ရသည်။ နည်းလမ်းကွဲပြားလျှင် လိုအပ်ချက်များ ကွဲပြား သည်။

ဒီမိုကရေစီတိုက်ပွဲဝင်သူများသည် သူတို့၏ ရည်မှန်းချက် ကို ရှင်းလင်းစွာ သိဖို့လိုသည်။ ကြီးမားအားထုတ်မှုများ မည်ကဲ့သို့ ထိရောက်မည်လဲဆိုခြင်းကို တွက်ဆရမည်။ အဓိပ္ပာယ်ဖွင့်ဆိုခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ ကြည့်ရှုခြင်းတို့က ရည်မှန်းချက်တစ်ခုချင်းစီကို ပိုင်ပိုင်နိုင်နိုင် ရဖို့ရန် လိုအပ်ချက်များကို သိသာစေသည်။ နည်းဗျူဟာ နှင့် နည်းလမ်းများဆိုသည်မှာ မဟာဗျူဟာကို အကောင်အထည် ဖော်ရာ၌ အသုံးပြုရသည်။ နည်းဗျူဟာဆိုသည်မှာ အကန့်အသတ် ရှိသော အခြေအနေတစ်ရပ်တွင် တစ်ဦး၏အင်အားစုများကို ကျွမ်းကျင်စွာ အသုံးချခြင်းဖြစ်သည်။ တားမြစ်ထားသော ရည်မှန်း ချက်ကို ရဖို့ရန် အကန့်အသတ်ရှိသော လှုပ်ရှားမှုအား နည်းဗျူဟာ က ဆောင်ရွက်သည်။ မဟာဗျူဟာကို အကောင်အထည်ဖော်ရန် အတွက် ဖြစ်နိုင်သော တိုက်ပွဲဝင်သည့် လုပ်ရပ်ဖြစ်သည်။ မဟာ ဗျူဟာမြောက်သော အောင်ပွဲရစေဖို့ရန် နည်းဗျူဟာနှင့် နည်းလမ်း များကို ထိရောက်စွာ အသုံးပြုရသည်။ မဟာဗျူဟာရည်မှန်းချက်ကို အထောက်အကူ မပြုသောနည်းဗျူဟာသည် အချိန်ကုန် လူပန်း

ဖြစ်စေသည်။ မဟာဗျူဟာဆိုသော ကျယ်ပြန့်သည့် ဘောင်အတွင်း၌ နည်းဗျူဟာမှုသည် အကန့်အသတ်သဘောရှိသည်။

မဟာဗျူဟာကို ကျယ်ပြန့်စွာ ခင်းစားဆောင်ရွက်ရသည်။ နည်းဗျူဟာဆိုခြင်းက လက်တွေ့တိုက်ပွဲဝင်ရခြင်းဖြစ်သည်။ တိုက်ပွဲတစ်ခုလုံး၊ သို့မဟုတ် လှုပ်ရှားမှုတစ်ခုလုံးကို မဟာဗျူဟာက ဆင်ခြင်သုံးသပ်ဆောင်ရွက်သည်။ နည်းဗျူဟာက အစိတ်အပိုင်းလေးများအဖြစ် အကောင်အထည်ဖော်၍ နည်းဗျူဟာက မဟာဗျူဟာထက် အချိန်တိုတောင်းစွာ ဆောင်ရွက်ရသည်။ ပထဝီဝင် အနေအထားအရ နယ်မြေကျဉ်းမြောင်းသောနေရာတွင် ဆောင်ရွက်သည်၊ သို့မဟုတ် လူဦးရေနည်းသော သို့မဟုတ် ရည်မှန်းချက်အကန့်အသတ်ရှိသောနေရာတွင် သုံးသည်။ အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှုတွင် မဟာဗျူဟာနှင့် နည်းဗျူဟာကို ခွဲခြားရာ၌ အဓိကလှုပ်ရှားမှုလော သာမညလှုပ်ရှားမှုလော ဆိုခြင်းပင်ဖြစ်သည်။ နည်းဗျူဟာကို မဟာဗျူဟာအတွက် လက်နက်ကိရိယာအဖြစ် အသုံးပြုသည်။ ဖြစ်နိုင်သောနည်းလမ်းကို အကောင်အထည်ဖော်ရာ၌ နည်းဗျူဟာသည် ပို၍ အရေးကြီးသည်။

နည်းလမ်းဆိုခြင်းမှာ လက်နက်ရွေးချယ်မှု သို့မဟုတ် လှုပ်ရှားမှုပြ-ဂုတွင် အသုံးပြုသည်။ လှုပ်ရှားပုံ လှုပ်ရှားနည်း

တစ်ဖိစင်မကာကို အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှုတွင် အသုံးပြုသည်။ ဥပမာ သပိတ်မှောက်ခြင်း၊ ဆန္ဒပြခြင်း၊ ပူးပေါင်းဆောင်ရွက်မှု မပြုခြင်း စသည်မျိုးတို့ဖြစ်သည်။ အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှုကို မဟာဗျူဟာစီမံချက်အရ အကောင်အထည်ဖော်ရာတွင် ကြီးမားသော မဟာဗျူဟာ၊ မဟာဗျူဟာများ၊ နည်းဗျူဟာနှင့် နည်းလမ်းများကို သုံးစွဲရန် လိုအပ်သည်။ အာဏာရှင်စနစ်အောက်ကနေ လွတ်မြောက်ရေးကို ကြိုးပမ်းရာတွင် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲ ဉာဏ်နှင့်ယှဉ်ပြီး သုံးစွဲရန်ဖြစ်သည်။ ဤစီမံကိန်း အောင်မြင်လျှင် ကသောင်းကနင်း ဖြစ်သွားနိုင်သည်။ တစ်စုံတစ်ဦး၏ အရင်းအမြစ်ကို အကျိုးရှိရှိ သုံးစွဲနိုင်လျှင်မှ လွတ်မြောက်ရေး၊ ရည်မှန်းချက်နှင့် ဒီမိုကရေစီ ရရှိရေးအတွက် အဆုံးအဖြတ်ပေးမည်သာဖြစ်သည်။

## အခန်း(၇)

# မဟာဗျူဟာကို
# စီမံကိန်းချဆောင်ရွက်ခြင်း

ခေါင်းမြစ်ဖို့ရန် အခွင့်အရေးများကို တိုးမြှင့်ဆောင်ရွက်ရန် အတွက် ပြည့်စုံသော လှုပ်ရှားမှုပုံစံတစ်ခုကို လုပ်ဆောင်ရန် လိုအပ် သည်။ ခုကြုံရောက်နေသော ပြည်သူတွေကို အားပေးပြီး အာဏာရှင် စနစ်ကို အားနည်းစေကာ ဖျက်ဆီးဖြိုလှဲရမည်။ ပြီးတော့ ခိုင်မြဲ သည့် ဒီမိုကရေစီစနစ်ကို ထူထောင်ရမည်ဖြစ်သည်။ ဤအချက် တွေကို ရရှိဖို့ရန်အတွက် အခြေအနေကို လေ့လာသုံးသပ်၍ လှုပ်ရှားမှု အစီအမံတစ်ရပ်ကို ချမှတ်ဆောင်ရွက်ရန် လိုအပ်မည် ဖြစ်သည်။ ကြီးမားသော မဟာဗျူဟာနှင့် လှုပ်ရှားမှုမဟာဗျူဟာကို အသေအချာ ခွဲခြမ်းစိတ်ဖြာနိုင်မှသာ လွတ်မြောက်ရေးကို တိုးမြှင့် ဆောင်ရွက်နိုင်ပါမည်။ ကြီးမားသော မဟာဗျူဟာနှင့် လှုပ်ရှားမှု မဟာဗျူဟာတို့သည် ခွဲခြားဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်သည်။ ကြီးမားသော မဟာဗျူဟာကို ခင်းကျင်းပြီးမှသာ လှုပ်ရှားမှုမဟာ

ဗျူဟာကို မဆောင်ရွက်နိုင်မည်ဖြစ်သည်။ လှုပ်ရှားမှုမဟာဗျူဟာကို ဆောင်ရွက်ခြင်းဖြင့် ကြီးမားသော မဟာဗျူဟာကို အားဖြည့်ခြင်း ဖြစ်သည်။

တော်လှန်ရေးမဟာဗျူဟာကို အကောင်အထည်ဖော်ရန် မေးခွန်းများစွာနှင့် လုပ်ငန်းစဉ်များစွာ လိုအပ်သည်။ ကြီးမားသော မဟာဗျူဟာရော လှုပ်ရှားမှု မဟာဗျူဟာကိုပါ ဆောင်ရွက်မည် ဆိုလျှင် အခြေအားလုံးကို နားလည်သဘောပေါက်ရမည်။ ရုပ်ပိုင်း ဆိုင်ရာ၊ သမိုင်းဆိုင်ရာ၊ အဖွဲ့ရှိုင်းဆိုင်ရာ၊ စစ်ပိုင်းဆိုင်ရာ၊ ယဉ်ကျေးမှု လူမှုရေး စသည်တို့ကို နားလည်သဘောပေါက်ရန်အပြင် စိတ်ပညာ ဆိုင်ရာ စီးပွားရေး နိုင်ငံတကာရေးရာသဘောပဋိပက္ခနှင့် ဝင်လျှင်း သရွေ့ကို နားလည်ရန် လိုအပ်သည်။ နိုင်ငံရေးတိုက်ပွဲဖြစ်စဉ်၏ နောက်ခံသမိုင်းနှင့် တစ်ရှုချင်းစီ လှုပ်ရှားမှုကို သိနားလည်ထားရမည်။

အခြေခံအားဖြင့်မူ ဒီမိုကရေစီရေး ခေါင်းဆောင်များနှင့် မဟာ ဗျူဟာရေးဆွဲသူတို့သည် ပဋိပက္ခကို ဖြစ်စေသည့်အကြောင်းတရား နှင့် ရည်မှန်းချက်ကို နားလည်သဘောပေါက်ထားကြရန် လိုအပ် သည်။ ရည်မှန်းချက်သည် အဓိကတိုက်ပွဲဝင်ရန် လိုအပ်သလား။ လိုအပ်လျှင် ဘာကြောင့်လဲ။ ယင်းသည် အဓိကနိုင်ငံရေးတိုက်ပွဲ ဝင်ရာ၌ အဓိကအချက်ဖြစ်သည်။ အာဏာရှင်စနစ်ကို ဖြိုချိုး

အာဏာရှင်ကို ဖယ်ရှားရုံနှင့် ပြည့်စုံလုံလောက်မှု ရှိရဲ့လားဆိုခြင်းကို ဆင်ခြင်ရမည်။ ဦးတည်ချက်က ဤပဋိပက္ခသည် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ထူထောင်မည့် လူမှုပုံစံဖြစ်သည်။ ဒါကြောင့်ပဲ ဤအချက်ကြီးက ကြီးမားသော မဟာဗျူဟာနှင့် သီးခြားမဟာဗျူဟာအခင်းအကျင်းတွေအပေါ် ပြဿာသက်ရောက်စေတာဖြစ်သည်။ မဟာဗျူဟာစီပံကိန်း ရေးဆွဲမည့်သူတို့သည် အောက်ပါမေးခွန်းများကို ဖြေဆိုရန် လိုအပ်သည်။

- လွတ်မြောက်ဖို့ရာအတွက် မည်သည့်အရာက အဟန့်အတား ဖြစ်စေသည်လဲ။
- လွတ်မြောက်ဖို့ရန် မည်သို့သော အချက်တွေ လိုအပ်သလဲ။
- အာဏာရှင်စနစ်၏ အဓိကခွန်အားသည်ဘာလဲ။
- အာဏာရှင်စနစ်၏ အားနည်းချက်တွေကဘာလဲ။
- အာဏာရှင်စနစ် ကြံ့ခိုင်စေဖို့ရန် မည်သည့်အရင်းအမြစ်တွေက ထွန်းဆောင်ပေးနေတာလဲ။
- ဒီမိုကရေစီအင်အားစုနှင့် ပြည်သူ၏အင်အားက မည်မျှရှိသလဲ။
- ဒီမိုကရေစီအင်အားစု၏ အားနည်းချက်တွေက ဘာလဲ။

မိတ်ဆွေစာပေ

ဒါတွေကို ပြပြင်နိုင်မလား။

- ပဋိပက္ခတွင် မပါဝင်သော တတိယအုပ်စု၏ အနေ
အထားက ဘယ်လိုလဲ။ တတိယအင်အားစုက ဒီမို
ကရေစီရေး လှုပ်ရှားမှုကို ပံ့ပိုးနေသလား။ သို့မဟုတ်
ပံ့ပိုးနိုင်မှာလား။ တတိယအင်အားစုက အာဏာရှင်ဘက်
ကလား။ ဒီမိုကရေစီရေးသမားတွေဘက်ကလား။ တစ်
ဘက်ဘက်က ရပ်တည်သည်ဆိုလျှင် ဘယ်လိုနည်းနဲ့
တတိယအင်အားစုက ရပ်တည်နေတာလဲ။

**ရွေးချယ်ခြင်းအစီမှာယ်**

ကြီးမားသော မဟာဗျူဟာနှင့် စပ်လျဉ်း၍ လာမည့် ပဋိပက္ခ
တွင် အသုံးပြုဆောင်ရွက်မည့် တိုက်ပွဲဝင်အနေအထား၏ အစီမှာယ်
ကို စီမံကိန်းရေးဆွဲသူတို့က ကောင်းစွာရွေးချယ်ရန်လိုသည်။ တိုက်ပွဲ
ဝင်အနေအထားတွင် အသုံးပြုမည့်နည်းလမ်းတွေ၏ အရည်အသွေးနှင့်
ကန့်သတ်ချက်တွေကို ရွေးချယ်တတ်ရန် လိုအပ်သည်။ ဥပမာ
စစ်ရေးထိုး စစ်ဆင်မှုလား။ ပြောက်ကျားစစ်လား။ နိုင်ငံရေးအရ
အတိုက်အခံပြုမှုလား စသည်တို့ဖြစ်သည်။ စီမံကိန်းရေးဆွဲမည့်သူ
တွေသည် အောက်ပါမေးခွန်းတို့ကို ဖြေကြည့်ပါ။

ဒီမိုကရေစီအုပ်စုကြားတွင် တိုက်ပွဲဝင်မှုကို ရွေးချယ်မလား၊ ရွေးချယ်ထားသော နည်းလမ်းသည် ပြည်သူအားလုံး၏ အင်အားကို အသုံးပြုနိုင်မလား။ ဤနည်းလမ်းသည် အာဏာရှင်၏ အားနည်းချက်ကို ထိရောက်စေမလား၊ သို့မဟုတ် အာဏာရှင်၏ အဓိက အင်အားကို ထိုးနှက်နိုင်စေမည်လား။ ယင်းနည်းက ဒီမိုကရေစီသမားတွေကို ကိုယ့်အားကိုယ်ကိုးဖြစ်စေနိုင်မလား၊ သို့မဟုတ် တတိယအုပ်စု၏ အကူအညီ သို့မဟုတ် ပြည်ပထောက်ခံမှု လိုအပ်မည်လား။ ယင်းနည်းလမ်းအရ လာမည့်ပဋိပက္ခတွင် မိမိဘက်က အထိအခိုက်ဒဏ်ရာရမှုကို တိုးမြှင့်စေမလား၊ သို့မဟုတ် အကန့်အသတ်ဖြစ်စေမလား။ အာဏာရှင်စနစ် ကျဆုံးပြီးနောက် ပေါ်လာသည့် အစိုးရကို မည်ကဲ့သို့ အကျိုးရှိစေမည်လဲ။ လုပ်ဆောင်မည့် လှုပ်ရှားမှုသည် ကြီးမားသော မဟာဗျူဟာစီမံကိန်းနှင့် တခြားစီဖြစ်နေမည်လား။ စီမံကိန်းရေးဆွဲမည့်သူတွေသည် ပဋိပက္ခဖြစ်စဉ်တစ်ခုလုံး၏ အခြေအနေကို နားလည်ရန် လိုအပ်သည်။ ပြီးတော့ ပြောခဲ့သည့်မေးခွန်းတွေကို နားလည်သဘောပေါက်ရမည်ဖြစ်သည်။

## ဒီမိုကရေစီအတွက် စီမံကိန်းချခြင်း

အာဏာရှင်စနစ်ကို ဆန့်ကျင်ရန် ကြီးမားသော မဟာဗျူဟာ၏ ဦးတည်ချက်မှာ အာဏာရှင်စနစ်ကို ဖြုတ်ချရန်သာမက ဒီမိုကရေစီစနစ်ကို ချမှတ်ခြင်းဖြင့် နောက်အာဏာရှင်စနစ်တစ်ခုကို တန့်တားရန် ပဲဖြစ်သည်။ ဤရည်မှန်းချက်ကို ရစေဖို့ရန် လူ့အဖွဲ့အစည်းအတွင်း ထိရောက်သော အာဏာခွဲဝေမှု ရှိမည့်အာဏာရှင်စနစ်မှာ အမိုးရက တောင့်တင်းကြံ့ခိုင်နေပြီးဖြစ်၏။ အတိုက်အခံတွေမှာက ချိနဲ့လို့ နေသည်။ ဤမည်သော အာဏာအင်အားချိန်ခွင်လျှာ မျှမှုကိုသာ ပြောင်းလဲမပစ်နိုင်ပါက အုပ်ချုပ်သူအသစ်ကလည်း အာဏာရှင် လိုပဲ ဖြစ်လာနိုင်သည်။

နိုင်ငံရေးအတိုက်အခံပြုခြင်းဆိုသည်မှာ အာဏာရှင်စနစ်ကို ဆန့်ကျင်၍ တိုက်ပွဲဝင်ပြီး၊ လူထုလူတန်းစား တစ်ရပ်လုံးကို လှုံ့ဆော်စည်းရုံး၍ အာဏာခွဲဝေသုံးစွဲမှု ညီမျှစေရန်သာဖြစ်သည်။ ဤမှန်းချက်နှင့်အညီ လူ့အဖွဲ့အစည်းအတွင်း ထိရောက်သော အာဏာခွဲဝေမှုကို ပြုရမည်ဖြစ်သည်။ နိုင်ငံရေးအကြမ်းမဖက်မှု ဆိုသည်မှာ အာဏာရှင်သည် ပြည်သူကို အကြမ်းဖက် ဖိနှိပ်မှုကို အလွယ်တကူ မပြုနိုင်စေရေးကိုသာ စွမ်းဆောင်နိုင်မည်ဖြစ်သည်။ ပြည်သူ့အာဏာအား နိုင်ငံရေး အတိုက်အခံပြုမှုကို သုံး၍ လှုံ့ဆော်

စည်းရုံးတည်ဆောက်မှုသည် သီးခြားလွတ်လပ်သော လူမှုအဖွဲ့အစည်းများ အင်အားကောင်းတင်းလာရေးကို ဖြစ်စေလိမ့်မည်။ ထိရောက်သောအာဏာကို လေ့ကျင့်ပျိုးထောင်ခြင်းဆိုသည်ကို မမေ့အပ်ပါ။ တိုက်ပွဲဝင်ကာလ အသိပညာနှင့် ကျွမ်းကျင်မှုတွေက အာဏာရှင်သဖွယ် ဖြစ်လာစေနိုင်သည်။ အာဏာဆက်ဆံရေးကို အလှည့်ကျ ထမ်းဆောင်စေခြင်းဖြင့် ခိုင်မာသော ဒီမိုကရေစီ လူ့အဖွဲ့အစည်း ဖြစ်လာစေမည်ဖြစ်သည်။

## ပြည်ပအထောက်အပံ့

ကြီးမားသော မဟာဗျူဟာတစ်ရပ်တွင် အာဏာရှင်စနစ်ကို ဖယ်ရှားရန်မှာ ပြည်တွင်းက ဆန့်ကျင်တော်လှန်မှုနှင့် ပြည်ပက ဖိအားပေးမှုပဲဖြစ်သည်။ ယင်းသို့ အာဏာရှင်ကို ဖယ်ရှားရန်အတွက် အဓိကကျသည်မှာ ပြည်တွင်းအင်အားစုသာဖြစ်သည်။ ဤကဲ့သို့ ပြည်ပပံ့ပိုးမှု အကူအညီက ပြည်တွင်းတော်လှန်ရေးသမားတို့အား စိတ်ဓာတ်တက်ကြွစေမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးက အာဏာရှင်ကို လူသားချင်း စာနာထောက်ထားမှု၊ ကျင့်ဝတ်ဆိုင်ရာ ဘာသာရေးဆိုင်ရာနယ်ပယ်များတွင် လူသိရှင်ကြား ဝေဖန်ပြောဆိုမှု ရှိနိုင်သည်။ နိုင်ငံတကာအနေနှင့် သံတမန်ရေး၊ နိုင်ငံရေး၊ စီးပွားရေး

အရ ဆန့်ကျင်အရေးယူ၍ရသည်။ စီးပွားရေးနှင့် လက်နက်ရောင်းဝယ်မှု ပိတ်ဆို့ရေး၊ သံတမန်အဆင့် လျှော့ချခြင်း၊ သံတမန်အဆက်အသွယ် ဖြတ်တောက်ခြင်း၊ စီးပွားရေးထောက်ပံ့မှု မပြုရန် ရင်းနှီးမြှုပ်နှံမှု ပိတ်ပင်ခြင်း၊ အာဏာရှင်အစိုးရနိုင်ငံကို နိုင်ငံတကာ အသင်းအဖွဲ့များနှင့် ကုလသမဂ္ဂ အေဂျင်စီများတွင် ထုတ်ပယ်ခြင်း လုပ်နိုင်သည်။ အာဏာရှင်အစိုးရကို ငွေကြေးထောက်ပံ့မှု၊ ဆက်သွယ်ရေးထောက်ပံ့မှုတွေ ရပ်ဆိုင်းပစ်ခြင်းကလည်း ယင်းနိုင်ငံပြည်တွင်းရှိ ဒီမိုကရေစီအင်အားစုများကို ထောက်ပံ့ခြင်းပဲဖြစ်သည်။

## ကြီးမားသောမဟာဗျူဟာကို ပုံစံချခြင်း

ကြီးမားသောမဟာဗျူဟာ၏ ဆိုလိုချက်ကို အဓိပ္ပာယ်ဖွင့်ဆိုပြီး သကာလ ပြည်ပအကူအညီ အနေအထားကို တွက်ဆ၍ အကောင်းဆုံးဖြစ်အောင် မည်သို့ပြုလုပ်မည်ကို တွက်ဆ၍ စီမံချက် ရေးဆွဲရမည်ဖြစ်သည်။ ကျယ်ပြန့်သောစီမံချက်ကို လက်ရှိ အခြေအနေမှသည် အနာဂါတ်လွတ်မြောက်ရေးရပြီး ဒီမိုကရေစီနိုင်ငံတော် ထူထောင်နိုင်သည်အထိ တွက်ဆ၍ ရေးဆွဲရမည်ဖြစ်သည်။ ကြီးမားသော မဟာဗျူဟာ စီမံချက်ကို ရေးဆွဲရန်အတွက် ယခင်ကထက်ပို၍ သိသာထင်ရှားမှု ဖြစ်စေဖို့ရန် စီမံကိန်းရေးဆွဲသူတွေသည်

အောက်ပါမေးခွန်းတွေကို မိမိတို့ကိုယ်မိမိ မေးမြန်းကြရမည် ဖြစ်သည်။

ရေရှည်စီမံကိန်းကို အကောင်းဆုံး ဘယ်လိုစတင်မလဲ။ အပိန်နှိပ်ခံပြည်သူတို့သည် ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိပြီး ခွန်အားရှိလာအောင် ဘယ်လိုလုပ်မလဲ။ အကြမ်းမဖက်ရေးနှင့် အာဏာရှင်ကို အတိုက်အခံပြုရေးအတွက် ပြည်သူ၏စွမ်းရည်ကို ဘယ်လိုမြှင့်တင်ပေးမလဲ။ လူ့အဖွဲ့အစည်းအတွင်း ဒီမိုကရေစီစနစ် ထူထောင်ပြီး အာဏာရှင်၏ လုပ်ပိုင်ခွင့်တွေကို ကန့်သတ်နိုင်လေအောင် အကန့်အသတ်ဖြစ်သော လူထုလှုပ်ရှားမှု ဖြစ်စဉ်တွေကို ဘယ်လိုလုပ်နိုင်မလဲ။ အာဏာရှင်စနစ်အတွင်း ရှင်သန်နေနိုင်သော လူမှုအဖွဲ့အစည်းတွေကို လွတ်မြောက်ရေး တိုက်ပွဲတွင်မည်ကဲ့သို့ အသုံးချမည်လဲ။ အာဏာရှင်စနစ်က ဆက်လက်ရှင်သန်နေသည့်တိုင်အောင် အာဏာရှင်ထိန်းချုပ်သော မည်သည့်လူမှုအဖွဲ့အစည်းကို ကိုယ့်ဘက်ပါအောင် လုပ်နိုင်မလဲ။ အလားတူမည်ကဲ့သို့သော လူမှုအဖွဲ့အစည်းအသစ်တွေကို ဒီမိုကရေစီအင်အားစုက ဖွဲ့စည်းပေးကာ သူတို့၏ လုပ်ငန်းရည်ရွယ်ချက်လည်း ဖြည့်ဝပေး၊ ဒီမိုကရေစီရေး လှုပ်ရှားမှုကိုလည်း ပံ့ပိုးစေလို့ လုပ်နိုင်မည်လဲ။ ဒီမိုကရေစီတော်လှန်ရေးအတွင်း အဖွဲ့အစည်းပုံစံတွေ ဖွံ့ဖြိုးအောင် ဘယ်လိုလုပ်မလဲ။

တစ်ဦးချင်းစီကို လေ့ကျင့်မျိုးထောင်နိုင်ဖို့ရန် ဘယ်လိုလုပ်မလဲ။ ဆောက်လုပ်ရေးအတွင်း ဘဏ္ဍာရေး၊ ပစ္စည်းကိရိယာအရင်းအမြစ်တွေ စုမိအောင် ဘယ်လိုလုပ်မလဲ။ လူထုတစ်ရပ်လုံးဟာ အုံကြွလာအောင် မည်သည့်ပုံစံမျိုးနှင့် စည်းရုံးလှုံ့ဆော်မလဲ။ အာဏာရှင်၏ တန်ခိုးဩဇာအဆက်မပြတ် အားနည်းစေရေးနှင့် လုံးဝပြတ်တောက်သွားစေရေးအတွက် မည်ကဲ့သို့သော လှုပ်ရှားဆောင်ရွက်မှုတွေ ပြုမည်လဲ။ ပြည်သူတွေက ဤနိုင်ငံရေးဆန့်ကျင်မှုတွင် အဆက်မပြတ်ပါဝင်စေဖို့ရာနှင့် အကြမ်းမဖက်သော စည်းကမ်းတကျ ရှိစေဖို့ရာ မည်ကဲ့သို့ လုပ်မည်လဲ။ တိုက်ပွဲဝင်ကာလအတွင်း အခြေခံလိုအပ်ချက်များ ပြည့်စုံအောင် မည်ကဲ့သို့ လုပ်မည်လဲ။ ပဋိပက္ခ၏ ဒိဂရီအမြင့်ဆုံးအချိန်တွင် အစီအစဉ်တကျဖြစ်သော လူမှုဘဝကို ဘယ်လိုတည်ဆောက်မည်လဲ။ အာဏာရှင်စနစ်ကို ကျော်လွှားပြီးချိန်၌ အသွင်ကူးပြောင်းရေးကာလကို မည်ကဲ့သို့ တည်ဆောက်မည်လဲ။ အာဏာရှင်ဆန့်ကျင်ရေး လှုပ်ရှားမှုတွင် တစ်ခုတည်းသော ပုံစံချဆောင်ရွက်မှုနှင့် မလုံလောက်နိုင်ပါ။ အာဏာရှင်ကို ဖြုတ်ချပြီး ဒီမိုကရေစီခေတ် ထူထောင်ရေးလုပ်ရာတွင် လှုပ်ရှားမှုတစ်ခုနှင့်တစ်ခုက မတူညီပါ။ အလားတူစွာ အာဏာရှင်ဆိုသည်ကလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပုံစံတူသည်မဟုတ်ပါ။ အလားတူစွာ လွတ်မြောက်

ရေးကို ကြိုးပမ်းသော ပြည်သူတို့၏ စွမ်းဆောင်နိုင်မှုကလည်း ကွဲပြားခြားနားနိုင်သည်။ ကြီးမားသော မဟာဗျူဟာစီမံကိန်း ရေးဆွဲသူတို့သည် ပဋိပက္ခ၏ အခြေအနေကို နားလည်ရုံသာမက လွတ်မြောက်ရေး ကြိုးပမ်းမှု၏ ဆိုလိုရင်းကိုပါ နားလည်သဘောပေါက်ထားရန် လိုအပ်သည်။

ကြီးမားသော မဟာဗျူဟာစီမံကိန်းကို ကောင်းစွာရေးဆွဲပြီးသည်နှင့် မည်ကဲ့သို့ ယင်းစီမံကိန်းအား အကောင်အထည်ဖော်မည်ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် သဘောပေါက်သိရှိထားဖို့ရန် လိုလေသည်။ နိုင်ငံရေးတိုက်ပွဲတွင် လူထုအရေအတွက်များများက ပိုမိုပါဝင်ရန် လိုအပ်သလို နိုင်ငံရေးတိုက်ပွဲ၏ အဓိပ္ပာယ်ကို ယင်းသို့ ပါဝင်သူများက နားလည်ရန်နှင့် ညွှန်ကြားချက်ကို သဘောပေါက်ရန် လိုအပ်သည်။ ယင်းသို့ နားလည်ခြင်းဖြင့် စိတ်ဓာတ်တွေ ပိုမိုမြင့်မားလာမည်။ နိုင်ငံရေးတိုက်ပွဲတွင် ပါဝင်ရန် ပိုမိုလိုလားလာမည်။ လိုက်လျောညီထွေစွာ ပြုမူဆောင်ရွက်မှု ရှိလာမည်။ တစ်နည်းနည်း တစ်ပုံစံနှင့် အာဏာရှင်သည် ကြီးမားသော မဟာဗျူဟာ၏ အခြေခံမူများကို သိသွားသည်နှင့် သူတို့၏ ပြည်သူအပေါ် ဖိနှိပ်မှုများကို လျော့ချလာမည်။ ကိုယ့်ရှူးကိုယ်ပတ်ဖြစ်နေသည်ကို အာဏာရှင်တို့ သိလာမည်။

အာဏာရှင်ကို ဖြုတ်ချ၍ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ခဲ့မှုများ၊ ချမှတ်ပြီးသည်နှင့် ယင်းကို ချက်ခြင်းအကောင်အထည်ဖော် ဆောင်ရွက်ရန် ဒီမိုကရေစီရေး လှုပ်ရှားသူတွေအတွက် အရေးကြီးသည်။ အလွန့်အလွန် ရှားပါးလှသော အခြေအနေမျိုးတွင်သာ ရွေးချယ်ထားသော ကြီးမားသည့် မဟာဗျူဟာတခု သွေဖီသွားသည်မျိုး ရှိခဲ့သည်။ အစီအစဉ်က အလွန်ညံ့သောအခါမျိုး၌သာ ဒီမျိုးက ဖြစ်တတ်သည်။ ထိုအခါမျိုးတွင် ပြန်လည်ချင့်ချိန်၍ ပိုမိုကောင်းမွန်သော ကြီးမားသည့် မဟာဗျူဟာကို ချမှတ်ဆောင်ရွက်ရသည်။

## လှုပ်ရှားမှုမဟာဗျူဟာကို စီမံခြင်း

အာဏာရှင်စနစ်ကို ဖယ်ရှား၍ ဒီမိုကရေစီကို ထူထောင်ရန် ကြီးမားသော မဟာဗျူဟာကို ရေးဆွဲချမှတ်ရစေကာမူ ယင်း ကြီးမားသော မဟာဗျူဟာဆိုခြင်းက သူ့ဘာသာအလိုလို ဆောင်ရွက်သည် မဟုတ်ပါ။ တစ်ခုချင်းစီသော လှုပ်ရှားမှုမဟာဗျူဟာတွေကို ရေးဆွဲ၍ ကြီးမားသော မဟာဗျူဟာကို အကောင်အထည်ဖော်ရတာပါ။ လှုပ်ရှားမှုအတွက် ဗျူဟာများ၊ နည်းလမ်းများကို ရှာတိုက်ရွေးချယ်ပြီး မဟာဗျူဟာတစ်ခု၏ ရည်မှန်းချက်ရှိအောင်

ဆောင်ရွက်ရခြင်းဖြစ်သည်။ တစ်ခုချင်းစီသော မဟာဗျူဟာကို တိုးတက်အောင်လုပ်၍ အဓိကလှုပ်ရှားမှုများကို လမ်းညွှန်ရခြင်း ဖြစ်သည်။ မဟာဗျူဟာစီမံကိန်း ရေးဆွဲသူတို့သည် တိုက်ပွဲဝင် နည်းလမ်းများ၊ သဘာဝကို ကောင်းစွာနားလည်ထားရန် လိုအပ် သည်။ ဒါက စစ်တပ်က အရာရှိတွေသည် စစ်တိုက်တော့မည်ဆိုလျှင် ဗိုလ်တပ်၏ အင်အား၊ ဗျူဟာ၊ ထောက်ပံ့ရေး၊ ကျည်ဆန်အခြေ အထား၊ စစ်မြေပြင်၏ ပထဝီဝင်အခြေအထားကို နားလည်သဘော ပေါက်ရန် လိုအပ်သကဲ့သို့ပဲဖြစ်သည်။ အလားတူစွာ နိုင်ငံရေး တိုက်ပွဲဝင်မည့်သူတို့သည် အကြမ်းမဖက်သော နည်းလမ်း၏ သဘာဝအခြေအထား၊ အခြေခံမူများ စသည်တို့ကို သဘောပေါက် နားလည်ထားရန် လိုအပ်သည်။

အတိုက်အခံလှုပ်ရှားမှုပြီး ရေရှည်တွင် လွတ်မြောက်ရေး ကြိုးပမ်းမှုပြုမည့် သူတွေသည် အကြောင်းအရာများစွာနှင့် ပြဿနာ များစွာကို ကြိုတင်စဉ်းစားထားရန် လိုအပ်သည်။ လှုပ်ရှားမှု၏ ရည်မှန်းချက်ကို ဆုံးဖြတ်ခြင်းနှင့် ကြီးမားသော မဟာဗျူဟာကို မည်ကဲ့သို့ အကောင်အထည်ဖော်မည်နည်း။ ရွေးချယ်ထားသည့် မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရန် မည်ကဲ့သို့ လက်နက်တွေကို အသုံးပြုမည်နည်း။ တစ်ခုချင်းစီသော မဟာ

ချူဘာကို အကောင်အထည်ဖော်ဖို့ရန် မည်ကဲ့သို့သော အစီအမံ တွေ နည်းလမ်းတွေကို အသုံးပြုမည်နည်း။ အာဏာရှင်၏ အာဏာ အရင်းအမြစ်ကို ဆန့်ကျင်ပြီး မည်ကဲ့သို့သော ဖိအားပေးမှုများ၊ ပိတ်ပင်တန့်သတ်မှုများ ပြုမည်နည်း။ အသေးစိတ်ချေလှမ်းငယ် များကို အောင်မြင်စွာ လှမ်းနိုင်ပြီးမှသာ အဓိကရည်မှန်းချက် ရမည်ဆိုခြင်းကို မမေ့သင့်ပါ။ ဤနိုင်ငံရေးတိုက်ပွဲနှင့် စီးပွားရေး ကိစ္စတွေသည် မည်သို့မည်ပုံ ဆက်စွယ်နေပါသလဲ။ အကယ်၍များ စီးပွားရေးကိစ္စရပ်များသည် နိုင်ငံရေးတိုက်ပွဲနှင့် အဓိကသက်ဆိုင် နေခဲ့သည်ရှိသော် ယင်းတို့ကို အာဏာရှင်စနစ် ပြိုလဲပြီးမှသာ ဆက်လက်ကုစားဆောင်ရွက်ရန်ဖြစ်သည်။ ဤသို့မဟုတ်ပါက အသွင် ကူးပြောင်းရေးကာလအတွင်း လျင်မြန်သော ဖြေရှင်းမှုတစ်စုံတစ်ရာကို ဆောင်ရွက်မပေးနိုင်ပါက အမှန်အတိုင်း သိမြင်စေရမည်။ ဤကဲ့သို့ အမှန်အတိုင်း သိမြင်စေခြင်းက အာဏာရှင်တို့၏ စီးပွားရေး ပြဿနာအတွက် ကတိပေးသည့်အတိုင်း ဖြစ်မလာဆိုခြင်းကို ရှင်းလင်းသွားစေသည်။ တော်လှန်ရေးတိုက်ပွဲကို မဆင်နွှဲမီဝယ် ဦးဆောင်မှုအခန်းကဏ္ဍနှင့် ဆက်သွယ်ရေးအခန်းကဏ္ဍတို့ကို ပြတ်သားစွာ ဆုံးဖြတ်ရမည်။ တိုက်ပွဲဝင်ကာလအတွင်း နိုင်ငံရေး အာမခံသူများနှင့် လူထုအား ဆုံးဖြတ်ချက် မှန်ကန်စွာချပြ

ဆက်သွယ်ရေး ကောင်းမွန်ခြင်းဖြင့် အဆက်မပြတ် လမ်းညွှန်မှုကို ပေးနိုင်မည်။ တော်လှန်ရေးသတင်းတွေကို ပြည်သူ၊ အာဏာရှင်၏ တပ်ဖွဲ့များနှင့် နိုင်ငံတကာကို ဖြန့်ချိပေးရမည်။ ကြေညာချက်တွေ ကောင်းဆိုချက်တွေ၊ သတင်းတွေသည် တိကျမှန်ကန်ရမည်။ မှန်ကန်သော သတင်းအချက်အလက်များက တော်လှန်ရေး၏တန်ဖိုးကို ကျဆင်းစေနိုင်သည်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး များတွင် ကိုယ့်အားကိုယ်ကိုးရမည်။ စီမံကိန်းလုပ်ငန်းများကို တော်လှန်ရေးတွင် မပါဝင်သော ပုဂ္ဂိုလ်များနှင့် ညှိနှိုင်းရမည်။ မည်ကဲ့သို့သော ပြည်ပအကူအညီယူမည်ဆိုခြင်းကာမူ လွတ်မြောက်ရေး လှုပ်ရှားမှုအပေါ် မူတည်၍ ဆုံးဖြတ်ရမည်။ လူထုကြီးကို စည်းရုံး လှုံ့ဆော်ဖို့ရာ ပြည်ပအကူအညီက မည်ကဲ့သို့ လုပ်ပေးနိုင်မလဲ။ ပြည်တွင်းက နိုင်ငံရေးသူပုန်မထဘဲနှင့် ပြည်ပအကူအညီဆိုခြင်းက အရှည်းနှီးဖြစ်သည်။ အကြမ်းမဖက်ဆန့်ကျင်သော အစိုးရမဟုတ် သော အဖွဲ့များ၊ လူမှုရေး၊ ဘာသာရေး၊ နိုင်ငံရေးအုပ်စုတွေကို မည်ကဲ့သို့သော ပြည်ပအထောက်အကူတွေက ပံ့ပိုးကူညီနိုင် မည်လဲ ဆိုခြင်းကို ဂရုပြုရွေးချယ်ရန် လိုအပ်သည်။ ပြည်ပက အခြားနိုင်ငံအစိုးရများ၊ ကုလသမဂ္ဂနှင့် ယင်း၏အဖွဲ့အစည်းများ ထံက ရယူရမည့်အကူအညီမျိုးဖြစ်သည်။ ဒါ့အပြင် အာဏာရှင်ကို

ဂူညာနည်းနှင့် ဆန့်ကျင်တိုက်ပွဲဝင်နေစဉ်ကာလ၌ တရားဥပဒေ ငြိမ်ဝပ်ပိပြားရေးကို ဆောင်ရွက်ရမည်။ ယင်းမှာ ဒီမိုကရေစီအင်အားစုက ကိုယ့်နည်းကိုယ့်ဟန်နှင့် ရွေးချယ်ဆောင်ရွက်ရမည်။ အလားတူ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရာ၌ အကြမ်းဖက် ဆောင်ရွက်မှု မရှိစေရေးကို ဂရုပြုရမည်။

## မပူးပေါင်းသောအယူအဆကို ပျံ့နှံ့စေခြင်း

အာဏာရှင်စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရာ၌ လူထုက အာဏာရှင်နှင့် မပူးပေါင်းရေးဆိုသောအချက်သည် အဓိကကျသည်။ အခန်း(၃)တွင် ဖော်ပြခဲ့သော "မျောက်သခင်"ပုံပြင်က အာဏာရှင်နှင့် မပူးပေါင်းရေးသဘောကဖြစ်သည်။ ဒီမိုကရေစီအင်အားစုများက ပြည်သူသည် အာဏာရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရေး အာဏာရှင်၏စကားအမိန့်ကို မလိုက်နာရေးကို ပြည်သူအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိစေရမည်။ အာဏာရှင်၏လက်အောက်တွင် သတင်းဖြန့်ချိရာဆိုခြင်းက ခက်ခဲပါသည်။ သို့သော် အာဏာရှင် အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ခြင်း မပြုရေး အယူအဆကို ဒီမို ကရေစီသမားတို့က ဖြစ်သည့်နည်းနှင့် ဖြစ်နိုင်သရွေ့ လူထုထံသို့ ဖြန့်ချရမည်။ နာဇီတွေနှင့် ကွန်မြူနစ်စနစ်တွေ ကြီးစိုးခဲ့သော

ကာလများ၌ပင် ပြည်သူတို့သည် ဝိတ်ပင်ထားသော စာအုပ်တွေ၊ ကြေညာချက်တွေ စသည်တို့ကို ရအောင် ဖြန့်ချိနိုင်ခဲ့သည်။

နိုင်ငံရေးတိုက်ပွဲဝင်ရန်အတွက် လမ်းညွှန်ချက်တွေကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။ ဤလမ်းညွှန်ချက်တွေကို ပြည်သူက ရရှိမှသာ အာဏာရှင်ကို ဆန့်ကျင်ကန့်ကွက်မှု ပြုနိုင်မည်။ ဒီမို ကရေစီအင်အားစု ခေါင်းဆောင်မှုထံကနေ လမ်းညွှန်ချက်တွေ မရဘဲ ပြတ်တောက်နေခဲ့လျှင် သို့မဟုတ် လမ်းညွှန်ချက်တွေကို အချိန်မီ မရရှိခဲ့လျှင် အရေးကြီးသောနေရာမျိုးနှင့် ပြည်သူက သိရှိဖို့ရန် မဖြစ်နိုင်တော့ပါ။ ဤကဲ့သို့သော လမ်းညွှန်ချက်အတု မျိုးတွေက ထုတ်လုပ်ဖြန့်ချိ၍ လူထုဆန္ဒပြမှုအားနည်းအောင်လည်း လုပ်တတ်လေသည်။

## ဝိနှိပ်မှုနှင့် တန်ပြန်ဆောင်ရွက်ခြင်း

စိမ်ကိန်းရေးဆွဲသူများအနေဖြင့် ဒီမိုကရေစီတော်လှန်ရေး အင်အားစုအပေါ် အာဏာရှင်က တုံ့ပြန်လာနိုင်မှု အကြမ်းဖက် ဖိနှိပ်လာနိုင်မှုဆိုခြင်းကို ကြိုတင်တွက်ဆထားရမည်ဖြစ်သလို ယင်း အတွက်လည်း ပြင်ဆင်ထားကြရမည်ဖြစ်သည်။ အကယ်၍ အာဏာ ရှင်က အကြမ်းဖက်တုံ့ပြန်လာခဲ့သည်ရှိသော် မည်ကဲ့သို့ရပ်တည်

ညင်လဲ မည်ကဲ့သို့ တုံ့ပြန်သွယ်ရှားမည်လဲ၊ ဖြစ်လာနိုင်မည့် ဖိနှိပ်မှုကို ဖေလိုက်နာဘဲ မည်ကဲ့သို့ ရှောင်လွှဲမည်လဲဆိုခြင်းတို့ကို စဉ်းစားထားရမည်ဖြစ်သည်။ နည်းဗျူဟာကျကျွာ ထူးခြားသော ဖြစ်စဉ်များတွင် ပြည်သူအား ကြိုတင်၍ သတိပေးခြင်း၊ တော်လှန်သူများက ဖိနှိပ်မှုကို အစီအစဉ်တကျ ရင်ဆိုင်ခြင်း ပြုရမည်ဖြစ်ပြီး သို့မှသာ ဤအရေးအခင်း၌ စွန့်စားပါဝင်ရမည်ဆိုခြင်းကို သူတို့က သိမည်ဖြစ်သည်။ အာဏာရှင်၏ ဖိနှိပ်မှုက ပြင်းထန်ဖို့ရာ ရှိပါက ဆေးအဖွဲ့ကို အထိခိုက်ရသူတွေအား စောင့်ရှောက်ဖို့ရန်လည်း ကြိုတင် ပြင်ဆင်ထားရှိရမည်ဖြစ်သည်။

လူထုလှုပ်ရှားမှု၏ ရည်မှန်းချက်ကို ရစေဖို့ရန်အတွက် အာဏာ ရှင်၏ ဖိနှိပ်လာနိုင်မှုကို ကြိုတင်မှန်းဆကာ နည်းဗျူဟာနှင့် နည်းလမ်း တွေကို ကြိုတင်စဉ်းစားထားကြရမည်။ အာဏာရှင်ဆိုးကို ဆန့်ကျင် သော လမ်းပေါ်ဆန္ဒပြပွဲများကနေ အသက်ပေါင်းများစွာကိုလည်း ကောင်းစွာ ဆုံးရှုံးနိုင်သည်။ ထို့ကြောင့် လူထုသည် အိမ်ထဲကနေ အိမ်ပြင်မထွက်ဘဲ ဆန္ဒပြခြင်းမျိုး သို့မဟုတ် အစိုးရအမှုထမ်းတွေက ပူးပေါင်းဆောင်ရွက်ခြင်း မပြုတာမျိုးလည်း ပြုလုပ်၍ ရနိုင်သည်။

အသက်ပေါင်းများစွာကို ဆုံးရှုံးခံ၍ တိုက်ပွဲဝင်ခြင်းမျိုးလည်း ပြုလုပ်ချင်လျှင် ပြုလုပ်၍ရသည်။ သို့သော်ရရှိနိုင်မည့် အောင်ပွဲ

ရလဒ်နှင့် ဆုံးရှုံးခံရမည့် ပမာဏကိုမူ နှိုင်းယှဉ်စဉ်းစားဖို့ ဂရုတော့ လိုအပ်မည်။ ဤတိုက်ပွဲဝင် အကြမ်းမဖက်သော နိုင်ငံရေးလှုပ်ရှားမှု အတွင်း ဆန္ဒပြပြည်သူတို့သည် စည်းကမ်းတကျ လိုက်နာပြုမူ ဆောင်ရွက်မှာလား၊ အာဏာရှင်၏ အကြမ်းဖက် နှိပ်ကွပ်မှုဒဏ်ကို ဆန္ဒပြ ပြည်သူတို့ ခံနိုင်ပါ့မလားဆိုခြင်းကို စဉ်းစားထားရမည် ဖြစ်သည်။ အာဏာရှင်က အကြမ်းဖက်နှိပ်ကွပ်ခြင်းကို ဆန္ဒပြနေသူ တွေသည် စည်းကမ်းတကျနှင့် ဆက်လက်ဆန္ဒပြနိုင်အောင် ဘယ်လို လုပ်မည်လဲဆိုခြင်းကိုလည်း စဉ်းစားထားရမည်။ မူဝါဒကြေညာ ချက်များ၊ စည်းကမ်းထိန်းသိမ်းရေးလက်ကမ်းစာစောင်များ၊ ဆန္ဒ ပြမှုကို စည်းကမ်းတကျ ထိန်းကျောင်းရေးလမ်းညွှန်စာစောင်များ၊ အကြမ်းဖက်ဆန္ဒပြလိုသည့်သူတွေ အုပ်စုတွေကို ဖယ်ရှားရေး၊ ထို့ပြင် တစ်ဘက်အာဏာရှင်အုပ်စုကနေ ငြိမ်းချမ်းရေးဆန္ဒပြသူ တွေအား အကြမ်းဖက်ရန် သွေးထိုးလှုံ့ဆော်ပေးမည့်သူလျှိုတွေ ဝင်ရောက်လာနိုင်သည်ဆိုခြင်းကိုလည်း တွက်ဆထားကြရမည်။

**မဟာဗျူဟာစီမံကိန်းကို စောင့်ထိန်းခြင်း**

ကြီးမားသော မဟာဗျူဟာကို အကောင်အထည်ဖော်ပြီ ဆိုသည်နှင့် ဒီမိုကရေစီအင်အားစုတို့သည် အာဏာရှင်အား အသေး

~ခွဲ၊ဒီစွဲလေးတွေအတွက် ဝေဖန်တိုက်ခိုက်မှု မပြုသင့်ပါ။ ကြီးမားသော မဟာဗျူဟာစီမံကိန်းကနေ သွေဖီသွားနိုင်၍ဖြစ်သ သို့မဟုတ် အာဏာရှင်၏ အသစ်အသစ်သော အကြမ်းဖက်မှု ကြောင့်လည်း ခံစားချက်ပြင်းထန်ပြီး ဒီမိုကရေစီအင်အားစုသ မတုံ့ပြန်သင့်ပါ။ ကြီးမားသော မဟာဗျူဟာစီမံကိန်းကနေ လွဲချေ သွားနိုင်သည့်အတွက်ဖြစ်သည်။ အာဏာရှင်၏ အကြမ်းဖက်နှိပ်ကွ မှုတွေသည် ဒီမိုကရေစီအင်အားစု၏ ရည်မှန်းချက်ကို ပျက်ပြားအေ ပြုလိမ့်မည်။ ယင်းသို့ မဟားတရား အကြမ်းဖက်နှိပ်ကွပ်မှ ရင်ဆိုင်ရရာကနေ အကြမ်းဖက် တုံ့ပြန်မှုပြုခဲ့လျှင် အာဏာရှ ဒီမိုကရေစီအင်အားစုကို ဖြိုခွင်းရန် အခွင့်သာသွားလိမ့်မည်။

အခြေခံမူအတိုင်း ဒီမိုကရေစီအင်အားစုသည် နိုင်ငံပြွ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းရမည်ဖြစ်သည်။ နည်းဗျူဟာ ပြောင်းလဲကောင်း ပြောင်းလဲ၍ အလယ်အလတ်ရည်မှန်းချက် ရှိမည်။ ခေါင်းဆောင်တို့က ရှိလာသော အခွင့်အရေးကို အရ ဆုပ်ကိုင်မိဖို့ရန် လိုသည်။ ဤသို့သော ညှိနှိုင်းဆောင်ရွ ပြုလိုက်ခြင်းသည် ကြီးမားသောမဟာဗျူဟာ၏ ရည်မှန်းချက် လည်းကောင်း၊ လှုပ်ရှားမှုကြီး၏ ရည်မှန်းချက်ကိုလည်းကော မထိခိုက်စေသင့်ပါ။ ရွေးချယ်ထားသော ကြီးမားသောမဟာဗျူဟာ

ှုပ်ရှားမှုတစ်ခုချင်းစီအတွက် မဟာဗျူဟာတို့ကို ဂရုတစိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် ကြီးမားသော အောင်မြင်မှုကို ရရှိစေနိုင်မည်ဖြစ်သည်။

❖ ❖ ❖ ❖ ❖

အခန်း(၈)

# နိုင်ငံရေးတိုက်ပွဲဝင်မှုကို အကောင်အထည်ဖော်ခြင်း

ပြည်သူတို့တွင် တန်ခိုးအာဏာမဲ့နေပြီး ကြောက်ရွံ့နေရသော အခြေအနေမျိုးတွင် ပြည်သူ၌ ကိုယ့်ကိုယ်ကို ယုံကြည်မှုရစေဖို့ရန် အလို့ငှာ အသေးအဖွဲ စွန့်စားရသည့်အလုပ်မျိုး လုပ်ဆောင်ပေးရန် လိုအပ်သည်။ လူသိရှင်ကြား လူထုဆန္ဒသဘောထား ကောက်ယူသည့် အလုပ်မျိုး၊ အာဏာရှင်ကို ဆန့်ကျင်လှုပ်ရှားမှုတွင် ပြည်သူ ပါဝင်လာစေရန် ပံ့ပိုးကူညီမှုမျိုးဖြစ်သည်။ တခြားတစ်လမ်းအနေနှင့် နိုင်ငံရေးနှင့် တိုက်ရိုက်မသက်ဆိုင်စေကာမူ သောက်သုံးရေ ထောက်ပံ့ရာစခန်းကို လူအုပ်နှင့် ဝင်ရောက်စီးနင်းမှုမျိုး ပြုရန်ဖြစ်သည်။ မဟာဗျူဟာရေးဆွဲသူတို့သည် အသိအမှတ်ပြု ခံရပြီး အာဏာရှင်က ငြင်းပယ်ရန် မတတ်နိုင်သည့်ကိစ္စရပ်မျိုးကို ရွေးချယ်ရမည်။ ရွေးချယ်သည့် လှုပ်ရှားမှုက မှန်ကန်ပြီး ထိရောက်မှုရှိရုံသာမက အာဏာပိုင်စိုးမှုအတွက် အကျိုးရှိစေနိုင်သည်ဟု ပြည်သူက ယုံကြည်မှု ရှိလာစေမည့်ကိစ္စမျိုး ဖြစ်ရမည်။ မဟာဗျူဟာ လှုပ်ရှားမှုဆိုသည်က ချက်ခြင်းလက်ငင်း အာဏာရှင် ပြုတ်ကျသွားဖို့ကို မရည်ရွယ်ရဘဲ အကန့်အသတ်ရှိသော ရည်မှန်းချက်တွေ ရဖို့ရန် ဦးတည်ဆောင်ရွက်ရသည်။ လှုပ်ရှားမှုတိုင်းတွင် အလွှာအသီးသီးသော ပြည်သူတွေ ပါဝင်ဖို့ရန်လည်း လိုအပ်သည်။ ကြီးမားသော မဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် ပါဝင်သော နိုင်ငံရေးလှုပ်ရှားမှု မဟာဗျူဟာ

ဘဏ်ရှင်ကို အကောင်အထည်ဖော်ရာတွင် ယင်းလုပ်ရှားမှု၏ အခ အလယ်နှင့် နိဂုံးပိုင်းကို မည်ကဲ့သို့ ဆောင်ရွက်မည်လဲ စဉ်းစား သုံးသပ်ရန်ဖြစ်သည်။

## ရွေးချယ်ထားသောတော်လှန်မှု

နိုင်ငံရေးတိုက်ပွဲကို ဆင်နွှဲရာ၌ သီးခြားလှုပ်ရှားမှုတစ်ခုချင်းစီ၏ ရည်မှန်းချက်တွေက မတူကွဲပြားမှုသာ အသုံးတည့်မည်ဖြစ်သည်။ ရွေးချယ်ထားသော လှုပ်ရှားမှုတွေကို တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲ အကောင်အထည်ဖော်ရမည်။ အခြေအနေအရ နှစ်ခု သုံးခုကိုလည်း တစ်ပြိုင်နက်တည်း ဆောင်ရွက်၍ရသည်။ ရွေးချယ်ထားသော တော်လှန်မှုတွင် အရေးကြီးသည်မှာ အာဏာရှင်၏ ဖိနှိပ်မှု သရုပ် သကန်ကို ပေါ်အောင်ဖော်နိုင်ရေးပဲဖြစ်သည်။ လှုပ်ရှားမှုတိုင်းက ကနဦးမဟာဗျူဟာရည်မှန်းချက်ကို ရစေရမည်ဖြစ်သည်။ ဤသို့ သော ကနဦးရှေ့ပြေး အောင်မြင်မှုသည် ဒီမိုကရေစီအင်အားစုက အာဏာရရှိရေးကို အထောက်အကူပြုရန်လိုအပ်သည်။ ဤအထောက် အပံ့သည် အောင်ပွဲအဆင့်ဆင့်ရစေဖို့ရန် စိတ်ဓာတ်တွေ မြင့်မား လာစေဖို့ရန် ရေရှည်နိုင်ငံရေး တိုက်ပွဲဝင်မှုတွင် အကျိုးသက်ရောက်မှု ရှိစေနိုင်မည်ဖြစ်သည်။

ရွေးချယ်ထားသော တော်လှန်ရေးမဟာဗျူဟာစီမံကိန်း ရေးဆွဲသူတို့သည် လူမှုရေး စီးပွားရေးနှင့် နိုင်ငံရေးကိစ္စရပ်များ ပေါ် အာရုံစိုက်ကြရမည်။ အာဏာရှင်၏ ထိန်းချုပ်ထားနိုင်မှု ပြင်ဘက်က လူမှုရေး နိုင်ငံရေး ကိစ္စရပ်တွေကို ရွေးချယ်ရန် ဖြစ်သည်။ ဤသို့နှင့် အာဏာရှင်၏ ထိန်းချုပ်ထားနိုင်မှုကို အားနည်း လာစေမည်။ ဖြစ်နိုင်လျှင် အာဏာရှင်၏ အားနည်းချက်ကို တင်းကျပ် ည်းနှင့် အလဲထိုးနိုင်ရမည်။ ဤသို့နှင့် ဒီမိုကရေစီအင်အားစုသည် အာဏာရရှိရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်သည်။ မဟာ ဗျူဟာ ရေးဆွဲသူတို့သည် တောတောစီးစီးတည်းကပင် ပထမဆုံး ိုက်ပွဲဝင် လှုပ်ရှားမှုကို ကြို၍ စီမံကိန်းရေးဆွဲထားသင့်သည်။ ကန့်အသတ်ရည်မှန်းချက်တွေက ဘာလဲ။ အဲဒီအကန့်အသတ် ည်မှန်းချက်တွေသည် ဘယ်လိုရည်နှင့် ကြီးမားသော မဟာဗျူဟာ ကို ပံ့ပိုးနိုင်မလဲ။ ဖြစ်နိုင်ရင် ဒုတိယနှင့်တတိယတိုက်ပွဲဝင် လှုပ်ရှား မှုတွေအတွက်ပါ ကြိုတင်၍ စီမံကိန်းချထားသင့်သည်။ အဆင်သင့် သော မဟာဗျူဟာ လှုပ်ရှားမှုတိုင်းသည် ကြီးမားသော မဟာ ဗျူဟာဘောင်အတွင်းသို့ဝင်၍ ကမ်းညွှန်ချက်တွေနှင့် ညီညွတ်စေရ ည်ဖြစ်သည်။

## အထင်ကရစိန်ခေါ်မှု

အာဏာရှင်၏ အနေအထားကို ပျက်ယွင်းစေမည့် ပထမဆုံး လှုပ်ရှားမှုအစတွင်ပဲ သိသာသော နိုင်ငံရေး အကန့်အသတ် လှုပ်ရှားမှု ဖြစ်စေရမည်။ ယင်းသည် စမ်းသပ်မှုဖြစ်သလို လူထု၏အပေါ်တွင် ဩဇာသက်ရောက်စေနိုင်သည်။ ယင်းကနေဆက်ပြီး အာဏာရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု မပြုရေးနှင့် နိုင်ငံရေးအာခံမှုဆီသို့ ရောက်ရှိ သွားနိုင်သည်။ စစချင်း လှုပ်ရှားမှုသည် သိသာသော ကန့်ကွက်မှု သို့မဟုတ် အကန့်အသတ်အားဖြင့် ဆန့်ကျင်မှု သို့မဟုတ် ယာယီ ပူးပေါင်းခြင်း မပြုရေးလှုပ်ရှားမှုဖြစ်သည်။ ပါဝင်သော လူဦးရေက နည်းပါးနေလျှင် ထင်ရှားသည့်နေရာမျိုး၌ ပန်းကြဲချခြင်း အလုပ်မျိုး လုပ်သင့်သည်။ ပါဝင်သူ လူဦးရေ၊ များပြားနေလျှင် ငါးမိနစ်ခန့် သို့မဟုတ် မိနစ်အတော်ကြာ လှုပ်ရှားမှုကို ရပ်ထားသည့်နည်းကို သုံးသင့်သည်။ အခြားအခြေအနေတစ်ရပ်တွင် လူနည်းစုက အစာ တော်ခံဆန္ဒပြမှု ပြုချင်ပြုမည်။ ထင်ရှားသောနေရာတွင် ဖယောင်း တိုင်ထွန်း ဆုတောင်းမှု ပြုချင်ပြုမည်။ အရေးကြီးသော ရုံးခန်း ရှေ့တွင် ထိုင်ဆန္ဒပြမည်။ အာဏာရှင်အောက်တွင် ယင်းသို့သော တက်ကြွလှုပ်ရှားမှုမျိုးက အာဏာရှင်၏ နှိပ်ကွပ်မှုကို ခံရနိုင်သည်။ အာဏာရှင်၏ ရုံးခန်း၊ ရဲတပ်ဖွဲ့ဌာနချုပ်ကို ဝင်ရောက်စီးနင်းမှုမျိုး

တွေက ဟန့်တားရေးမှာဖြစ်ပြီး လှုပ်ရှားမှု၏ ကနဦးပိုင်း၌ မပြုလုပ်သင့်ပါ။ ကနဦးလှုပ်ရှားမှုမျိုးသည် ပြည်တွင်း သို့မဟုတ် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ရစေမည်ဖြစ်သည်။ ဥပမာ မြန်မာပြည်က ရှစ်လေးလုံး အရေးတော်ပုံ၊ လမ်းပေါ်ဆန္ဒပြမှု၊ တရုတ်ပြည် ကတိန်အန်မင်း ရင်ပြင်ဆန္ဒပြမှုမျိုးတွေဖြစ်သည်။ ဒီမျိုးတွေ လုပ်မည်ဆိုလျှင် သေဆုံး ထိခိုက်ဒဏ်ရာရမှု ဦးရေများပြားနိုင်သည်ကို ကြိုတင်တွက်ဆသင့် သည်။ ဤလုပ်ရပ်မျိုးများက စိတ်ဓာတ်မြင့်မားလာစေရေးအတွက် ကောင်းစွာအထောက်အပံ့ပြုစေကာမူ အာဏာရှင်ကိုမူ ချက်ချင်း ဖြုတ်ချနိုင်ခြင်း မဖြစ်စေသလို အာဏာရှင်နောက်ပိုင်း အာဏာရယူ ရေးကိုလည်း အထောက်အကူ မဖြစ်စေပါ။ အာဏာရှင်၏ တန်ခိုး ဩဇာထူထောင်ရာ ချက်ကောင်းကို မထိရောက်စေဘဲ နိုင်ငံရေး တိုက်ပွဲအစ၏ အရှိန်အဟုန် မြှင့်တင်ခြင်းသာဖြစ်သည်။ လူထုကြီး တစ်ရပ်လုံးနှင့် အသင်းအဖွဲ့အားလုံးက ပါဝင်လာကြရန်လည်း လိုအပ်သည်။ ဒါက လူထု၏ အာဏာရှင်နှင့် မပူးပေါင်းရေးအင်အား ပြပွဲဖြစ်ပြီး အာဏာရှင်ကို ဆန့်ကျင်ရေး ကနဦးလှုပ်ရှားမှုအဖြစ် မဖြစ်စေသင့်ပေ။

## တာဝန်များကို ခွဲဝေချထားခြင်း

ရွေးချယ်ထားသော ခေါင်းဆောင်မှုလက်ရှိပါ အဖွဲ့တစ်ဖွဲ့နှင့် ပြည်သူများကိုသာ သုံးစွဲသင့်သည်။ နောက်လှုပ်ရှားမှု မတူညီသော ရည်မှန်းချက်အတွက် အခြားလူထုအုပ်စုတစ်စုကိုသာ တာဝန်ပေးသင့်သည်။ ဥပမာကျောင်းသားတွေက ပညာရေးကိစ္စကို ဆန္ဒပြ၊ ဘာသာရေးသမားတွေက ဘာသာရေးလွတ်လပ်မှုအတွက် ဆန္ဒပြ။ မိုးရထား အလုပ်သမားတွေက တာဝန်ထမ်းဆောင်နေသော်လည်း မီးရထားအသွားအလာနှေးအောင် ပြု၍ ဆန္ဒပြ၊ ပိုက်ပင်စီးရသော တနယ်ဝင်းတွေက တမျက်နှာကို အပြုံ့ထည်အဝိုင်း ရိုက်နှိပ်ပြီး ဆန္ဒပြမှုမျိုးတွေဖြစ်သည်။ တစ်ဖွဲ့က လှုပ်ရှားမှု ပြုနေစဉ် ကျန်အဖွဲ့များက အနားရနေစေဖို့ဖြစ်သည်။ ရွေးချယ်ထားသော ခေါင်းဆောင်ရေးလုပ်ရပ်များက အာဏာရှင်၏ ချုပ်ကိုင်မှုနှင့် ကင်းလွတ်နေသော လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးအဖွဲ့အစည်းတွေအား အကာအကွယ်ပြုနိုင်ရန် အရေးကြီးပါသည်။ ဤအဖွဲ့အစည်းတွေကနေ အာဏာရှင်၏ ထိန်းချုပ်ထားမှုကို တွန်းလှန်နိုင်သည်။ နိုင်ငံရေးတိုက်ပွဲတွင် အာဏာရှင်၏ ပထမပစ်မှတ်ဖြစ်လာနိုင်သည်။

## အာဏာရှင်၏တန်ခိုးသြဇာကို ရည်မှန်းပစ်မှတ်ထားခြင်း

မဟာဗျူဟာတစ်ခုချင်းစီကို ကျော်လွှန်၍ ရေရှည်နိုင်ငံရေးတိုက်ပွဲကို တိုးမြှင့်ဖို့ရန်ဆိုလျှင် အာဏာရှင်၏ တန်ခိုးသြဇာကို မည်ကဲ့သို့ ကန့်သတ်ပိတ်ပင်လို့ရမလဲဆိုခြင်းကို စဉ်းစားသုံးသပ်ရန်ဖြစ်သည်။ ဤရည်မှန်းချက်က ပြည်သူတွေက အာဏာရှင်နှင့် ပူးပေါင်းဆောင်ရွက်မှု မပြုရေးတွင် အသုံးပြုရန်ဖြစ်သည်။ ဒီမိုကရေစီအင်အားစုများက အင်အားရှိလာသည်နှင့် မဟာဗျူဟာရေးဆွဲသူတို့သည် ဝိုင်း၍ ရည်မှန်းချက် မြင့်မားသော ပူးပေါင်းဆောင်ရွက်မှု မပြုရေး အကြံအစည်ကို မြှင့်တင်ရန် အာဏာရှင်၏ တန်ခိုးသြဇာကို ဖြတ်တောက်ပစ်ရမည်ဖြစ်သည်။ အာဏာရှင်၏ ယန္တရားက မလှုပ်နိုင် မယှက်နိုင်ဖြစ်ကာ အာဏာရှင်တို့ တစ်စစီ ပြိုကွဲသွားစေရမည်ဖြစ်သည်။ ဤကိစ္စက အသေအချာ အကွက်ချစီစဉ်ရန်လိုသည်။ အာဏာရှင်ကို လူတွေနှင့် အဖွဲ့အစည်းတွေက မည်ကဲ့သို့ ကူညီထောက်ပံ့မှုပေးနေသည်ကို သိရန်လိုသည်။ အာဏာရှင်၏ ရက်စက်ကြမ်းကြုတ်စွာ နှိပ်ကွပ်မှုတွေကို ဖော်ထုတ်ခြင်းဖြင့် အာဏာရှင်အား ကူညီထောက်ပံ့မှုတွေကို အားနည်းစေမလား သို့မဟုတ် အာဏာရှင်၏ စီးပွားရေးမူဝါဒအမှားတွေကို ဖော်ထုတ်မလား။ အာဏာရှင်ကို ပံ့ပိုးနေသူတွေသည် ကြားနေဖြစ်လာအောင် သို့မဟုတ် မြီစည်ရိုးမှ

ထိုင်သူတွေဖြစ်လာအောင် လုပ်သင့်သည်။ ဒီထက်ပို၍ အာဏာရှင်ကို ပံ့ပိုးကူညီနေရာကနေ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံလာအောင် လုပ်ရမည်ဖြစ်သည်။

နိုင်ငံရေးအာခံမှုကို စီမံကိန်းရေးဆွဲ၍ အကောင်အထည် ဖော်နေချိန် အာဏာရှင်ကို ကျားကန်ထောက်ပံ့နေသူတွေအား အသေအချာ ဂရုပြုလေ့လာဖို့လိုသည်။ အာဏာရှင်ကို ကျားကန် ပေးနေသူတွေအတွင်းစည်းက ပုဂ္ဂိုလ်တွေ နိုင်ငံရေးပါတီရဲ့ ဗျူရိုကရက်များ အထူးသဖြင့် စစ်တပ်ကို လေ့လာရန်လိုသည်။

## မဟာဗျူဟာကို အလှည့်ကျအကောင်အထည်ဖော်ခြင်း

အတိုက်အခံနိုင်ငံရေး မဟာဗျူဟာရေးဆွဲသူများအနေနှင့် ကြီးမားသော မဟာဗျူဟာနှင့် မဟာဗျူဟာ တစ်ခုချင်းစီအား မည်ကဲ့သို့ အကောင်အထည်ဖော်မည်ဆိုခြင်းကို အမြဲတမ်းတွက်ချက် နေရန် လိုအပ်သည်။ ဖြစ်နိုင်သည်မှာ နိုင်ငံရေးတိုက်ပွဲဝင်မှုသည် မျှော်လင့်ချက်ထားသလို မဖြစ်လာခြင်းဖြစ်သည်။ ဤကဲ့သို့ ဖြစ်လာခဲ့လျှင် မည်သူ့ကို မည်သည့်အဖွဲ့ကို အလှည့်ပေးရန် လုပ်ဆောင် စေမည်လဲဆိုခြင်းကို တွက်ချက်ရမည်ဖြစ်သည်။ လှုပ်ရှားမှုအင်အားကို တိုးမြှင့်ရန် ဘာလုပ်နိုင်မည်လဲ။ မူလရည်မှန်းချက်ကို ပြန်ရအောင်

ဘယ်လိုလုပ်မည်လဲလို့ သုံးသပ်ရမည်ဖြစ်သည်။ ဤကဲ့သို့သော အခြေအနေမျိုးတွင် ပြဿနာကို ခွဲခြမ်းစိတ်ဖြာ၊ မဟာဗျူဟာကို ပြန်လည်သုံးသပ် အလှည့်ကျအခြားအဖွဲ့ကို တာဝန်ပေးမှုကို ပြုလုပ် လူထုတက်ကြွလာအောင် စည်းရုံးပြီး အကောင်အထည်ဖော် ပုံဖော် နည်း ပြောင်းလဲပစ်ရမည်။ အဲဒီပြီးရင် ချက်ခြင်းပဲ အကောင် အထည်ဖော် ဆောင်ရွက်ရမည်။ အခြေအနေက မျှော်မှန်းထားသည် ထက် ပို၍ အောင်မြင်မှုရနေပြီ၊ အာဏာရှင်သည်လည်း မှန်းဆ ထားသည်ထက်စော၍ ယိမ်းယိုင်လာနေပြီဆိုလျှင် အခွင့်အရေးကို အမိအရ ဆုပ်ကိုင်၍ အာဏာရှင်စနစ်က လှုပ်ရှား၍မရလေအောင် မည်ကဲ့သို့ လုပ်မည်လဲ။ နောက်အခန်းတွေမှာ လေ့လာကြရအောင် ပါ။

❖ ❖ ❖ ❖ ❖

## အခန်း (၉)

# အာဏာရှင်စနစ်အား
# အလုံးစုံ ဖျက်ဆီးပစ်ခြင်း

အောင်မြင်သောနိုင်ငံရေး အတိုက်အခံ လှုပ်ရှားမှုဆိုခြင်းမှာ တော်လှန်ရေး၏ အရှိန်အဟုန်ကို မြှင့်တင်၍ အာဏာရှင်က ထိရောက်သော ချုပ်ကိုင်မှုကို ကန့်သတ်သည့် လူ့အဖွဲ့အစည်း၏ လှုပ်ရှားမှု နယ်ပယ်ကို ချဲ့ထွင်ခြင်းပင်ဖြစ်သည်။ ဤမည်သော နိုင်ငံရေး လှုပ်ရှားမှုက ပူးပေါင်းဆောင်ရွက်မှု မပြုရေးနှင့် နိုင်ငံရေးအတိုက်အခံပြုမှု အတွေ့အကြုံတွေကိုပေးသည်။ ဤအတွေ့အကြုံများက လူထု၏ မပူးပေါင်းရေးနှင့် အတိုက်အခံပြုရေးကို အထောက်အပံ့ပြုတာ ဖြစ်သည်။ အာဏာရှင်က အင်အားတောင့်တင်း၍ တန်ခိုးဩဇာ ကြီးမားနေချိန်တွင် သူ့အမိန့်ကို နာခံပူးပေါင်းပြီး လိုက်လျောညီထွေအောင် ပြုမည်။ နိုင်ငံရေးအာဏာ အရင်းအမြစ် မရှိတော့ဟု ဆိုလျှင် အာဏာရှင်စနစ်သည် အားနည်းလာပြီး နောက်ဆုံး ပြိုလဲသည်။ ထို့ကြောင့် အာဏာရှင်စနစ်တစ်ရပ် ပြိုလဲဖို့ရာတွင် ထောက်ခံနေမှုကို ရုပ်သိမ်းခြင်းသည် အဓိကလုပ်အပ်ချက်ပဲဖြစ်သည်။ နိုင်ငံရေး

အာဏာ၏ အရင်းအမြစ်ကို နိုင်ငံရေးအာခံမှုက မည်ကဲ့သို့ ထိခိုက်မှုရှိစေမည်လဲဆိုခြင်းကို သုံးသပ်ရန်လိုသည်။ နိုင်ငံရေးအရ ဖွန့်ပယ်ခြင်းနှင့် အတိုက်အခံပြုမှုတို့သည် အာဏာရှင်၏ စိတ်ဓာတ်နှင့် လုပ်ပိုင်ခွင့်ကို ကျဆင်းစေသည်။ အာဏာရှင်က တန်ခိုးကြာကြီးလေလေ နာခံမှုနှင့် ပူးပေါင်းမှုကို လိုလေလေပဲဖြစ်သည်။ ဂုဏ်သိက္ခာကို အသိအမှတ်မပြုခြင်းသည် အာဏာရှင်၏ ရပ်တည်နိုင်စွမ်းကို ခြိမ်းခြောက်မှုပြုသည်။ ပူးပေါင်းဆောင်ရွက်မှုနှင့် အမိန့်နာခံမှုကို ရုပ်သိမ်းခြင်းဖြင့် အာဏာရှင်၏ အာဏာအရင်းအမြစ်ကို ဖြတ်တောက်ပစ်ရာ၌ လိုအပ်သည်။

ဒုတိယအချက်မှာ အာဏာရှင်၏ အာဏာအရင်းအမြစ်ဖြစ်သော လူသားပဲဖြစ်သည်။ အာဏာရှင်ကို ပူးပေါင်းထောက်ခံနေသော လူပုဂ္ဂိုလ်တွေနှင့် အသင်းအဖွဲ့တွေဖြစ်သည်။ အကယ်၍ လူ့အများကသာ သူ့ကို ထောက်ခံမှု မပြုတော့လျှင် အာဏာရှင်မှာ ဒုက္ခကောင်းကောင်း ရောက်မှာပဲဖြစ်သည်။ ဥပမာပြောရလျှင် အစိုးရဝန်ထမ်းများက အလုပ်ကို ကောင်းကောင်းမလုပ်လျှင် အိမ်မှာပဲနေလျှင် အာဏာရှင်၏အုပ်ချုပ်ရေးယန္တရားကို ထိခိုက်မှာဖြစ်သည်။ စောစောပိုင်းတုန်းက အာဏာရှင်အား ပူးပေါင်းနေခဲ့သော အသိပညာရှင် အတတ်ပညာရှင်တွေက ပူးပေါင်းမှုကို ရုပ်သိမ်းလိုက်လျှင်

အာဏာရှင်၏မူဝါဒပိုင်း အကောင်အထည်ဖော်ရေးမှာ ထိခိုက်တော့သည်။ အောက်ခြေကနေ အမှန်အတိုင်း အစီရင်ခံမှုကို အခြေပြုပြီး ဆုံးဖြတ်ချခြင်းအား ထိခိုက်တော့သည်။

စိတ်ပိုင်းဆိုင်ရာတို့ သဘောတရားရေးရာတို့ ဆိုခြင်းက လက်ဆုပ်လက်ကိုင်ပြ၍ရသောအရာ မဟုတ်ပါ။ ဒါတွေက အာဏာရှင်ကို ပံ့ပိုးနေခြင်းပါ။ အဲဒီစိတ်ပိုင်းအယူအဆပိုင်းတွေအရ ထောက်ခံခြင်းကို လျှော့ချလိုက်လျှင် ရုပ်သိမ်းလိုက်လျှင် လူအများစုက ခံမှု ပူးပေါင်းမှုတွေ ပြုကြတော့မည် မဟုတ်ပါ။ အလားတူ ရုပ်ပိုင်းဆိုင်ရာ အရင်းအမြစ်တွေက အာဏာရှင်ကို ထောက်ကူနေခြင်း ငွေကြေးဘဏ္ဍာရေး၊ စီးပွားရေးစနစ် အဆောက်အဦများ၊ သဘာဝအရင်းအမြစ်များ၊ ဆက်သွယ်ရေးလုပ်ငန်းတို့သည် ရုပ်ပိုင်းအရင်းအမြစ်များဖြစ်သည်။ ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ စီးပွားရေးနှင့် ဆက်သွယ်ရေးတွင် အာမိုးရှိနှင့် မပူးပေါင်းခြင်းများက အာဏာရှင်၏ ရုပ်ပိုင်းအရင်းအမြစ်ကို ထိခိုက်စေမည်ဖြစ်သည်။ အာဏာရှင်၏ အာဏာအရင်းအမြစ်ဟူသည် ငြိမ်းချောက်မည် အရေးယူမည် အပြစ်ပေးမည် ဆိုခြင်းများသည် အာဏာရှင်၏ အာဏာအရင်းအမြစ်များဖြစ်သည်။ ယင်းအာဏာရှင်၏ အာဏာအရင်းအမြစ်ကို နည်းရှစ်သွယ်နှင့် အားနည်းအောင်ပြု၍ရသည်။ ပထမနည်းမှာ

ဂင်ပြင်ဒနစ်ဝိုင်းအတွင်းမှာလိုပဲ ပြည်သူက ဖြစ်လာသမျှသော ဆိုးကျိုး
တွေအတွက် ပြင်ဆင်ထားခြင်းဖြစ်သည်။

တတိယမှာ ယင်းဖြစ်လာမည့် ဆိုးကျိုးများကို အာဏာရှင်က
သုံးနေသော 'လက်နက်ကိုင်တပ်ဖွဲ့တွေပါ ခံစားလာရပြီး အဓိ
မနာခံမှုတွေ ဖြစ်လာမည်။ ယင်းသို့ သူ၏လုံခြုံရေးတပ်ဖွဲ့ကို
မထိန်းနိုင်တော့ဆိုလျှင် အာဏာရှင်၏ ရပ်တည်ရေးကို မြိမ်းခြောက်
ခံရတော့မှာပဲဖြစ်သည်။ အာဏာရှင်၏ တန်ခိုးသြဇာကို ခြေ
ရေး၌ မပူးပေါင်းခြင်း၊ အတိုက်အခံပြုခြင်းတို့သည် အဓိကဖြစ်သည်
အာဏာတည်သောက်ရေး အရင်းအမြစ်များ မရှိခဲ့သည်နှင့် အာဏာ
စနစ်က ပြိုလဲသွားမှာဖြစ်သည်။ နိုင်ငံရေးအတိုက်အခံပြုရန် မဟာ
ဗျူဟာတွင် အာဏာရှင်၏ အာဏာအရင်းအမြစ်ကို မည်ကဲ့သို့
တူးဆွပြိုလဲမည်လဲဆိုခြင်းက အဓိကအရေးကြီးသောအချက်
ဖြစ်လေသည်။

## လွှတ်လပ်မှုအရှိန်အဟုန်မြှင့်တင်ခြင်း

နိုင်ငံရေးတိုက်ပွဲဝင်ကာလအတွင်း လူမှုရေး၊ စီးပွားရေ
ယဉ်ကျေးမှု နိုင်ငံရေးအသင်းအဖွဲ့အသီးသီး၏ လုပ်ပိုင်ခွင့်များ
ကြီးထွားလာခြင်းဖြင့် အာဏာရှင်၏ တန်ခိုးသြဇာက အားနည်

လာမည်ဖြစ်သည်။ ဒီမိုကရေစီအင်အားစုတို၏ နယ်ပယ်ကို ချဲ့ထွင်ခြင်းဖြင့် အာဏာရှင်၏ နယ်ပယ်ကို ကျဉ်းမြောင်းသွားစေမည်ဖြစ်သည်။ ယင်းသို့ ပြည်သူ၏ လွတ်လပ်မှုနယ်ပယ် တိုးချဲ့ထားခြင်းကို အာဏာရှင်က ပိတ်ပင်လာခဲ့သော် အကြမ်းမဖက်သော နည်းနှင့် ရင်ဆိုင်ပါ။ ထိုအခါ အာဏာရှင်သည် နောက်စစ်မျက်နှာတစ်ခုကို ရင်ဆိုင်ရတော့မှာဖြစ်သည်။ ဝေါ်လွန်ရေးအင်အားစုများနှင့် အသင်းအဖွဲ့များက ပူးတွဲလှုပ်ရှားလျှင် အာဏာရှင်စနစ်က ပြိုလဲပြီး ပြည်သူ့အာဏာနယ်ပယ်က ပြင်းဆန်၍ မရှုအောင်ဖြစ်လာပါလိမ့်မည်။ လူ့အဖွဲ့အစည်းအတွင်း၌ နိုင်ငံရေးအာဏာဆက်ဆံမှုပုံစံက ပြောင်းလဲလာပြီမို့ပဲဖြစ်သည်။

၁၉၇၀-နှစ်များ၊ ၁၉၈၀-နှစ်များအတွင်းက ပိုလန်နိုင်ငံ၏ နိုင်ငံရေးအခြေအနေများသည် လူ့အဖွဲ့အစည်းနှင့် အသင်းအဖွဲ့များ၏ တိုးတက်ပြောင်းလဲမှုကို ပြသည့် သာဓကတွေပဲဖြစ်သည်။ ကက် သလစ်ကျောင်းတော်သည် နှောင့်ယှက်ခြင်းခံရစေကာမူ ကွန်မြူနစ် တို့လက်အောက်သို့ မရောက်ခဲ့ပါ။ ၁၉၇၆-ခုနှစ်တွင် ပညာတတ် များနှင့် အလုပ်သမားများက "အလုပ်သမားကာကွယ်ရေးကော်မတီ" ကို ဖွဲ့စည်းခဲ့ကြသည်။ ပိုလန်အလုပ်သမားသမဂ္ဂ(***Solidarity***) သည် အလုပ်သမားထု၏ ထောက်ခံမှုရရှိပြီး ၁၉၈၀ တွင်

တရားဝင် ဖြစ်လာခဲ့သည်။ လယ်သမားများ၊ ကျောင်းသားများနှင့် အခြားလူတန်းစားများကလည်း သူတို့၏ သီးခြားလွတ်လပ်သော အဖွဲ့များကို ဖွဲ့လာခဲ့ကြသည်။ ပိုလန်ကွန်မြူနစ်အစိုးရသည် ဤ အသင်းအဖွဲ့များက သူတို့၏အာဏာကို ခြိမ်းခြောက်မှု ပြုလာသည်ကို သိသောအခါ ဆိုလီဒရတီသမဂ္ဂကို ပိတ်ပစ်ပြီး စစ်အုပ်ချုပ်ရေးနှင့် အုပ်ချုပ်ခဲ့သည်။ စစ်အုပ်ချုပ်ကာလအတွင်း မည်သို့သော ဖမ်းဆီးနှိပ်ကွပ်မှုတွေ ပြုစေကာမူ လွတ်လပ်သော သီးခြားအဖွဲ့အစည်းများ ပေါ်ပေါက်လာခဲ့သည်။ ဒါဇင်ပေါင်းများစွာသော တရားမဝင် သတင်းစာ၊ မဂ္ဂဇင်းတွေကို ပုံနှိပ်ထုတ်ဝေကြသည်။ တရားမဝင်စာအုပ်တွေ ထုတ်ဝေလာသည်။ ထင်ရှားသော စာရေးဆရာများက ကွန်မြူနစ်ပါတီနှင့် အစိုးရထုတ်ဝေရေးကို သပိတ်မှောက်ခဲ့ကြသည်။ အလားတူ လှုပ်ရှားမှုအသစ်များက လူ့အဖွဲ့အစည်းတွင်းမှာ ဆက်လက်ပေါ်ပေါက်လာခဲ့သည်။

ထိုအခါ ပိုလန်ကွန်မြူနစ်အစိုးရသည် လူ့အဖွဲ့အစည်း၏ အပေါ်တွင် ဆောက်တည်ရာမရ ဖြစ်ရတော့သည်။ အစိုးရရုံးများတွင် အာဏာပိုင်များ ရှိနေသည်။ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကို ဖမ်းဆီးထောင်ချ နှိပ်ကွပ်မှုများ ပြုသည်။ သို့သော် အာဏာရှင်သည် လူ့အဖွဲ့အစည်းကို မထိန်းချုပ်နိုင်၊ ဒါကို ကြည့်၍ အာဏာရှင်

ကို လုံးဝဖြုတ်ချနိုင်ရန် အချိန် အကန့်အသတ်တစ်ခုသာရှိသည်ကို သိနိုင်သည်။

အာဏာရှင်သည် အစိုးရတူသော အနေအထားတွင် ရှိနေလင့်ကစား တစ်ခါတစ်ရံတွင် စစ်ပြိုင်အစိုးရတစ်ရပ်ကို ဖွဲ့စည်းနိုင်ဖို့ရာ ဖြစ်လာသည်။ ပြည်သူနှင့် အသင်းအဖွဲ့များက ဒီမိုကရေစီနိုင်ငံရေး အတိုက်အခံအင်အားစုနှင့် ပူးပေါင်းပါဝင်လာရန်သာ အဓိကဖြစ်သည်။ ဒီမိုကရေစီစနစ်သို့ အကူးအပြောင်းကာလတွင် ယင်းစစ်ပြိုင်အစိုးရသည် အာဏာရှင်အစိုးရကို အစားထိုး နေရာယူရမည်ဖြစ်သည်။ ယင်းအလွှင် ကူးပြောင်းရေးကာလတွင် ဖွဲ့စည်းပုံရေးဆွဲအတည်ပြု ရွေးကောက်ပွဲများ ကျင်းပရမည်ဖြစ်သည်။

## အာဏာရှင်စနစ်ကို ချေမှုန်းသစ်ခြင်း

နိုင်ငံရေးအတိုက်အခံပြုမူဆွဲ အဖွဲ့အစည်းတွေ ပါဝင်လာပြီး အာဏာရှင်နှင့် မပူးပေါင်းရေး အချိန်အတန်ကို မြှင့်တင်လာနိုင်သည်နှင့် လူထုတော်လှန်ရေးပုံသဏ္ဌာန် ဖြစ်လာအောင် ဒီမိုကရေစီအင်အားစု မဟာဗျူဟာ ရေးဆွဲသူတို့က တွက်ဆလုပ်ကိုင်ကြရမည်။ အချို့သော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အချိန်ကာလ နှစ်များစွာ ရယူရန် လိုအပ်သည်။ ဤကာလများတွင် နိုင်ငံရေး

ရည်မှန်းချက်တစ်ခုပြီးတစ်ခု ရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်။ လူထုလူတန်းစား အလွှာအသီးသီးက ပါဝင်လာရန် လိုအပ်သည်။ ဆုံးဖြတ်ချက် ပြတ်သား၍ စည်းကမ်းသေဝပ်သော နိုင်ငံရေး အတိုက်အခံအင်အားစုများ၊ ဖွဲ့စည်းနေထိုက် အာဏာရှင်တို့၏ အားနည်းချက်များ တိုးပွားလာလိမ့်မည်။

အင်အားကောင်းသော နိုင်ငံရေးအတိုက်အခံများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ပူးပေါင်းမှုက ဒီမိုကရေစီအင်အားစုအပေါ် နိုင်ငံတကာ၏ အာရုံစိုက်မှုကို ဖြစ်လာစေလိမ့်မည်။ ယင်းကနေ အာဏာရှင်တို့အား နိုင်ငံတကာကနေ သံတမန်စီးပွားကုန်သွယ်ရေး အရ အရေးယူပိတ်ဆို့မှုများ ဖြစ်လာမည်။ မဟာဗျူဟာရေးဆွဲသူတွေ သတိထားရန်မှာ တချို့သော အာဏာရှင်စနစ် ပြိုလဲမှုသည် အရှေ့ ဂျာမနီမှာလို အလွန်လျင်မြန်သည်။ မဟာဗျူဟာစီမံကိန်း ရေးဆွဲသူ တို့သည် ကာလတိုအတွက် ရေးဆွဲသလို ကာလရှည်အတွက်လည်း ရေးဆွဲထားသင့်သည်။ အောင်ပွဲရသောအခါတွင် တိုက်ပွဲဝင်ခဲ့သူ တို့ကို အသိအမှတ်ပြု ချီးကျူးသင့်သည်။

## အောင်ပွဲတာဝန်ကို ကိုင်တွယ်ခြင်း

မဟာဗျူဟာကို ရေးဆွဲသူများသည် နိုင်မြဲသော ဒီမိုကရေစီ

စနစ်ကို ထူထောင်ခြင်းဖြင့် နောက်အာဏာရှင်စနစ်တစ်ခု ပေါ်မလာစေရန် ကာကွယ်ကြရမည်။ တိုက်ပွဲပြီးလျှင် အသွင်ကူးပြောင်းရေးကာလအတွင်း၌ အာဏာရှင်ထံမှနေ၍ မည်ကဲ့သို့ အာဏာလွှဲပြောင်းယူမလဲဆိုခြင်းကို တွက်ချက်ရမည်။ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်ကို လျှင်မြန်စွာ ထူထောင်ကြရမည်။ အရင်အစိုးရဟောင်း၏ လုပ်ပုံကိုင်ပုံကို လေ့လာ၍ အစိုးရဟောင်းက အသုံးချခဲ့သော လျှို့ဝှက်ရဲအဖွဲ့ကို ဖျက်ပစ်ရမည်။ ယင်းရဲအဖွဲ့သည် ဒီမိုကရေစီ လှုပ်ရှားမှုကို ဆန့်ကျင်သည်။ ဒီမိုကရေစီအစိုးရသစ်က အာဏာရှင်စနစ်ကျန်းက အာဏာပိုင်တွေကို ဘာလုပ်မည်လဲ။ ခုံရုံးတင်မလား သို့မဟုတ် တိုင်းပြည်ကနေ ထွက်ခွာသွားခိုင်းမလား။ သွေးထွက်သံယိုဖြစ်စေမှုတွေကို ဒီမိုကရေစီအစိုးသစ်က ရှောင်ရှားရမည်။ အာဏာရှင်ကအားနည်းနေစဉ် ပြိုလဲသွားစဉ် အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို ကြိုတင်ရေးဆွဲထားခြင်းဖြင့် အဖြူးတစ်ဖွဲ့က အာဏာသိမ်းမှုမျိုးကို ကြိုတင်ဟန့်တားထားရမည်။ ဒီမိုကရေစီအစိုးရတစ်ရပ် ဖွဲ့ဖို့ရန် အခြေခံအကျင်းကို ကြို၍ ရေးဆွဲထားရမည်။ လူတစ်ဦးချင်းစီ တစ်ဖွဲ့ချင်းစီ၏ လွတ်လပ်မှု ရစေရမည်။ ကြိုတင်စီမံကိန်း မရှိရာကနေ ဆုံးရှုံးမှုဖြစ်ခြင်းမျိုး မရှိစေသင့်ပါ။ ပြည်သူတစ်ရပ်လုံးကသာ နိုင်ငံရေးအတိုက်အခံပြုသော တိုက်ပွဲတွင် ပါဝင်လာပါက အာဏာ

ရှင်တို့ မခံနိုင်တော့ဘဲ ပြည်သူ့စစ်ရှေ့မှောက်တွင် ပြိုလဲရတော့သည်။

အောင်ပွဲတိုင်းသည် အထူးသဖြင့် လွယ်ကူစွာ မရနိုင်ပါ။ လျှင်လျှင်မြန်မြန်လည်း မဖြစ်နိုင်၊ စစ်တိုက်သောအခါ နိုင်တာရှိသလို ရှုံးတာလည်းရှိသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံရေးတိုက်ပွဲတမှု အောင်ကို အောင်ရမည်။ ကြီးမားသော မဟာဗျူဟာ၊ မဟာဗျူဟာ တစ်ခုချင်းစီကို စီမံကိန်းချ အကောင်အထည်ဖော်မှု ကြိုးစားအားထုတ်မှု ရဲရင့်သောတိုက်ပွဲဝင်မှုတွေနှင့်ဆိုလျှင် နိုက်ကရေစီအောင်ပွဲကို အသေအချာရမှာဖြစ်သည်။

❖ ❖ ❖ ❖ ❖

## အခန်း(၁၀)

# ခိုင်မြဲသောဒီမိုကရေစီအတွက် အခြေခံအုတ်မြစ်

အာဏာရှင်စနစ်ကို ဖြိုခွဲနိုင်ခြင်းသည် အောင်မြင်မှုတစ်ရပ် ဖြစ်သည်။ နှစ်လရှည်ကြာ ဖိနှိပ်ခံခဲ့ရသော ပြည်သူတွေအတွက် ထိုက်တန်စွာ ရသောဆုလာဘ်ဖြစ်ပြီး စိတ်သက်သာရာရ၍ ပျော်ရွှင်ကြရသော ကာလလည်းဖြစ်သည်။ ပြည်သူသည် ဂုဏ်ယူဝံ့ကြွား ပြီး တိုက်ပွဲဝင်ခဲ့သူတို့နှင့်အတူ နိုင်ငံရေးလွတ်လပ်မှု အောင်ပွဲကို ရရှိခြင်းဖြစ်သည်။ ဤအောင်ပွဲနေ့မြင်ကွင်းကို အားလုံးကမှ မမြင်ရတော့၊ တိုက်ပွဲဝင်ရင်း ကျဆုံးခဲ့ရသူတွေကို သူရဲကောင်းအဖြစ် ပြန်ပြောင်းအောင့်မေ့ကြရသည်။ သူတို့၏နိုင်ငံ လွတ်မြောက်ရေး သမိုင်းကို ပုံဖော်ခဲ့ကြသော ဒီမိုကရေစီသူရဲကောင်းများပဲဖြစ်သည်။ သို့သော် ဤကြီးပမ်းအားထုတ်မှုကို လက်လျှော့ပစ်ရမည့်အချိန် မဟုတ်သေး။ အာဏာရှင်စနစ်ဟောင်းတစ်ခု ပြိုလဲသွားခဲ့ရာက ယင်း၏ နေရာတွင် အာဏာရှင်အသစ်တစ်ရပ်က ဝင်ရောက်နေရာ မယူနိုင်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ကြရမည့် အချိန်ဖြစ်သည်။ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလအတွက် ဒီမိုကရေစီအင်အားစုတို့က ကြိုတင်ပြင်ဆင်ကြရမည်။ အာဏာရှင် ယန္တရားကို ဖြိုလှဲပစ်ဖို့ရန် လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲ၍ ဥပဒေ၏အခြေခံတွေကို တည်ဆောက်ကာ ခိုင်မြဲသော ဒီမိုကရေစီအုတ်မြစ်တွေ ချမှတ်ဖို့ လိုအပ်နေသည်။ အာဏာရှင်

စနစ်က ပြိုလဲသွားပြီး စံပြလူ့အဖွဲ့အစည်းတစ်ခု ပေါ်ပေါက်လာမည်ဟု မည်သူကမှ ယုံကြည်ခြင်း မရှိခဲ့ပါ။ လူ့အခွင့်အရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းနိုင်ဖို့ရန် နှစ်ပေါင်းများစွာ ကြိုးစားရဦးမည်။ ကြီးမားသော နိုင်ငံရေးစီးပွားရေး လူမှုရေးပြဿနာတွေကို ဖြေရှင်းရန် ကျန်နေသေးသည်။ အနာဂါတ်ပြဿနာများကို ဖြေရှင်းနိုင်ရန် နိုင်ငံရေးစနစ်သစ်က ပြည်သူအား အတွေးအခေါ်လွတ်လပ်ခွင့် လုပ်ပိုင်ခွင့်တွေကို ပေးအပ်ရမည်ဖြစ်သည်။

## အာဏာရှင်စနစ်သစ်၏ ခြိမ်းခြောက်မှု

ဂရိတွေးခေါ်ပညာရှင် အရစ္စတိုတယ်က ပြောခဲ့ဖူးသည်။ "မင်းဆိုးမင်းညစ်ကခေ မင်းညစ်မင်းဆိုးဆီသို့ ကူးပြောင်းသွားနိုင်သည်" ဟူသော သာဓကအနေနှင့် ပြင်သစ်တွင် ဂျက်ကိုဘင်ထံကနေ နပိုလီယံဆီသို့ ရုရှားတွင် ဗော်ရှီဗစ်များ၊ အီရန်တွင် အယာတိုလာ ခိုမေနီနှင့် မြန်မာပြည်တွင် နဝတ စစ်အစိုးရတို့ဖြစ်သည်။ ဖိနှိပ်အုပ်ချုပ်သော အုပ်ချုပ်ရေးတစ်ခု ပြိုလဲသွားခြင်းကို အချို့သော ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများက မြင်တွေ့ခဲ့ပြီး အာဏာရှင်အသစ်အဖြစ် အစားထိုး နေရာယူရန် သူတို့က အခွင့်အရေး ရသွားခြင်းဖြစ်သည်။ ဤလုပ်ရပ်ကတော့ မတူကွဲပြား ခြားနားသည်။ သို့သော်

ရလဒ်ကမူ အရင်အာဏာရှင်အဟောင်းတုန်းကအတိုင်းပဲဖြစ်သည်။ အာဏာရှင်အသစ်သည် အာဏာရှင်အဟောင်းထက်ပင် ပို၍ ရက်စက်ကြမ်းကြုတ်ကာ ဖိနှိပ်ချုပ်ကိုင်မှုတွင် ပို၍ပင် ပြင်းထန်လိမ့်ဦးမည်။ အာဏာရှင်စနစ်ဟောင်းက လုံးဝမပြိုလဲခင်မှာကတည်းက ယင်းစနစ်ဟောင်း အာဏာပိုင်တို့က ဒီမိုကရေစီအင်အားစုများအား နည်းသွားစေရေးကို ကြိုးပမ်းလုပ်ဆောင်နိုင်သည်။ ပြည်သူ့တော်လှန်ရေး အောင်ပွဲကို အာဏာသိမ်းရန် ကြိုးစားခြင်းဖြင့် လက်ဝါးကြီးအုပ် လွှမ်းမိုးမည်။ အာဏာရှင်အဟောင်းကိုကား ဖြုတ်ချနိုင်ခဲ့ပါ၏။ သို့သော် ယင်းကိုအသစ်မွမ်းမံသော အာဏာရှင်စနစ်သစ်တစ်ခုက အစားထိုးဝင်ရောက်လာတော့သည်။

## အာဏာသိမ်းခြင်းကို ပိတ်ဆို့ဟန့်တားခြင်း

အသစ်လွတ်မြောက်လာသော လူ့အဖွဲ့အစည်းအား ဆန့်ကျင်သော အာဏာသိမ်းမှုကို ဟန့်တားပိတ်ဆို့ရန် နည်းလမ်းများရှိသည်။ ကြိုတင်ပြင်ဆင်မှုသည် ကြိုတင်ကာကွယ်ခြင်းပဲဖြစ်သည်။ အာဏာသိမ်းမှု စတင်သည်ဆိုသည်နှင့် ယင်းအာဏာသိမ်းသူတို့၏ လိုအပ်ချက်သည် သူတို့အား တရားဝင် အသိအမှတ်ပြုမှုနှင့် အုပ်ချုပ်ခွင့်ရစေဖို့ ဂုဏ်သိက္ခာနှင့် နိုင်ငံရေးအခွင့်အရေးပဲဖြစ်သည်။

အာဏာသိမ်းမှု တားမြစ်နိုင်ရေးအတွက် ပထမဆုံးသော အခြေခံမှုမှာ ယင်းအာဏာသိမ်းသူတို့ကို အသိအမှတ်မပြုရေးဘဲဖြစ်သည်။ အာဏာသိမ်းသူတို့သည် အရပ်ဘက်ခေါင်းဆောင်များနှင့် လူထု၏ ထောက်ခံမှုကိုလည်း လိုအပ်သည်။ ပညာရှင်တွေ အကြံပေး ပုဂ္ဂိုလ်တွေ၏ ပူးပေါင်းပါဝင်မှုကိုလည်း အာဏာသိမ်းသူတို့က လိုအပ်နေတာဖြစ်သည်။ ဗြူရိုကရက်တွေ၊ ပြည်သူ့ဝန်ထမ်းတွေ၊ အုပ်ချုပ်ရေးသမားတွေ တရားသူကြီးတွေ၏ ပူးပေါင်းပါဝင်မှုကို ဝရည်းကာ လူ့အဖွဲ့အစည်းကို အုပ်ချုပ်နိုင်ဖို့ဖြစ်သည်။ အလားတူ သူတို့ပေးသော အမိန့်ကို နာခံ၍ မူဝါဒတွေကို အကောင်အထည် ဖော်ရန်အတွက် နိုင်ငံရေးစနစ်ကို ပံ့ပိုးပေးမည့်သူတွေ၊ အသင်းအဖွဲ့တွေ၊ ရဲနှင့်စစ်တပ်တို့၏ ပါဝင်ပူးပေါင်းမှုကိုလည်း အာဏာသိမ်းမည့်သူတွေက လိုအပ်တာဖြစ်သည်။

ဒုတိယအချက်အနေနှင့် ယင်းအာဏာသိမ်းအဖွဲ့ကို ဆန့်ကျင်၍ မပူးပေါင်းခြင်းနှင့် အတိုက်အခံပြုခြင်းပဲဖြစ်သည်။ မူလပထမ အာဏာရှင်ကို ဖြုတ်ချခဲ့စဉ်က သုံးခဲ့သော နည်းတွေအတိုင်းပင် အာဏာရှင်အသစ် အဖွဲ့အစည်းကို တန့်တားရာ၌ အသုံးပြုရမည် ဖြစ်သည်။ သို့သော် နှောင့်နှေးနေ၍မရ၊ ချက်ခြင်းအကောင်အထည် ဖော်ရမည်။ တရားဝင်မှုနှင့် ပူးပေါင်းပါဝင်မှုတို့ကို ငြင်းပယ်ခံရ

သည်နှင့် ယင်းအာဏာသိမ်းရန် ကြိုးစားသော အဖွဲ့သည် နိုင်ငံရေး အတရေးတော်ပုံမှတ်ချမ်းပါကော ဒီမိုကရေစီ လူ့အဖွဲ့အစည်း ဖွဲ့စည်း ရန် တစ်ဖန် အခွင့်အလမ်းသောလာမည်ဖြစ်သည်။

## ဖွဲ့စည်းပုံမူကြမ်းရေးဆွဲရေး

စနစ်သစ်ဒီမိုကရေစီစနစ်သည် ဒီမိုကရေစီအစိုးရတစ်ရပ် ဖွဲ့စည်းမှုဆောင်ပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို လိုအပ် မည်ဖြစ်သည်။ ယင်းဖွဲ့စည်းပုံတွင် အစိုးရအဖွဲ့၏ ဦးတည်ချက် အစိုးရအာဏာကို ကန့်သတ်မှု၊ အစိုးရအာဏာပိုင်များနှင့် ဥပဒေပြု လွှတ်တော်အမတ်များ ရွေးချယ်ရေးအတွက် အချိန်ကာလနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြည်သူတို့၏ ရပိုင်ခွင့်၊ ပင်မအစိုးရအဖွဲ့ ကြီးနှင့် အသင့်နိမ့်အစိုးရအဖွဲ့များအကြား ဆက်ဆံရေး စသည်တို့ ပါဝင်ရမည်ဖြစ်သည်။

ဗဟိုအစိုးရအဖွဲ့တွင် တရားဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့၏ အခန်းကဏ္ဍများကို ရှင်းလင်းစွာ ပိုင်းခြား ခွဲဝေထားရမည်ဖြစ်သည်။ ရဲ၊ ထောက်လှမ်းရေးနှင့် စစ်တပ်တို့၏ လှုပ်ရှားမှုတို့သည် နိုင်ငံရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း မပြုနိုင် စေရန် အသေအချာ ကန့်သတ်မှုတွေ ပါဝင်ရမည်ဖြစ်သည်။ ဒီမို

ကရေစီစနစ်ကို အကောင်အထည်ဖော်ရန်အလို့ငှာ ဖွဲ့စည်းပုံသည် ဖက်ဒရယ်ပြည်ထောင်စုမှုကို အကောင်အထည်ဖော်ရမည်ဖြစ်ပြီး ဒေသများ၊ ပြည်နယ်များနှင့် ဗဟိုအစိုးရတို့၏ လုပ်ပိုင်ခွင့်များ ခွဲဝေပိုင်းခြားမှုကို သိသာထင်ရှားစွာ ထည့်သွင်းရေးဆွဲရမည်။ ဆွစ်ဇာလန်နိုင်ငံတွင် သေးငယ်သော ဒေသလေးများသည် ယင်းနိုင်ငံ၏ အစိတ်အပိုင်းဖြစ်စေကာမူ လုပ်ပိုင်ခွင့်အာဏာများကို ရရှိထားသည်။ ယခင်တုန်းက ယင်းနိုင်ငံတွင် ဒီမိုကရေစီနည်းကျ ဖွဲ့စည်းပုံရှိခဲ့ပါကလည်း ယင်းဖွဲ့စည်းပုံကိုပင် လက်ရှိ နိုင်ငံရေးအခြေအနေနှင့်အညီ ပြင်ဆင်ဖြည့်စွက်အသုံးပြု၍လည်း ရနိုင်သည်။ ဖွဲ့စည်းပုံအသစ်ကို အချိန်ယူ၍ အလေးအနက်ထားကာ စဉ်းစားရေးဆွဲသင့်သည်။ ဖွဲ့စည်းပုံအသစ်ကို ပြင်ဆင်ရေးဆွဲရာတွင် ပြည်သူများပါဝင်ရေးဆွဲဖို့ရန် လိုအပ်သည်။ အနာဂတ်တွင် အကောင်အထည်ဖော်ရန် မဖြစ်နိုင်သော ကိစ္စများကို မထည့်သွင်းရန်လည်း လိုအပ်သည်။ ဗဟိုဦးစီးစနစ် အစိုးရပုံစံမျိုးကို ထည့်သွင်းရေးဆွဲပါက အာဏာရှင်အသစ်တစ်ခု ဖြစ်လာနိုင်သည်။ ဖွဲ့စည်းပုံရေးဆွဲရာတွင် အသုံးပြုသော စကားလုံးများ၏ ဝေါဟာရများသည် လူများစုက နားလည်လွယ်ရမည်ဖြစ်သည်။ ဥပဒေပညာရှင်များသာ နားလည်နိုင်မည့် အသုံးအနှုန်းမျိုးတွေနှင့် မရေးဆွဲသင့်ပါ။

## ဒီမိုကရေစီနည်းကျ ကာကွယ်ရေးအနှစ်

လွှတ်မြောက်ကာစ နိုင်ငံသည် ပြည်ပအန္တရာယ်တွေ ရှိရ တတ်သည်။ ထို့ကြောင့် ကာကွယ်ရေးမူဝါဒတစ်ရပ် လိုအပ်သည်။ စီးပွားရေး၊ နိုင်ငံရေး၊ စစ်ရေးအရ လက်ဝါးကြီးအုပ် စိုးမိုးရေး ပြည်ပက ခြိမ်းခြောက်မှု ပြုလာနိုင်သည်။ ပြည်တွင်းဒီမိုကရေစီ စနစ်ကို ထိန်းသိမ်းထားနိုင်ရန် အလို့ငှာ အမျိုးသားကာကွယ်ရေး လုပ်ငန်းစဉ်၌ အာဏာရှင်ကို အတိုက်အခံပြုခဲ့သော နိုင်ငံရေးအင်အား စုကို ထည့်သွင်းတည်ဆောက်ရန် လိုအပ်သည်။ တော်လှန်ရေး စွမ်းရည်ကို နိုင်ငံသားတို့၏ လက်ထက်၌ တိုက်ရိုက်ထည့်ထား လိုက်ခြင်းဖြင့် ဒီမိုကရေစီစနစ်ကို ခြိမ်းခြောက်နိုင်စွမ်းရှိသော အင်အား တောင့်တင်းသည့် စစ်တပ်ဖွဲ့စည်းခြင်းကနေ ရှောင်ရှားနိုင်မည် ဖြစ်သည်။ အချို့အစုအဖွဲ့များက အာဏာရှင်အသစ် ဖြစ်လာရေး ဖွဲ့စည်းပုံလုပ်ထုံးလုပ်နည်းတွေကို ပစ်ပယ်ကောင်း ပစ်ပယ်လာ နိုင်သည်။ ထို့ကြောင့် ဒီမိုကရေစီစနစ် တည်ဆောက်ရန် ဒီမိုကရေ လုပ်ထုံးလုပ်နည်းများ ထိန်းသိမ်းရန်အလို့ငှာ အာဏာရှင်စနစ်ကို ဆန့်ကျင်သော အင်အားစုများအဖြစ် ပြည်သူတစ်ရပ်လုံးကို ပံ့ပိုး ပေးရန် လိုအပ်သည်။

## ချီးမွမ်းထိုက်သောတာဝန်ထမ်းဆောင်မှု

အကြမ်းမဖက်သော နိုင်ငံရေးတိုက်ပွဲသည် အာဏာရှင်ကို ဖယ်ရှားပြီး ဖိနှိပ်မှုကို တွန်းလှန်ခဲ့သည်။ ဤတိုက်ပွဲဝင်မှုက တစ်ကြိမ်တုန်းက မိမိတို့သည် နိုင်ငံရေးစစ်တုရင်ခုံပေါ်က နယ်ရုပ်ကလေးများသာဖြစ်သည်ဟု ခံစားရသော ပြည်သူတို့အား ကြိုးစားအားထုတ်မှု၏ ရလဒ်ကို ခံစားစေကာ ကြီးမားသော လွတ်လပ်မှုနှင့် တရားမျှတမှုကို ရရှိစေရမည်ဖြစ်သည်။ ဤတိုက်ပွဲဝင်အတွေ့အကြုံသည် ပြည်သူအား မိမိကိုယ်ကို အားကိုးမှု၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းတည်းဟူသော စိတ်ဓာတ်ပိုင်းဆိုင်ရာ စွမ်းရည်ဖြစ်စေသည်။ အကြမ်းမဖက်သောနည်းနှင့် နိုင်ငံရေးတိုက်ပွဲဝင်ခဲ့ပြီး ဒီမိုကရေစီအစိုးရကို ထူထောင်နိုင်မှု၏ အကျိုးဆက်မှာ ရေရှည်တွင် တွေ့ကြုံရမည့် ပြဿနာများကို ကိုင်တွယ်ရှင်းနိုင်စွမ်း ရှိလာမည်ဖြစ်သည်။ အနာဂတ်တွင် တွေ့ကြုံနိုင်သည့် ပြဿနာများဟူသည် အစိုးရက အာဏာအလွဲသုံးစားပြုမှု၊ အဂတိလိုက်စားမှု အဖွဲ့အစည်းတစ်ခုခုက မတရားပြုမှု၊ ဒီမိုကရေစီ လူ့အခွင့်အရေးများကို အကန့်အသတ်ပြုမှု စသည်တို့ပင်ဖြစ်သည်။ အာဏာရှင်စနစ် ဆန့်ကျင်ရေးလူထု၏

လှုပ်ရှားမှုများသည် အနာဂတ်အာဏာရှင်ဖြစ်မှုကို အတန့်အတား ပြုနိုင်သည်။

အကြမ်းမဖက်သော တိုက်ပွဲဝင်မှုနှင့် အလေ့အကျင့်ရှိသော ဖြစ်နေပြီဖို့လည်း လွတ်မြောက်ပြီးကာလတွင် ဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေး၊ လူထုလွတ်လပ်စွာ လှုပ်ရှားမှု လူ့နည်း အခွင့်အရေးကာကွယ်မှုတို့အတွက် အစိုးရနှင့် အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာ ဆောင်ရွက်နိုင်တော့မည် ဖြစ်သည်။ ပြည်သူနှင့် အသင်းအဖွဲ့များသည် ငြိမ်းချမ်းစွာ လှုပ်ရှား ဆောင်ရွက်ရေး အလေ့အကျင့်ကို ပျိုးထောင်စိုက်ထူပြီးဖြစ်ပို့လည်း တစ်ခါတစ်ရံ အတိုက်အခံ အင်အားစုက အကြမ်းဖက်တိုက်ခိုက်မှု ပြောက်ကျားစစ်ဆင်နွှဲမှုမျိုး ဖြစ်လာဖို့ရန် မရှိတော့ပါ။

ဤမည်သော နိုင်ငံရေးအတိုက်အခံပြုမှုနှင့် အကြမ်းမဖက် သော တိုက်ပွဲဝင်နည်းလမ်းများကို ဆန်းစစ်သော အတွေးအခေါ် သည် အာဏာရှင်စနစ်ကို ဖယ်ရှားလိုသော ပြည်သူနှင့် လူထု အခြေပြုအဖွဲ့အစည်းများအတွက် များစွာအထောက်အကူပြုမည် ဖြစ်သည်။ ဒီတင်မကပါ လူမှုအဖွဲ့အစည်းကို တိုးတက်ခိုင်မြဲစေမည်။ လူ့အခွင့်အရေးနှင့် ခိုင်မြဲသော ဒီမိုကရေစီစနစ်ထူထောင်နိုင်ရေး အတွက်ပါ အကျိုးဖြစ်စေပါလိမ့်မည်။

ခြုံ၍ တင်ပြရလျှင် ဤစာအုပ်တွင် အချက်သုံးချက် ပါဝင်သည်။

- အာဏာရှင်စနစ်မှ လွတ်မြောက်ရေးသည် ဖြစ်နိုင်သည်။
- ယင်းရည်မှန်းချက်ကို ရရှိစေရန် အသေအချာ တွေးခေါ် သုံးသပ်၍ မဟာဗျူဟာကျကျ စီမံကိန်းရေးဆွဲလုပ်ဆောင်ရန် လိုအပ်သည်။
- သတိ ဝီရိယ ရှိရမည်။ ကျားကုတ်ကျားခဲ ကြိုးပမ်းအားထုတ်ရမည်။ စည်းကမ်းသေဝပ်ရမည်။

စသောတန်ဖိုးကြီးကြီး ပေးဆပ်ရန် လိုအပ်သည်။

ဆိုရိုးစကားရှိသည်။ "လွတ်မြောက်မှုခေါ်ခြင်းက လွတ်လပ်မှု မရှိ" (***Freedown is not Free***)။ မည်သည့်ပြင်ပအင်အားစု ကမျှ အဖိနှိပ်ခံ ပြည်သူထံလာ၍ လွတ်မြောက်မှုကို ပေးအပ်မည် မဟုတ်။ ကိုယ်ထူကိုယ်ထ ကြိုးစားရမည်။ လွယ်လင့်တကူနှင့်ကား လွတ်မြောက်မှုကို မရနိုင်ပါ။ ပြည်သူသည် မိမိတို့ အလိုရှိရာ လွတ်မြောက်မှုကို ရရှိပြီဆိုလျှင် ယင်းလွတ်မြောက်မှုကို မည်ကဲ့သို့သောနည်းနှင့် ခိုင်မြဲအောင် ထိန်းသိမ်းထားနိုင်မည်လဲဆိုခြင်း ကိုလည်း သုံးသပ်ရန် လိုအပ်သည်။ ဒီမိုကရေစီ အစီအစဉ်သစ်ကို တည်ဆောက်ပြီး ကာကွယ်ဖို့ရန်လိုသည်။ ဤကဲ့သို့သောနည်းနှင့်

ရရှိသော လွတ်မြောက်ရေးက ပိုမြဲနိုင်သည်။ ဇွဲ လုံ့လ ဝီရိယ ကြီးမားသော ဖြည်သူကသာ ဤလွတ်မြောက်မှုကို ထိန်းသိမ်း၍ ကြီးထွားဖွံ့ဖြိုးမှုဖြစ်စေနိုင်မည် ဖြစ်ပါသည်။

**ကိုဝင်း - မြန်မာမြန်သည်**